


# ကိုဗစ်–၁၉ ကပ်ရောဂါကိုရင်ဆိုင်ရှင်သန်ခြင်းနှင့်

# ကလေးများ၏မျှော်လင့်ချက်များ

covid collective
SOCIAL SCIENCE RESEARCH FOR COVID-19 ACTION

Terre des hommes
Helping children worldwide.

covid collective
SOCIAL SCIENCE RESEARCH FOR COVID-19 ACTION

Terre des hommes
Helping children worldwide.

# ကိုဗစ်–၁၉ ကပ်ရောဂါကိုရင်ဆိုင်ရှင်သန်ခြင်းနှင့် ကလေးများ၏မျှော်လင့်ချက်များ

၂၀၂၃ ခုနှစ် ဇွန်လ

Terre des hommes
ကူညီဖေးမ ကလေးများရဲ့ဘဝ

# တီဒီအိတ်ခ်ျ ဖောင်ဒေးရှင်း

Terre des hommes (Tdh) သည် ဆွစ်ဇာလန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို ဦးဆောင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ၁၉၆၀ ခုနှစ်ကတည်းက လျာထားသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးဒုက္ခများအတွက် လူသားချင်းစာနာထောက်ထားမှု စီမံချက်များကို ချမှတ်လုပ်ဆောင်နေသည်။ ထိုသို့လုပ်ဆောင်ရာတွင် သက်ဆိုင်သူအသီးသီးတို့ဖြင့် ကွန်ရက်ဖွဲ့ချိတ်ဆက်လုပ်ကိုင်၍ ကမ္ဘာပေါ်ရှိထိခိုက်လွယ်သော ကလေးသူငယ်သန်းပေါင်းများစွာ၏ ဘဝများကို ပိုမိုတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့သည်။ ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးစီမံချက်များမှတဆင့် နှစ်စဉ်နှစ်တိုင်း နိုင်ငံပေါင်း (၃၀)ကျော်မှ ကလေးသူငယ် (၅)သန်းကျော်နှင့် ၎င်းတို့၏မိသားစုများကို အကူအညီများပေးအပ်လျက်ရှိပါသည်။

Tdh သည် မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစ၍ စီမံချက်များကိုစတင်လုပ်ဆောင်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှစ၍ လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အခြားသောအစိုးရဌာနများနှင့်အတူ အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြင့်လည်း မိတ်ဖက်ပြုလုပ်ကာ စီမံချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ချဉ်းကပ်လုပ်ဆောင်ခြင်းအားဖြင့် Tdh သည် ထိခိုက်လွယ်သော ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အပြောင်းအလဲများကို ဖြစ်ပေါ်ရရှိစေခဲ့ပါသည်။ ထို့ပြင် ကလေးများကို မိသားစုဝင်များဖြင့် ပြန်လည်ပေါင်းစည်းရေး စည်မံချက်များနှင့် အခြားသော ထင်ရှားသည့် ကြားဝင်ကူညီမှုအစီအစဉ်များမှတဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ရန်ကုန်နှင့်မန္တလေးဒေသများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

အမှတ်-၁၁၃၊ သီရိမင်္ဂလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၅၆၀၉၂ / ၀၉ ၇၃၂၁၄၈၉၀
ဖက်စ် - ၀၁ ၆၅၆၀၉၂ (လိုင်းခွဲ-၁၄)
https://www.tdh.org/en/our-impact/asia

# ကျေးဇူးတင်ရှိခြင်း

ဤ "ကိုဗစ်-၁၉ကပ်ရောဂါကိုရင်ဆိုင်ရှင်သန်ခြင်းနှင့် ကလေးများ၏မျှော်လင့်ချက်များ" စာအုပ် ဖြစ်မြောက်အောင် ငွေကြေးဆိုင်ရာအရ ပံ့ပိုးပေးသော Covid Collective ကို ကလေးများနှင့် တီဒီအိတ်ချ်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။ ထို့အပြင် အခက်အခဲများကြားမှ စိတ်အား ထက်သန်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသော သုတေသနအဖွဲ့ကို လည်း ကောင်း၊ အဖက်ဖက်မှပံ့ပိုးပေးခဲ့ကြသော Tdh ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ အားလုံး ကိုလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းအကြံဉာဏ်များပေးခဲ့ကြသော သက်ဆိုင် ရာ ကလေးသူငယ်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်းကောင်း ကျေးဇူးအထူး တင်ရှိပါသည်။ အထူးသဖြင့် မအားလပ်သည့်ကြားမှ စိတ်အားထက်သန်စွာဖြင့် အချိန်ပေးပြီး အစ မှအဆုံး ပါဝင်ပေးခဲ့ကြသော ကလေးများနှင့် မိသားစုဝင်များကိုလည်း တီဒီအိတ်ချ်အဖွဲ့မှ ကျေးဇူး အထူးတင်ရှိပါသည်။

Covid Collective သည် ယူကေအစိုးရ၏ နိုင်ငံခြား၊ ဓနသဟာယနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး UK Foreign Commonwealth and Development Office (FCDO) မှ ပံ့ပိုးထားပြီး Institute of Development Studies (IDS) တွင် အခြေစိုက်သည့် Covid-19 နှင့် သက်ဆိုင်သော သုတေသန စီမံကိန်းတစ်ခုဖြစ်သည်။ ယူကေနိုင်ငံနှင့် တောင်ပိုင်းဒေသအခြေစိုက် သုတေသန လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများကို စုစည်းအခြေခံပြီးဖွဲ့စည်းထားသည်။ Covid-19 ကပ် ရောဂါနှင့် သက်ဆိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန် ဆောင် ရွက်နိုင်အတွက် လူမှုရေးသိပ္ပံသုတေသနများကို အကောင်အထည်ဖော် လုပ်ဆောင်သည်။ ဤ ကလေးများ၏ဖြစ်ရပ်မှန်ပုံပြင်စာအုပ်ကို Covid Collective စီမံကိန်းမှတဆင့် ယူကေအစိုးရ၏ နိုင်ငံခြား၊ ဓနသဟာယနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး (FCDO) မှ ရန်ပုံငွေထောက်ပံ့ထားသည်။

ဤစာအုပ်ကို ယူကေနိုင်ငံ၏ Open Government License v3.0 ၏ စည်းကမ်းချက်များ အရ စီးပွားဖြစ်မဟုတ်သော ရည်ရွယ်ချက်များအတွက်အသုံးပြုရန်သာ လိုင်စင်ရထားပါသည်။ Covid Collective အဖွဲ့သည် အမှားအယွင်းများ၊ ပျက်ကွက်မှုများ သို့မဟုတ် အချက်အလက် အသုံးပြုမှုမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များအတွက် တာဝန်ယူမည်မဟုတ်ပါ။ စာအုပ် အတွင်းရှိဖော်ပြထားသော အကြောင်းအရာ အမြင်များနှင့် ထင်မြင်ယူဆချက်များသည်လည်း FCDO, Covid Collective သို့မဟုတ် အခြားသော ပံ့ပိုးကူညီသည့် အဖွဲ့အစည်း၏ သဘောထားများ မဟုတ်ကြောင်းကို အသိပေးအပ်ပါသည်။

© Crown copyright 2023.

# အသိပေးရှင်းလင်းချက်

ဤဖြစ်ရပ်မှန်ဇာတ်လမ်းများတွင် ဖော်ပြထားသော ကလေးများ၏အမည်များကို ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ရန်နှင့် လျှို့ဝှက်ထားမှုကို ထိန်းသိမ်းရန် ပြောင်းလဲထားသည်။ ကလေးများ ပြောပြထားသည့် ဘဝဇာတ်ကြောင်းများသည် Covid-19 ကပ်ရောဂါမဖြစ်မီ၊ ဖြစ်နေစဉ်ကာလနှင့် ဖြစ်ပြီးကာလတို့တွင် ၎င်းတို့မိသားစုများ ကြုံတွေ့ခဲ့ရသော လက်တွေ့ဘဝအတွေ့အကြုံများ ဖြစ်သည်။ စာအုပ်ပါအကြောင်းအရာများသည် တီဒီအိတ်ချ် Terre des hommes, Lausanne (Tdh) အဖွဲ့အစည်း၏ သဘောထား အမြင်များမဟုတ်ပါ။ ဤဖြစ်ရပ်မှန်ပုံပြင်များကို မျှဝေရခြင်း၏ ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော၊ လက်ရှိကြုံတွေ့နေရသော အခက်အခဲများနှင့် စိန်ခေါ်မှုများ အကြောင်းကို ပိုမိုသိရှိလာစေရန်နှင့် နားလည်မှုမြင့်တင်နိုင်ရန် ဖြစ်ပါသည်။

# မာတိကာ


၁။ လက်တွေ့ဘဝကပထမ အိပ်မက်တွေကဒုတိယ ၉

၂။ ကျွမ်းကျင်တဲ့စက်သမားဖြစ်တဲ့အထိကြိုးစားမယ် ၁၂

၃။ ကျွန်တော်ထမ်းပိုးထားသောမိသားစု ၁၆

၄။ နိုင်ငံဂုဏ်ဆောင်ဂိမ်းမာဖြစ်ချင်တဲ့ရွှေ့ပြောင်းအလုပ်သမားလေးကျွန်တော် ၁၉

၅။ ပုံမှန်ဝင်ငွေရတဲ့အလုပ်ကလေးလုပ်ချင်တယ် ၂၂

၆။ အရင်လိုအမေနဲ့အတူတူပြန်နေချင်တယ် ၂၅

၇။ ဉယျာဉ်မှူးဖြစ်ချင်တဲ့ပန်းကလေး ၂၉

၈။ အရိပ်ထဲမှာလုပ်ရတဲ့ အလုပ်လေး လုပ်ချင်တယ် ၃၂

၉။ မိဘကျေးဇူးဆပ်ချင်လို့အလုပ်ပဲလုပ်ဖို့ဆုံးဖြတ်လိုက်တယ် ၃၆

၁၀။ ကိုဗစ်ကြီးမဖြစ်ခင်ကဘောလုံးသမားဖြစ်ချင်ခဲ့တယ် ၄၀

၁၁။ တည်တည်တံ့တံ့ စက်ရုံအလုပ်လေးရချင်တယ် ၄၃

၁၂။ စက်ချုပ်ပညာလေးနဲ့ အဘွားကိုပြန်လုပ်ကျွေးချင်တယ် ၄၆

၁၃။ ဒီထက်ကောင်းတဲ့အလုပ်နဲ့မိသားစုကို လုပ်ကျွေးချင်တယ် ၄၉

၁၄။ ဖက်ရှင်ဒီဇိုင်နာဖြစ်ချင်တယ် ၅၂

၁၅။ ဘဝကို ဒီထက်တိုးတက်အောင်ကြိုးစားမယ် ၅၆

# List of Terminologies and Definitions

**Coronavirus Disease (Covid-19)**

An infectious disease caused by the severe acute respiratory syndrome coronavirus 2 (SARS-CoV-2) virus.[1]

**ကိုရိုနာဗိုင်းရပ်ရောဂါ (Covid-19)**

ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာစု ကိုရိုနာဗိုင်းရပ်အမျိုးအစား (၂) ကြောင့်ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ။

## ကလေးအလုပ်သမား

ကလေးများ၏ ငယ်ဘဝ၊ ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ဆုံးရှုံးစေပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အန္တရာယ်ဖြစ်စေသောအလုပ်မျိုးဖြစ်သည်။ အဆိုပါအလုပ်အကိုင်များသည် ကလေးတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုရေးနှင့်ကိုယ်ကျင့်တရားဆိုင်ရာတို့တွင် အန္တရာယ်ဖြစ်စေနိုင်သော အလုပ်အမျိုးအစားများ ပါဝင်သည်။ ထို့အပြင် ကလေးတို့၏ ကျောင်းပညာရေးကို အနှောင့်အယှက်ဖြစ်စေသော (သို့မဟုတ်) ကျောင်းတက်ရန် အခွင့်အရေးကို လက်လွှတ်ခံလိုက်ရခြင်း၊ ကျောင်းမှ အချိန်မတန်မီ ထွက်ခွာရခြင်းနှင့် ကျောင်းတက်နေရသော်လည်း အလွန်ပင်ပန်းလေးလံသော အလုပ်ကို နာရီပေါင်းများစွာ လုပ်ကိုင်နေရခြင်း စသည့်အချက်များလည်းပါဝင်သည်။

## အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း

ကလေးသူငယ်ကိုရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင်ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင် ပဋိပက္ခများတွင် အသုံးချရန် အဓမ္မ (သို့မဟုတ်) မလုပ်မနေရ စုဆောင်းခြင်း အပါအဝင် အဓမ္မ အလုပ်ခိုင်းစေခြင်း (သို့မဟုတ်) မလုပ်မနေရ အလုပ်ခိုင်းစေခြင်း။ ပြည့်တန်ဆာပြုလုပ်ခိုင်းစေရေးအတွက်ဖြစ်စေ၊ ကလေးသူငယ် ညစ်ညမ်းရုပ်ပုံစာပေပြုလုပ်ဖြန့်ဖြူးခြင်းအတွက်ဖြစ်စေ၊ ညစ်ညမ်းပုံပြသ သရုပ်ဆောင်ရေးအတွက်ဖြစ်စေ ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း (သို့မဟုတ်)ကမ်းလှမ်းခြင်း။ မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အပါအဝင် မူးယစ်ဆေးဝါးတရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို သွေးဆောင်ဖြားယောင်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း (သို့မဟုတ်) ကမ်းလှမ်းခြင်း။ လုပ်ကိုင်သောအလုပ်သဘာဝနှင့် အခြေအနေများအရ ကလေးသူငယ်၏ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး (သို့မဟုတ်) အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။[2]

---

[1] World Health Organization. Naming the coronavirus disease (COVID-2019) and the virus that causes it. Available at https://www.who.int/health-topics/coronavirus#tab=tab_1

[2] ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉)

Available at: https://www.ilo.org/dyn/natlex/docs/ELECTRONIC/109405/140636/ F-1599948208/MMR109405%20Burm.pdf

# ကလေးများ၏ဖြစ်ရပ်မှန်ပုံပြင်စာအုပ် မိတ်ဆက်

ဤစာအုပ်သည် အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်လုပ်ကိုင်နေသော ကလေးများအပါအဝင် မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်နေသော ကလေးအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုအတွေ့အကြုံများကို ဘဝပုံပြင်များအဖြစ် စုစည်းထားခြင်းဖြစ်သည်။ တီဒီအိုင်ချ်သည် "အဆိုးရွားဆုံးပုံစံဖြင့် အလုပ်အလုပ်လုပ်ကိုင်နေရသော ကလေးအလုပ်သမားများ အပါအဝင် ကလေးအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအပေါ် ကိုဗစ်-၁၉ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများကိုလေ့လာခြင်း" ဆိုသည့်ခေါင်းစဉ်ဖြင့် ဩဂုတ်လ ၂၀၂၁ မှ မတ်လ ၂၀၂၂ အထိ (၈)လ ကြာမြင့်သော သုတေသန လေ့လာမှု တစ်ခုကို လှိုင်သာယာမြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါလေ့လာမှုကို အင်္ဂလန်နိုင်ငံအခြေစိုက် Institute of Development Studies (IDS) သုတေသနဌာနမှ Covid Collective Research Platform စီမံချက်အောက်တွင် အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းလေ့လာမှုအတွက် အဆိုးရွားဆုံး ပုံစံဖြင့် အလုပ်လုပ်ကိုင်နေရသော ကလေးအလုပ်သမားများအပါအဝင် ကလေး အလုပ်သမား (၅၈) ဦးနှင့် ၎င်းတို့၏မိသားစုဝင်များကို တယ်လီဖုန်းဖြင့်မေးမြန်းကာ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ ယခုစာအုပ်တွင် အဆိုပါသုတေသနတွင် ပါဝင်ခဲ့သောကလေးများအနက် ကလေး ၁၅ ဦး၏ ကိုဗစ်ကပ်ရောဂါ ရိုက်ခတ်မှုအတွေ့အကြုံများကို ရွေးချယ်၍စုစည်း တင်ပြထားပါသည်။ ကလေးများ၏ ဘဝပုံပြင်နှင့် ကိုဗစ်ကပ်ရောဂါအတွေ့အကြုံများကို မူလမြန်မာဘာသာဖြင့် ရေးသားပြီး အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုထားပါသည်။

သုတေသနအဖွဲ့သည် ကလေးများ၏ဘဝပုံပြင်နှင့် အတွေ့အကြုံများကို ရေးသားခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကလေးများ၏စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှုများကို အားပေးပံ့ပိုးသောနည်းလမ်းများကို အသုံးပြုခဲ့သလို ကလေးများ၏သဘောဆန္ဒကို အလေးအနက်ထည့်သွင်းပြီး ၎င်းတို့ကိုယ်တိုင်ဝေမျှချင်သော အကြောင်းအရာများကို ကလေးများနှင့်အတူတကွ ရေးသားပြုစုထားပါသည်။ ထို့အပြင် ကလေးများနှင့် အတွေ့အကြုံများကို ရေးသားခြင်းမပြုလုပ်မီ ကလေးအများအပါအဝင် ကလေးမိသားစုဝင်များနှင့် သက်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို လုပ်ကိုင်နေသော သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ ဝန်ထမ်းများနှင့် ရပ်ရွာအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံပြုချက်များရယူ၍ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ယခုစာအုပ်မှ ၎င်းတို့၏ အလုပ်အကိုင်၊ ဝင်ငွေ၊ စားဝတ်နေရေး ပညာရေးနှင့် ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပြင် မိသားစုဘဝနှင့် အနာဂတ်မျှော်လင့်ချက်များအပေါ် ကိုဗစ်ကပ်ရောဂါ၏ ရိုက်ခတ်မှုများကို ထိုးထွင်းသိမြင်နိုင်စေရန်ရည်ရွယ်သည်။ ထို့အပြင် ကလေးအလုပ်သမားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဘဝအခက်အခဲများနှင့် ကလေးများ၏အသံများကိုသိရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအတွက် ကိုဗစ်ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် အစီအမံများ အကောင်ထည်ဖော်ရာတွင် ကလေးများ၏ အသံများကို ထည့်သွင်းစဉ်းစားနိုင်ရန်နှင့် ကလေးအလုပ်သမားများ၏ ဘဝတိုးတက်ရေးအတွက် တန်ဖိုးရှိသော အရင်းအမြစ်တစ်ခုအဖြစ် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

# လှိုင်သာယာမြို့နယ်

လှိုင်သာယာမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းတွင်တည်ရှိပြီး ၁၉၈၉ ခုနှစ်တွင် စတင်မြို့တည်ခဲ့သည်။ ကလေးလုပ်သားနှင့် မြို့ပြဆင်းရဲမွဲတေမှု အများဆုံးသော မြို့ပြမြို့တစ်မြို့ဖြစ်သည်။ လူဦးရေတစ်သန်းခန့်ရှိပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် အခြားဒေသများမှ လာရောက် ရွှေ့ပြောင်းအခြေချ နေထိုင်သူများနှင့် အလုပ်လုပ်ကိုင်သူများ အလွန်များပြားသည့်အတွက် မြန်မာနိုင်ငံ၏ လူဦးရေထူထပ်သော မြို့များအနက်တစ်မြို့လည်း ဖြစ်သည်။ လှိုင်သာယာမြို့၏ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများမှာ တိုးပွားလာသော လူဦးရေနှင့် နှိုင်းယှဉ်ပါက ကောင်းစွာလုံလောက်မှုမရှိပါ။ ၂၀၂၀ ခုနှစ်တွင် မြို့နယ်အတွင်း တရားဥပဒေ စိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ လှိုင်သာယာမြို့နယ် (အရှေ့ပိုင်း)နှင့် လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)ဟူ၍ သီးခြားမြို့နယ် နှစ်မြို့နယ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။

# ၁။ လက်တွေ့ဘဝကပထမ အိပ်မက်တွေကဒုတိယ

သမီးကတော့ ယုဝေပါ။ အသက်ကတော့ အခုဆို ၁၇ ကျော်သွားပြီပေါ့။ ငယ်ငယ်ကတည်းက လှိုင်သာယာမှာနေလာတာဆိုတော့ ဒီဇာတိပဲဆိုရမှာပေါ့။ အိမ်မှာ အမေရယ် အဘွားရယ်၊ အမရယ် အကိုရယ် သမီးရယ် မိသားစုဝင် ငါးယောက်နေကြတယ်။ လွန်ခဲ့တဲ့ ၈ နှစ် သမီး အသက် ၁၀ နှစ်လောက်မှာ အဖေဆုံးသွားတယ်လေ။ အဖေ ဆုံးပြီးကတည်းက အမေက သမီးတို့မောင်နှမတွေကို အဝေးပြေး ကားဝင်းထဲမှာ ရာသီပေါ် သစ်သီးတွေရောင်းပြီး ရှာကျွေးခဲ့တာ ကိုဗစ်ရောဂါတွေ မဖြစ်ခင်အချိန်အထိပါပဲ။ အဲ့ဒီတုန်းက အစ်ကိုက ကျပန်းလုပ်တယ်။ အစ်မကတော့ စက်ရုံတစ်ခုမှာလုပ်တယ်။

ကိုဗစ်ရောဂါတွေမဖြစ်ခင်အထိ သမီးက သူများတွေလိုပဲ ကျောင်းတက်နေတဲ့ ကျောင်းသူတစ်ယောက်ပါပဲ။ သမီးက ၇ တန်းအောင်ပြီးပြီ။ ကိုဗစ်ကြီးသာမဖြစ်ခဲ့ရင် ၉ တန်းတက်ရမှာပေါ့။ ငယ်ငယ်တည်းက အင်ဂျင်နီယာဖြစ်ချင်ခဲ့တာဆိုတော့ စာလည်း အရမ်းကြိုးစားခဲ့တယ်။ စာမေးပွဲတွေဖြေပြီး နွေရာသီကျောင်းတွေပိတ်ထားတုန်း ကိုဗစ်ရောဂါတွေ စဖြစ်တယ်လေ။ သင်္ကြန်တွင်းမှာလည်ပတ်တာတွေမလုပ်ရဘဲ တစ်နိုင်ငံလုံး လော့ဒေါင်းချလိုက်တော့ အမေလည်း အဝေးပြေးကားဂိတ်မှာ သစ်သီးရောင်းနေရာကနေ ဆိုင်ပိတ်ပြီး အလုပ်နားလိုက်ရတယ်။ အကိုရဲ့ ကျပန်းအလုပ်တွေကလည်း အရင်လို လာမခေါ်တော့ဘူး။ နောက်ပြီး သမီးအစ်မရဲ့စက်ရုံအလုပ်ကလည်း နားလိုက်ရတော့ အိမ်မှာ ဝင်ငွေမရှိသလောက် ဖြစ်သွားခဲ့တယ်။ အဲ့ဒီအချိန်မှာ ‘အမေရေ ဒီအတိုင်းဆိုမဖြစ်တော့ဘူး နွေရာသီကျောင်းပိတ်ရက်မို့ ကျောင်းတွေလည်းပိတ်ထားတုန်း သမီး အလုပ်ထွက်လုပ်မယ်’ လို့ အမေ့ကိုပြောပြီး အလုပ်စရှာတော့တာပဲ။ မှတ်မိသေးတယ် အလုပ်အရမ်းလုပ်ချင်တော့ အမကိုလည်းမပြောဘဲ ကိုယ့်ဘာသာ အလုပ်ထွက်လျှောက်ခဲ့သေးတာ။ သမီးက မှတ်ပုံတင်မရှိသေးတော့ အခြားသူရဲ့ မှတ်ပုံတင်ကိုငှားပြီး သူ့ရဲ့ဓာတ်ပုံနေရာမှာ သမီးဓာတ်ပုံကိုထပ်ကပ်ပြီး



အလုပ်တွေ လိုက်လျှောက်ခဲ့တယ်။ တခုမှမရခဲ့ပါဘူး။ နောက်ပိုင်း အမလည်း သမီးအလုပ်ရှာနေတာကို သိသွားတော့ သူ့မှာစက်ရုံမှာလုပ်နေတဲ့ သူငယ်ချင်းတွေကို အကူအညီတောင်းကြည့်မယ်ဆိုပြီး သမီးကို စက်ရုံကိုခေါ်သွားပြီး အလုပ်လျှောက်ဖို့ ကူညီပေးလိုက်တော့မှ အလုပ်က ရသွားတာပါ။

သမီးအလုပ်စလုပ်တော့ ၂၀၂၀ - ၅ လပိုင်းလောက်မှာပေါ့။ အဲ့ဒီတုန်းက သမီး အသက်က ၁၅ ကျော်ကျော်ပဲ ရှိသေးတယ်။ နေ့စားအနေနဲ့ စလုပ်တာဆိုပေမယ့် ကိုယ်ချုပ်နိုင်ရင် ချုပ်နိုင်သလောက်ရတယ်။ စာရေးမတွေက ချုပ်ပြီးတဲ့အထည်အရေအတွက်ကို မှတ်ပေးထားတယ်လေ။ ဥပမာ အထည်စာရင်းတွေရှင်းတဲ့အခါ အထည် ၄၅၀ ချုပ်နိုင်ရင် ၁သောင်းခွဲရတယ်။ အလုပ်ချိန်ကတော့ မနက် ၈ နာရီကနေ ညနေ ၆ နာရီခွဲထိပါ။ ပုံမှန်တစ်နေ့ကို ၁၀နာရီလောက်လုပ်ရတာပေါ့။ မနက်ဆို အိမ်ကနေ ၆ နာရီခွဲလောက် လမ်းလျှောက်ထွက်လာပြီး ၇း၁၅ မိနစ်အရောက် လာကြိုမယ့်ဖယ်ရီကားကို လမ်းထိပ်ကနေစောင့်ရတယ်။ တပတ် ၆ ရက် ပုံမှန်ဆင်းရတယ်။ တခါတလေ တနင်္ဂနွေနေ့တွေဆိုရင် မနက် ၈ နာရီကနေ ညနေ ၄ နာရီခွဲထိအချိန်ပိုဆင်းခိုင်းတာရှိတယ်။ အဲလိုအပတ်တွေဆိုရင်တော့ တစ်ပတ်လုံးမနားရဘူးပေါ့။။ အချိန်ပိုဆင်းရတဲ့နေ့တွေဆိုရင် သမီးတို့လို နေ့စားသမားတွေအတွက် တနေ့ ၈၀၀၀ ပေးပြီး လစားသမားတွေကိုတော့ ၉၆၀၀ ပေးတယ်။ တခြားအချိန်တွေ အချိန်ပိုထပ်ခေါ်ရင်ကျတော့ တစ်နာရီကို ၁၂၀၀ ပေးတယ်။

အလုပ်စလုပ်တုန်းကတော့ အထည်တွေအများကြီးချုပ်ခိုင်းလို့ ပင်ပန်းတဲ့အခါ စိတ်ညစ်တယ်။ ဒီကြားထဲ အလုပ်လုပ်နေရင် နှာခေါင်းစည်းတွေ အမြဲတမ်းတပ်ထားရတဲ့အတွက် အသက်ရှူမဝဖြစ်တော့ ပင်ပန်းတာတဖက်နဲ့ဆိုတော့ အရမ်းစိတ်ညစ်တယ်။ အထည်တွေများတဲ့အခါ သူတို့ခိုင်းသလောက် အမီမလုပ်နိုင်လို့ အပြောအဆိုခံရတဲ့အခါမျိုးဆိုလည်း စိတ်ညစ်ရတာပေါ့။ ဒါပေမယ့် အမေစိတ်ဆင်းရဲမှာစိုးလို့ အမေ့ကို မပြောပြရဲဘူး။ ဘယ်သူ့ကိုမှလည်း ဖွင့်မပြောဘူး ကိုယ့်ဘာသာ တစ်ယောက်တည်းကြိတ်ခံပြီး နေလိုက်တာပေါ့။ တကယ်တော့ အငယ်ဆုံးဖြစ်တဲ့ သမီးကို အားလုံး(မိသားစု)က အလုပ်မလုပ်စေချင်ကြဘူးလေ။ အလုပ်မလုပ်လို့ပိုက်ဆံမရရင် စားစရာလည်းမရှိဘူးဆိုတော့ ပင်ပန်းတာ စိတ်ညစ်တာတွေကို အမေသိသွားပြီး အလုပ်မလုပ်ခိုင်းတော့မှာလည်း ကြောက်ခဲ့တယ်။ အမေက သမီးကို ကျောင်းနေတဲ့အရွယ်လေး နုနုနယ်နယ်နဲ့ အလုပ်ကြမ်းတွေမလုပ်ခိုင်းချင်ဘူးပြောပါတယ်။ ဒါပေမယ့် သမီးက အမေ့ကို လုပ်ကျွေးချင်တာလေ။ အားလုံးက အလုပ်တွေနားထားရ ဝင်ငွေတွေလည်းမရှိတဲ့အချိန် မိသားစုရပ်တည်ဖို့ ဝင်ငွေတခုကလည်း လိုအပ်လာတာကြောင့် သမီးကိုမခိုင်းချင်လည်း ဘာမှမတတ်နိုင်ဘူးပေါ့။ တခါတလေ အရမ်းပင်ပန်းပြီး စိတ်ညစ်လာရင်တော့ အလုပ်အတူတူလုပ်တဲ့ခင်မင်တဲ့ အမတွေကို ပြောပြပြီး ရင်ဖွင့်ဖြစ်ပါတယ်။

ကိုဗစ်ဒုတိယလှိုင်း တတိယလှိုင်းမှာ ရောဂါကူးစက်တာတွေများလာတော့ စက်ရုံတွေက ပိတ်လိုက်ရသေးတယ်။ တစ်လလုံးမှ ၈ ရက်လောက်ပဲ ဆင်းရတာမျိုးတွေရှိတယ်။ ကိုဗစ်ရောဂါတွေပါးသွားတဲ့အချိန် စက်ရုံတွေပြန်ဖွင့်ပေမယ့်လည်း အရင်လို အချိန်ပိုလည်း မလုပ်ရတော့ ညနေဆို ၆ နာရီခွဲထိ မလုပ်ရတော့ပဲ ၅ နာရီ လောက်ထိပဲ လုပ်ရတော့တယ်။ အဲ့တုန်းကတော့ မိသားစု စားဝတ်နေရေးနဲ့ အခက်အခဲကို သမီးအကိုရဲ့ ကျပန်းအလုပ်ကရတာလေးရယ် စုထားဆောင်းထားတာလေးတွေရယ်ပေါင်းပြီး မိသားစုအဆင်ပြေအောင် စားသောက်ကြရတာပေါ့။ တစ်ခါတစ်လေ ချေးငှားဖို့လိုအပ်လာရင်တော့ အမေက အကြွေးရှင်တွေကို သမီးအလုပ်ပြန်ဆင်းလို့

လစာရတဲ့အခါ ပြန်ဆပ်ပါမယ်လို့ပြောပြီး အတိုးနဲ့ငွေချေးရတာပေါ့။ ကိုဗစ် ပထမလှိုင်း ဒုတိယလှိုင်းတွေမှာတော့ အစိုးရကထောက်ပံ့တဲ့ လေးသောင်းတစ်ခါ၊ နှစ်သောင်းတစ်ခါနဲ့ ဆန်တစ်အိတ်ရဖူးတယ်။ ဒီလို အထောက်အပံ့တွေရတော့လည်း မိသားစု စားစရိတ်ကိုနည်းနည်းပါးပါး ကာမိတာပေါ့။ ဒါပေမယ့် ကျူးကျော်ရပ်ကွက်က အိမ်တွေဖျက်တော့ သမီးတို့အိမ်လည်း ပါသွားတယ်လေ။ အခုဆို အဆောင်လခ တစ်လ ၈ သောင်းပေးပြီး အဆောင်ကျဉ်းကျဉ်းလေးမှာ ပြောင်းနေရတာပေါ့။

အခုတော့ သမီးကစက်ရုံမှာ လခစားဖြစ်သွားပြီဆိုပေမယ့် တစ်ရက်ကို ၄၈၀၀ ပဲရတော့ လစာက ပိုနည်းသွားတာပေါ့။ လက်ရှိအခြေအနေတွေကြောင့်လား ကိုဗစ်ရောဂါကြောင့်ပဲလားတော့ မသိဘူး လမ်းတွေပိတ်တော့ ကုန်တွေသိပ်မဝင်တော့ဘူးတဲ့။ ရှိတဲ့ကုန်ကိုပဲယူပြီးလုပ်နေရတော့ လုပ်ခဈေးနှိမ်တာခံရတယ်လေ။ လုပ်ခတွေနည်းသွားတာပေါ့။ ဒါပေမဲ့ ဒီရက်ပိုင်းတွေမှာတော့ အချိန်ပိုပြန်ခေါ်တာတွေရှိလာတော့ အချိန်ပိုဆင်းရတဲ့နေ့တွေဆိုရင် တစ်ရက်ကို ၇၂၀၀ တော့ ရပါတယ်။


ကိုဗစ်ပထမလှိုင်းတုန်းက သမီးကဖျားပေမယ့် ဆေးထိုးစရာမလိုလိုက်ဘူးပေါ့။ တတိယကိုဗစ်လှိုင်းမှာကျတော့ အရမ်းဖျားပြီး အနံ့ပါပျောက်သွားလို့ ဆေးသုံးလုံးထိုးလိုက်ရတယ်။ အဲ့ဒီအချိန်တုန်းက လူတွေအများကြီးသေဆုံးကုန်ကြတော့ အရမ်းကိုကြောက်ခဲ့တာ။ ကိုယ့်ကြောင့်တစ်ခြားလူတွေပါ ကူးသွားမှာ စိုးရိမ်လို့ ဘယ်သူ့ကိုမှ အနားအကပ်မခံတော့ဘဲ သီးသန့်ခွဲနေခဲ့တယ်။

အစကတော့ ကိုဗစ်ရောဂါကြီးပြီးသွားရင် အခြေအနေတွေအားလုံး ပုံမှန်ပြန်ကောင်းသွားရင် ကျောင်းပြန်တက်မယ်လို့ စိတ်ကူးထားတာပေါ့။ အမေကလည်းသမီးကို အလုပ်ကြမ်းထဲမှာ နစ်မျောပြီး ပညာရေးတပိုင်းတစဖြစ်သွားမှာ စိုးရိမ်တယ်။ ကိုဗစ်ရောဂါတွေပြီးသွားပြီဆိုပေမယ့် အရာအားလုံးက အရင်လိုပြန်မဖြစ်တော့ဘူးလေ။ အမေက အိမ်မှာကျန်းမာရေးမကောင်းတဲ့ အဘွားကိုပြုစုဖို့လိုလာတော့ သစ်သီးရောင်းတဲ့အလုပ်ကို ပြန်မလုပ်ဖြစ်တော့သလို အကိုကလည်း အိမ်ထောင်ကျပြီး သူ့ဘာသာအိမ်ခွဲနေသွားပြီ။ အခုဆို အဆောင်လခပေးဖို့ရယ် အဘွားရဲ့ ကျန်းမာရေးစရိတ်ရယ်နဲ့ စားဖို့ရယ်က အမနဲ့သမီးရဲ့လစာကိုပဲ အဓိကအားထားနေရတာပေါ့။ ကျောင်းပြန်တက်ချင်ပေမယ့် အခြေအနေက မပေးတော့ဘူးဆိုတော့ အလုပ်ပဲဆက်လုပ်ဖို့ စိတ်ကူးထားပါတယ်။ တကယ်ဆို သမီးအသက်အရွယ်နဲ့ဆို ဆယ်တန်းလောက်ရောက်သင့်နေပြီလေ အခုတော့ သမီးက ၈ တန်းနဲ့ပဲရပ်နေတာပေါ့။ အသက်ကကြီးလာပြီး ဘဝတက်လမ်းတွေက တက်မလာပဲ အောက်ဆုံးမှာရောက်နေတော့ ဒီအခြေအနေကြီးကို တော်တော်စိတ်ပျက်မိသလို စိတ်လည်းမကောင်းဘူး။ အရင်တုန်းက အမေက သမီးကို ဘွဲ့ရပညာတတ်ကြီးဖြစ်စေချင်တယ်။ သမီးလည်းဖြစ်ချင်တာတွေ အများကြီးပဲ အင်ဂျင်နီယာလည်းဖြစ်ချင်တယ်။ စကားပြန်လည်းဖြစ်ချင်တယ်။ အခွင့်အရေးရရင် သမီးဝါသနာပါတဲ့ မင်းသမီးလည်းလုပ်ချင်တယ်။ အခုတော့ အဲ့ဒါတွေထက် အနာဂတ်မှာ ကိုယ်ပိုင်အထည်ဆိုင်လေးဖွင့်ပြီး မိသားစုနဲ့ တည်တည်ငြိမ်ငြိမ်လေး နေသွားနိုင်ဖို့ပဲမျှော်လင့်မိတယ်။

## ၂။ ကျွမ်းကျင်တဲ့စက်သမားဖြစ်တဲ့အထိကြိုးစားမယ်

သမီးနာမည်ကတော့ အေးအေးပါ။ အသက်ကတော့ (၁၇)နှစ်ရှိပါပြီ။ ညီအမ (၃)ယောက်ရှိတဲ့အနက် သမီးက အငယ်ဆုံးပါ။ အစ်မနှစ်ယောက်ကတော့ အိမ်ထောင်ကျသွားပါပြီ။ သမီးငယ်ငယ်ကတည်းက အဖေဆုံးသွားတယ်။ အရင်တုန်းကအိမ်မှာက အမေရယ်၊ အဘွားရယ်၊ တူလေးနဲ့သမီးရယ် (၄)ယောက်ပဲရှိတာပါ။ အခုတော့ ကိုဗစ်ကာလမှာ အိမ်ထောင်ကွဲသွားတဲ့ ဦးလေးနဲ့ သူ့ရဲ့သား(တူလေး)က သမီးတို့နဲ့အတူလာနေတော့ စုစုပေါင်း (၆)ယောက်ဖြစ်သွားတယ်။ အခုတူလေးကတော့ ၁ တန်းတက်နေတယ်။ သမီးကတော့ ၇ တန်းထိပဲ ကျောင်းတက်ခဲ့ရတယ်။ သမီးငယ်ငယ်ကတည်းကနေ ခုချိန်ထိလှိုင်သာယာမှာပဲနေကြတာပါ။ ၂၀၂၁ အကုန်ပိုင်းလောက်က ကျူးကျော်အိမ်တွေမဖျက်ခင်အထိ သမီးတို့က ကျူးကျော်ရပ်ကွက်မှာ ကိုယ်ပိုင်အိမ်ဆောက်ပြီးနေကြတယ်။ သမီးတို့အိမ်လည်း အဖျက်ခံလိုက်ရတယ်။ အခုတော့ သမီးတို့မိသားစု လှိုင်သာယာမှာပဲ တစ်လ ၈ သောင်းနဲ့ အဆောင်လေးငှားနေကြတယ်။

ကိုဗစ်မတိုင်ခင်တုန်းကဆိုရင် သမီးကကျောင်းတက်တယ်။ အဲ့ဒီတုန်းက သမီးအမ တစ်ယောက်က အိမ်ထောင်မကျသေးတော့ သူ့လုပ်စာလေးနဲ့ မိသားစုအဆင်ပြေပြေ နေနိုင်ခဲ့ပါတယ်။ အစ်မက စက်ရုံတစ်ခုမှာလုပ်တယ်။ အရင်တုန်းက သမီးက ကျောင်းကို ၁၀ တန်းထိတက်မယ်လို့ စဉ်းစားခဲ့တာ။ ဒါပေမယ့် အမက အိမ်ထောင်ကျပြီး သမီးတို့နဲ့မနေတော့ဘူးလေ။ အမ မရှိတော့ အိမ်စရိတ်ထောက်ပံ့ပေးမယ့်သူမရှိတော့ မိသားစုစားဝတ်နေရေး အခက်အခဲဖြစ်သွားတယ်။ သမီးလည်း ၇ တန်းဖြေပြီးတာနဲ့ ကျောင်းထွက်လိုက်ရတယ်။ အမေနဲ့အဘွားကလည်း အသက်ကြီးပြီဆိုတော့ အလုပ်မလုပ်နိုင်ဘူးလေ။ အခုဆို သမီးတစ်ယောက်တည်းရဲ့ဝင်ငွေနဲ့ပဲ မိသားစု(၅)ယောက်ကို ရှာကျွေးနေရတာပေါ့။



သမီးအလုပ်စလုပ်တဲ့အချိန်မှာ သမီးရဲ့အသက်က (၁၃)နှစ်ပဲရှိသေးတယ်။ အဲ့ဒီတုန်းက တော့ ကိုဗစ်တွေမဖြစ်သေးဘူး။ အလုပ်လုပ်ဖို့အသက်ကလည်းငယ်သေးတယ်။ မှတ်ပုံတင်လည်း မရှိဘူးလေ။ အဲ့ဒါနဲ့ အခြားသူတစ်ယောက်ရဲ့ မှတ်ပုံတင်ကိုငှားပြီး အထည်ချုပ်စက်ရုံတခုမှာ အထည်ချုပ်အကူအနေနဲ့ နေ့စားသွားလျှောက်တာ အလုပ်ရသွားတယ်။ အလုပ်ကိုတော့ အိမ်နား က အဒေါ်တစ်ယောက်က ကူရှာပေးတာပါ။ သမီးအလုပ်က အနွေးထည်တွေမှာ ဘဲမွှေးတွေ၊ သိုးမွှေးတွေကို ထိုးထည့်ပေးရတယ်။ တစ်ရက်ကို (၁၀)နာရီလောက်လုပ်ရတယ်။ လုပ်အားခကတော့ တစ်နေ့ကို (၄၅၀၀)ပဲရတယ်။ နေ့စားဆိုတော့ တနင်္ဂနွေလည်းအလုပ်ဆင်းရတယ်။ နားတဲ့ရက်က မရှိသလောက်ပါပဲ။ တစ်နေ့ကို အထည်(၁၀၀-၁၅၀)ကြား ပြီးအောင်လုပ်ပေးရတာဆိုတော့ အရမ်း ပင်ပန်းတယ်။ အလုပ်မပြီးရင် ဒါမှမဟုတ် အလုပ်မှာ နည်းနည်းမှားသွားတာမျိုးဆိုရင် လိုင်း ခေါင်းဆောင်တွေ လူကြီးတွေရဲ့ ဆဲဆိုတာခံရတယ်။ အလုပ်ရှာရခက်တော့ ကိုယ်ကပြန်ပြောချင် ပေမယ့် အလုပ်ပြုတ်မှာကြောက်လို့ ပြန်မပြောရဲဘူး။ သူတို့ပြောတာပဲ နားထောင်ရတယ်။ အဲ့ဒီမှာ လုပ်တာက (၁)နှစ်ခွဲလောက်တော့ ကြာသွားတယ်။ တစ်နေ့တစ်နေ့ အထည်တွေအများကြီးကို လုပ်ပေးရတော့ အရမ်းပင်ပန်းပြီး မလုပ်နိုင်တော့တာနဲ့ အဲ့ဒီစက်ရုံကနေ အလုပ်ထွက်လိုက်တယ်။

အဲ့ဒီကနေအလုပ်ထွက်ပြီးတော့ အမဝမ်းကွဲတွေရဲ့အကူအညီနဲ့ ဖိနပ်စက်ရုံတစ်ခုမှာ ပြောင်းပြီးလုပ်သေးတယ်။ အဲ့ဒီစက်ရုံမှာက မနက်(၆)နာရီကနေ ညနေ(၆)နာရီခွဲထိ တစ်နေ့ကို(၁၂) နာရီကနေ (၁၄) နာရီထိလောက်လုပ်ရတယ်။ အချိန်ပိုရတဲ့နေ့ဆိုရင် ည(၈)နာရီထိ ဆင်းရတယ်။ လစာက (၂ သိန်းခွဲ)လောက်ရတယ်။ တစ်ပတ်ကို တနင်္ဂနွေတစ်ရက် ပိတ်ရက်ရှိတယ်။ သမီးအလုပ် က ဖိနပ်တွေကို ကော်သုတ်ပေးရတယ်၊ ကော်ကပ်ပေးရတယ်၊ ဖိနပ်ဖဲကြိုးလေးတွေတပ်ပေးတယ်၊ ပြီးရင် စက်သမားတွေကိုပေးရတယ်။ အဲ့ဒီမှာ လုပ်နေတဲ့အချိန် ကိုဗစ်ရောဂါတွေစဖြစ်တော့ စက်ရုံ ကို တစ်လတိတိပိတ်လိုက်ကြတယ်။ အဲ့တစ်လ ပိတ်တဲ့အချိန်မှာ လစာအနေနဲ့ (၅သောင်း)ရပါတယ်။ စက်ရုံပြန်ဖွင့်တော့လည်း ဝန်ထမ်းအင်အား အယောက် (၅၀) ကျော်(၁၀၀)လောက် လျှော့လိုက်ကြ တယ်။ နေ့စားသမားတွေ အလျှော့ခံရတာများပါတယ်။ သမီးကတော့ ကံကောင်းစွာနဲ့ လျှော့တဲ့ အထဲ မပါလိုက်ဘူး။ စက်ရုံက ကိုဗစ်ရောဂါတွေ အရမ်းဆိုးလာရင် နေ့စားအလုပ်သမားတွေကို လျှော့ပစ်ပြီး ရောဂါနည်းနည်းပြန်ငြိမ်သွားရင် ပြန်ခေါ်ကြတယ်။ အလုပ်ထဲမှာလည်း လူတွေအများ ကြီးမဖြစ်အောင် အလုပ်ကိုအလှည့်နဲ့ လုပ်ကြရတယ်။ လူတွေလည်းလျှော့ပစ်လိုက်တော့ သမီး တို့တွေ အလုပ်ပိုလုပ်ရတော့ အရမ်းပင်ပန်းတယ်။ ကိုဗစ်ရောဂါဖြစ်နေတော့ အချိန်ပိုတွေလည်း သိပ်မဆင်းရတော့ အိမ်ကို ညနေ(၄-၅) နာရီလောက်ပြန်ရတယ်။ စောစောပြန်ရလို့ ပင်ပန်းတာ နည်းနည်းသက်သာပေမယ့် ပိုက်ဆံသိပ်မရတော့ အဆင်မပြေဘူးလေ။ သမီးလစာက ကိုဗစ် မဖြစ်ခင်ကဆိုရင် လစာ(၂သိန်းခွဲ)လောက်ရတာကနေ အခု(၁သိန်းခွဲ)ပဲ ရတော့တာဆိုတော့ (၁သိန်း)လောက်လျော့သွားတယ်။ လုပ်အားခတွေလျော့သွားတော့ မိသားစုအတွက်လည်း လောက်ငှတယ်လို့ မရှိဘူးပေ့ါ။ ကိုဗစ်ရောဂါတွေမဖြစ်မီကထက် ပိုပြီးခက်ခဲသွားတာပေ့ါ။ ရပ်ကွက် ထဲမှာ အလှူရှင်တွေ လာလှူကြတုန်းက ဆန်၊ဆီ၊ဆား၊အစားအသောက်နဲ့ ငွေ(၄သောင်း) တစ်ခါ တော့ရလိုက်တယ်။ ဘယ်အဖွဲ့က လာလှူတာလဲ သမီးလည်းသေချာမမှတ်မိတော့ဘူး။ ဒါပေမယ့် အဲ့လိုလှူတာတွေရတဲ့အခါဆိုရင် သမီးတို့မိသားစုအတွက် နည်းနည်းတော့အဆင်ပြေသွားတာပေ့ါ။

နောက်ပိုင်း အလှူရှင်တွေလည်း မလာကြတော့ဘူး။

ကိုဗစ်ကာလမှာ ရောဂါကူးစက်မှာကြောက်လို့ အရမ်းစိတ်ညစ်ပြီး ခဏခဏငိုခဲ့ရတယ်။ ဒီလိုခက်ခဲနေတဲ့အချိန်မှာ သမီးတို့မိသားစုကိုရောဂါကူးသွားခဲ့ရင် ဘယ်လိုလုပ်မလဲ ဘာနဲ့ဆေးကုရမလဲ ဆေးကုဖို့ပိုက်ဆံလည်း မရှိဘူးလေ။ ပြီးတော့ သမီးနေမကောင်းလို့ အလုပ်မဆင်းနိုင်တဲ့အခါ လစာမရမှာကိုလည်း ကြောက်တယ်။ လစာမရရင် ဘာနဲ့စားရမလဲ၊ အကြွေးတွေ ဘယ်လိုဆပ်ရမလဲ ဆိုတဲ့ အတွေးတွေနဲ့ စိတ်ဆင်းရဲပြီးအရမ်းကိုငိုခဲ့ရတယ်။ ကိုဗစ်ရောဂါမကူးအောင် အိမ်မှာနေလည်း နှာခေါင်းစည်းတပ်တယ်။ စက်ရုံသွားရင်လည်း နှာခေါင်းစည်းတပ်သွားတယ်။ အလုပ်လုပ်နေရင်းနဲ့တောင် နှာခေါင်းစည်းတပ်ထားတယ်။ စက်ရုံကတော့ အစပိုင်းမှာ ကိုဗစ်ရောဂါတွေအရမ်းဖြစ်တော့ နှာခေါင်းစည်းတွေရော လက်ဆေးရည်တွေရော ထားပေးပါတယ်။ နောက်ပိုင်း နှာခေါင်းစည်းတွေလည်း မပေးတော့ အလုပ်သမားတွေလည်း နှာခေါင်းစည်းတွေ မတပ်ကြတော့ဘူး။ အလုပ်သွားတဲ့အခါ စိတ်ထဲမှာတမျိုးကြီးပေါ့။ ရောဂါကူးခံရမှာကြောက်တဲ့ စိုးရိမ်စိတ်ကြီးနဲ့ အလုပ်သွားခဲ့ရတာပေါ့။ ကံကောင်းတယ်ပဲ ပြောရမလား သမီးတို့ မိသားစု ကိုဗစ်မဖြစ်လိုက်ပါဘူး။

အဲ့ဒီဖိနပ်စက်ရုံမှာ (၃)နှစ်လောက်ကြာခဲ့တယ်။ နောက်ပိုင်း လူတွေကလည်း ကိုဗစ်တွေအရမ်းဖြစ်လာကြတယ်။ ကိုဗစ်စည်းကမ်း တွေကြောင့် ဖိနပ်တွေပို့လို့မရတော့ အလုပ်တွေကလည်း မမှန် ဖြစ်လာတယ်။ စက်ရုံကလည်း လစာကို(၁သိန်းခွဲ)ပဲ ပေးနိုင်တော့ သမီးလည်း အဲ့ဒီကနေ အလုပ်ထွက်လိုက်တယ်။ အခုတော့ အထည် ချုပ်စက်ရုံမှာ စက်ချုပ်အကူအနေနဲ့ ဝင်လုပ်နေတာ အခုဆိုရင် (၇)လ လောက်ရှိနေပြီ။ သမီးအလုပ်က ချုပ်ရမယ့်အထည်တွေကို ခဲနဲ့မှတ် ပေးရတယ်။ တစ်နေ့ကို အထည်(၅၀၀)လောက်လုပ်ရတယ်။ တစ် ရက်ကို (၁၀-၁၁) နာရီလောက် လုပ်ရတယ်။ ဒီစက်ရုံမှာလည်း အချိန်ပိုမရှိတော့ လစာက (၁သိန်းခွဲ)လောက်ပဲရပြန်တယ်။ ဒီလစာနဲ့ လည်း သမီးတို့မိသားစု စားမလောက်ပြန်ဘူးလေ။

ကိုဗစ်တွေမဖြစ်သေးခင်တုန်းကဆိုရင် အကြွေးက သိပ်မရှိဘူး။ အကြွေး(၁သိန်း)ယူရင်လည်း ပြန်ဆပ်နိုင်တယ်။ ကိုဗစ်ရောဂါတွေလည်းဖြစ်ရော အဆောင်လခနဲ့ စားဖို့နဲ့တင် မနည်းလုံးပန်းနေရတော့ အကြွေးတွေပြန်ဆပ်ဖို့ဆိုတာ လုံးဝအဆင်မပြေတော့ဘူး။ လစာထုတ်တဲ့အခါ လမကုန်ခင်ကြားထဲမှာ ကြိုသုံးထားတာတွေ၊ ချေးငှားထားတာတွေကို အရင်ပြန်ဆပ်ရတယ်။ ပြီးရင် ဒီလအတွက် သုံးဖို့စျေးဖိုး ဖယ်ထားရတာနဲ့ဆိုတော့ လုံးဝကိုမလောက်ဘူးပေါ့။ အဲ့ဒီတော့ အတိုးနဲ့ငွေတွေထပ်ချေးရပြန်ရော။ လတိုင်းလတိုင်း အကြွေးတွေနဲ့ လည်နေတာပါပဲ။ ဟိုတလောက အကြွေးဆပ်ဖို့မရှိတော့ သမီးရဲ့ ဖုန်းကိုလည်း ပေါင်လိုက်ရသေးတယ်။ လစာထုတ်လိုက် အကြွေးပြန်ဆပ်လိုက်၊ ပြန်ယူလိုက်နဲ့ လတိုင်းဒီလိုပဲ လုံးလည်ချာလည်ဖြစ်နေတယ်။ လစာထုတ်တဲ့ရက် အလုပ်ကပြန်လာရင် အရမ်းဝမ်းနည်းတယ်။ အကြွေးတွေမပေးနိုင်လို့ဆိုပြီး အမေကငိုတာမြင်ရင် သမီးလည်း ငိုချင်တယ်။ အဲ့လို အရမ်းစိတ်ညစ်ရတဲ့အချိန်တွေဆိုရင် အစ်မဝမ်းကွဲကို ရင်ဖွင့်ဖြစ်ပါတယ်။

သမီးလေ ကျောင်းထွက်ပြီး အလုပ်စလုပ်ရတဲ့အချိန်တုန်း ကဆိုရင် အရမ်းဝမ်းနည်းပြီး စိတ်ပျက်ခဲ့ရတယ်။ သမီးကကျောင်းပဲ တက်ခဲ့ရာကနေ အလုပ်တစ်ခါမှမလုပ်ဖူးဘဲစလုပ်တော့

အရမ်း ပင်ပန်းခဲ့တယ်။ ပင်ပန်းလို့ မျက်ရည်တွေလည်း ခဏခဏကျခဲ့ရတယ်။ အမေ့ကို အလုပ်မဆင်းချင်ဘူးလို့တောင် ပြောဖူးတယ်။ အမေက 'သည်းခံပြီးလုပ်လိုက်ပါ၊ နောက်ဆိုရင် နေသားကျသွားမယ်'တဲ့။ သမီးလည်း ငါအလုပ်လုပ်မှ မိသားစုစားရမှာ ငါအပင်ပန်းခံရမယ်ဆိုပြီး အလုပ်ကို စိတ်နှစ်ပြီးလုပ်ခဲ့တယ်။ နောက်တော့လည်း အမေပြောသလိုပဲ အလုပ်မှာ တဖြည်းဖြည်း နေသားကျသွားပါတယ်။ ဒီလိုနဲ့ သမီးလည်း အလုပ်ပဲဆက်လုပ်ဖြစ်သွားတယ်။ အမေကတော့ ကျောင်းပြန်တက်ဖို့ပြောပေမယ့် သမီးကကျောင်းပြန်တက်ဖို့ အစီအစဉ်မရှိတော့ပါဘူး။ အမေ့ကိုပဲ လုပ်ကျွေးတော့မယ်လို့ ဆုံးဖြတ်ထားတယ်။

အနာဂါတ်မှာတော့ ခြံလေးတစ်ခြံဝယ်ပြီး မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေချင်တယ်။ အမေ့ကို ကွမ်းယာဆိုင်လေး ဖွင့်ပေးချင်တယ်။ သမီးကတော့ စက်ချုပ်အကူကနေ ကျွမ်းကျင်တဲ့ စက်သမား ဖြစ်ချင်တယ်။ အဲ့ကနေတစ်ဆင့် လိုင်းခေါင်းဆောင်အထိ လုပ်နိုင်အောင် ကြိုးစားမယ်လို့ စဉ်းစားထားတယ်။

# ၃။ ကျွန်တော်ထမ်းပိုးထားသောမိသားစု

သားနာမည်ကတော့ ကျော်စွာပါ။ အသက်က ၁၇နှစ်ပေါ့။ သားတို့ငယ်ငယ်လေးကတည်းက လှိုင်သာယာကိုပြောင်းလာတာ။ ဒီမှာနေတာ ၁၄ နှစ်လောက်ရှိပြီ။ အခုအိမ်မှာ မိသားစု ၇ ယောက်ရှိတယ်။ အဘွားရယ်၊ အမေရယ်၊ အမရယ်၊ သားရယ်၊ ညီမလေးရယ် ကျောင်းမနေသေးတဲ့ တူမလေးနှစ်ယောက်ရယ်ပေါ့။ အဖေကတော့ ဆုံးသွားတာ ၄ နှစ်လောက်ရှိပြီ။ အဘွားက အသက် ၈၂ နှစ်။ အသက်ကြီးပြီဆိုတော့ ကျန်းမာရေး သိပ်မကောင်းဘူး။ ကျန်းမာရေးမကောင်းရင် ဆေးခန်းသွားရမှာ မတတ်နိုင်လို့ အမေကအဘွားနဲ့ ကလေးတွေကိုဂရုစိုက်ရတယ်။ ကိုဗစ်ရောဂါတွေမဖြစ်ခင် အမက ငါးခြောက်ပွဲရုံမှာအလုပ်ဆင်းတယ်။ သားနဲ့ညီမလေးကကျောင်းတက်တယ်။ ညီမလေးက ၂ တန်းအောင်။ သားက ၇ တန်းအောင်ပြီးသွားပြီ။ ကိုဗစ်ကပ်ရောဂါကြီးသာမဖြစ်ခဲ့ရင် ၉ တန်းတက်ရမှာပေါ့။ သားကကျောင်းတက်ရတာပျော်တယ်။ စာဖတ်ရတာလည်းသဘောကျတယ်။ သားအိပ်မက်က သားကြီးလာရင် ဆရာဝန်ဖြစ်ချင်တာပေါ့။ ဒါပေမယ့် ကိုဗစ်ရောဂါတွေဖြစ်တော့ ကျောင်းတွေပိတ်သွားတယ်။ အလုပ်တွေလည်းမကောင်းတော့ စားဝတ်နေရေးတွေလည်း အရင်ကထက် ပိုခက်ခဲသွားတယ်လေ။

အရင်တုန်းက အမတစ်ယောက်တည်းရဲ့ဝင်ငွေရယ် ကျောင်းပိတ်ရက်တွေမှာ သားအလုပ်လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ဆိုရင် သားတို့မိသားစုချွေတာပြီးအဆင်ပြေအောင် နေလို့ရသေးတယ်။ သားနဲ့ ညီမလေးလည်း ကျောင်းတက်လို့ရတယ်။ ကိုဗစ်ရောဂါတွေ အရမ်းဖြစ်လာကြတဲ့အချိန် အမကလည်း အလုပ်တွေမကောင်းတော့ ပုံမှန်မဆင်းရတော့ဘူး။ ၁ ပတ်မှာ ၃ ရက်ပဲ ရက်ခြားပြီး ဆင်းရတယ်။ အလုပ်ဆင်းတဲ့ရက်ဆိုရင်လည်း တစ်ရက်ကို ၃၀၀၀ ပဲရတယ်။ အမကတော့ပြောတယ် အခြေအနေတွေမကောင်းလို့ လမ်းတွေပိတ်ထားတော့ ကုန်တွေအချိန်မီမရောက်ဘူးတဲ့။ အဲ့ဒါကြောင့် အလုပ်ပုံမှန်မဆင်းရတော့တာတဲ့။

ကိုဗစ်ပထမလှိုင်းနဲ့ ဒုတိယလှိုင်းတုန်းကတော့ ဝင်ငွေသိပ်မရှိပေမယ့်လည်း အလှူရှင်တွေက ဆန်နဲ့အစားအသောက်တွေ လာလှူတာတွေရှိတော့ စားဖို့သောက်ဖို့နည်းနည်းအဆင်ပြေတာပေါ့။ ဆန်အိတ်တွေလာလှူတုန်းက ၂ခါ ၃ခါ လောက်ရလိုက်တယ်။ ဆန်တစ်အိတ်ကို သားတို့မိသားစု လဝက်၊ ရက် ၂၀ လောက်တော့စားလို့ရတယ်လေ။ ထောက်ပံ့ကြေးတွေကတော့ သန်းခေါင်စာရင်းပြနိုင်မှ ပေးတာဆိုတော့ သားတို့က သန်းခေါင်စာရင်းလည်းမရှိတော့ မရလိုက်ဘူး။ နောက်ဆုံးတစ်ခေါက် တီဗီကနေ ပြည်သူအကုန်လုံး ၄၀၀၀၀ ကျပ်စီပေးမယ်လို့ ကြေငြာတဲ့အချိန်တစ်ကြိမ်ပဲရလိုက်တယ်။ နောက်ပိုင်း အခြေအနေတွေကမကောင်းတော့ အလှူရှင်တွေလည်း မလာတော့ဘူး။ ကိုဗစ်တတိယလှိုင်းပြီးလို့ ၂၀၂၁ ကုန်ခါနီးလောက်မှာ ကျူးအိမ်တွေဖျက်ရတော့ အခြေအနေကပိုဆိုးသွားတယ်။ အရင်အိမ်လခပေးစရာမလိုတဲ့နေရာက အိမ်ကိုဖျက်လိုက်ရပြီး အဆောင်မှာတစ်လ ၈ သောင်းပေးပြီး ပြောင်းနေလိုက်ရတယ်။ တစ်လတစ်လ အဆောင်လခအတွက်ပဲ တွေးပူပြီး ရတဲ့ပိုက်ဆံလေးကိုစုနေရတော့ အစစအရာရာ ပိုပြီးခက်ခဲသွားတာပေါ့။ ဝင်ငွေက နည်းသွားတဲ့အပြင် ပုံမှန်လည်းမရှိတော့ မိသားစုစားဝတ်နေရေးက တစ်ဖြည်းဖြည်းကျပ်တည်းလာတာပေါ့။ မိသားစု ခြိုးခြံချွေတာပြီး နေမယ် ဆိုရင်တောင် ကုန်ဈေးနှုန်းတွေကလည်း အဆမတန်ဈေးတွေ တက်နေတော့ သူများဆီက အတိုးနဲ့ချေးငှားပြီး စားဝတ်နေရေး အတွက်ဖြေရှင်းရတာပေါ့။



သားတို့မိသားစု စားဖို့အရမ်းခက်ခဲလာတော့ သားလည်း ကျောင်းမတက်ရမယ့်အတူတူ မထူးဘူးဆိုပြီး ရရာအလုပ်ထွက်လုပ်လိုက်တာပေါ့။ သားကအလုပ်ကို အသက် ၁၃ နှစ်လောက်ကတည်းက စလုပ်ဖြစ်တာ။ အရင်တုန်းကဆို ကျောင်းပိတ်ရက်တွေမှာ အိမ်နားကဦးလေးတွေက ပန်းရံတွေလုပ်ဖို့ ခေါ်ရင်လိုက်လုပ်တယ်။ ကျောက်ထမ်းမယ်ဆိုလည်း လိုက်သွားတာပဲ။ ကုန်ချမယ်ဆိုလည်း သွားလုပ်လိုက်တာပဲ။ အဲ့ဒီတုန်းက လူကောင်နည်းနည်းသေးတော့ အလုပ်တွေက သိပ်မခေါ်ချင်ကြဘူး။ ဒီနှစ်မှ သားက လူကောင်နည်းနည်းကြီးလာတော့ အလုပ်တွေက လာခေါ်ကြတာ။ အခုက အရင်ကထက်စာရင် လုပ်စရာအလုပ်တွေ ပိုများလာတာပေါ့။ အခုလုပ်နေတဲ့ ကုန်ထမ်းတဲ့အလုပ်ကိုတော့ ၂၀၂၁ - ၃ လပိုင်း ၄ လပိုင်း ကိုဗစ်ရောဂါတွေ ဖြစ်နေတဲ့အချိန်မှာ စလုပ်ဖြစ်တာပေါ့။ အိမ်ဘေးကအစ်ကိုကြီးက ဘုရင့်နောင်ပွဲရုံမှာ ကုန်လိုက်ထမ်းမလားဆိုပြီး လာခေါ်တာနဲ့ လိုက်သွားလိုက်တယ်။ အဲ့ချိန်ကစပြီး ဒီကုန်ထမ်းတဲ့အလုပ်ကိုပဲ လုပ်ဖြစ်သွားတာပေါ့။

ဘုရင့်နောင်ပွဲရုံမှာ ကုန်ထမ်းတုန်းက မနက် ၅ နာရီခွဲလောက်ထပြီး ဟိုဘက်ကမ်းကို သမ္ဗာန်နဲ့ ကူးသွားရတယ်။ အလုပ်ကို ၆ နာရီမထိုးခင်လောက်ဆို ရောက်သွားပြီး စလုပ်ရတာပေါ့။ အဲ့ဒီမှာက လူတွေအများကြီးနဲ့ထမ်းကြတာ သားလိုပဲကုန်ထမ်းတဲ့သူတွေ အယောက် ၄၀-၅၀ လောက်ရှိတယ် အရွယ်စုံပဲ။ သားအရွယ်တွေလည်း ၅ ယောက် ၆ ယောက်လောက်ပါတယ်။ သင်္ဘောကပ်တာနဲ့ လာတဲ့ကုန်လေးတွေကို လူကြီးတွေနဲ့အပြိုင်အဆိုင်လုထမ်းရတာပေါ့။ ညနေ ၅ နာရီခွဲလောက်ဆို အလုပ်သိမ်းတယ်။ တစ်နေ့ကို ၁၁ နာရီလောက် လုပ်ရတာပေါ့ ကြားထဲမှာထမင်းစားချိန် ၅ မိနစ် ၁၀ မိနစ်လောက်ပဲရတယ်။ လုပ်ရတာပင်ပန်းတယ် သိပ်အဆင်မပြေဘူး။ နေ့တိုင်း ကုန်အချိန် ၃၀-၄၀ လောက်ကို ထမ်းရတော့ ညနေအိမ်ပြန်ရင် ခါးတွေအရမ်းနာတယ်။ အမေက ညတိုင်းဆေးတွေ စပ်တိုက်ပါတယ်။ ဆေးသောက်ပြီး အိပ်လိုက်တော့လည်း မနက်ရောက်ရင် သက်သာသွားတာပါပဲ။ သက်သာသွားတာနဲ့ မနက်အလုပ်ပြန်သွားရတာပေါ့။ အလုပ်ကတော့ ကိုဗစ်ရောဂါတွေ ပါးလို့ ကုန်တွေဝင်လာတာစိပ်ရင် နည်းနည်းအဆင်ပြေတယ်။ လုပ်အားခက ကိုယ်ထမ်းနိုင်သလောက် ရတယ်ဆိုပေမယ့် အများဆုံးရမှ တစ်နေ့

ကို ၄၅၀၀ လောက်ပါပဲ။ ကုန်တွေအလာနည်း တဲ့ရက်တွေဆို ၃၀၀၀ ကနေ ၄၀၀၀ ကြားပဲရတယ်။ ကုန်မလာတဲ့ရက်တွေဆို အလုပ်ရှင်က လမ်းစားရိတ် ၁၀၀၀-၁၅၀၀ လောက်ပေးပြီး အိမ်ပြန်ခိုင်းတယ်။ အဲ့လိုနေ့မျိုးဆို အရမ်းစိတ်ညစ်တာပေါ့။

သားအဲ့ဒီမှာလုပ်နေတုန်း ကိုဗစ်ရောဂါတွေအရမ်းဖြစ်ကြတော့ သားတို့တစ်အိမ်လုံး ဖျားသွားကြသေးတယ်။ သားနဲ့သားအမလည်း အလုပ်တစ်ပတ်လောက်နားလိုက်ရတယ်။ နည်းနည်းသက်သာလာတော့ အလုပ်ပြန်ဆင်းရတာပေါ့။ စားဝတ်နေရေးက ရှိသေးတယ်လေ။ လုံးဝမသက်သာသေးပေမယ့်လည်း ဆေးတွေသောက်နှာခေါင်းစည်းတွေတပ်ပြီး အလုပ်သွားရတာပဲ။ အဲ့ဒီအချိန်တုန်းက ရောဂါတွေအရမ်းဆိုးနေတော့ နှာခေါင်းစည်းတွေတပ်မှ အလုပ်ကဝင်ခွင့်ပေးတယ်။ နှာခေါင်းစည်းတွေကလည်းအရမ်းဈေးကြီးတော့ နှာခေါင်းစည်းမဝယ်နိုင်လို့ အလုပ်မသွားရတဲ့ ရက်တွေဆိုဝင်ငွေမရဘူးပေါ့။

အခုတော့ ဘုရင့်နောင်ကမ်းမှာ ဝင်ငွေသိပ်မကောင်းလို့ မလုပ်တော့ဘူး။ ကြက်စာပွဲရုံမှာကုန်ထမ်းနေတာ ၂ လလောက်ရှိပြီ။ မနက် ၆ နာရီကနေ ညနေ ၅ နာရီခွဲအထိလုပ်တယ်။ ကုန်ဝင်တဲ့နေ့ဆို ၁၀၀၀၀ လောက်ရပြီး ကုန်မဝင်တဲ့ရက်ဆို ၆၀၀၀ လောက်ပဲရတယ်။ ဒီမှာက ကုန်ထမ်းတဲ့လူ အများကြီးမရှိဘူး။ သားအပါအဝင်မှ ၅ ယောက်ပဲရှိတော့ အပြိုင်အဆိုင် လုပြီးထမ်းစရာမလိုဘူးပေါ့။ ဒါပေမယ့် တစ်ချို့နေ့တွေဆို အချိန် ၆၀-၇၀လောက်ထိလေးတဲ့ အထုတ်တွေထမ်းရတဲ့နေ့တွေရှိတယ်။ ဒါပေမယ့် သားလည်းကုန်ထမ်းတာ အသားကျသွားပြီဆိုတော့ အရင်ကလို ခါးနာတာတွေတော့မရှိတော့ဘူး။ တခါတလေ ကုန်ထမ်းရင်းပြုတ်ကျလို့ နာတာမျိုးတော့ရှိတာပေါ့။ ဆေးလိမ်းလိုက်ရင်တော့ ပျောက်သွားပါတယ်။ ကြက်စာရုံမှာကုန်ထမ်းတာက အရင်နေရာထက်ပိုက်ဆံပိုရတယ်ဆိုပေမယ့် အခုချိန်မှာက အဆောင်လခပေးရမှာရယ် ညီမလေးကလည်းကျောင်းပြန်တက်နေပြီဆိုတော့ ကျောင်းစရိတ်ကလည်းရှိသေးတာရယ်ကြောင့် စားဝတ်နေရေးက ကိုဗစ်တွေ ဖြစ်နေတုန်းကထက်တောင် ပိုပြီးခက်ခဲသွားတယ်လို့ထင်တယ်။ အခုဆို အစ်မကလည်း အလုပ်နားထားရတော့ အိမ်မှာသားတစ်ယောက်တည်းဝင်ငွေပဲ ရှိတော့တာပေါ့။ ဒီကရတဲ့ဝင်ငွေနဲ့ ချိန်ပြီး မိသားစုလောက်ငအောင် စားသောက်နေရတော့ ထမင်းတစ်နပ်ပဲစားရတဲ့ နေ့တွေလည်း ရှိတယ်။

သားစိတ်ညစ်လာရင်တော့ အမေ့ကိုပဲ ရင်ဖွင့်ဖြစ်တာများတယ်။ စိတ်ညစ်လည်းမိသားစုတွေ တစ်ယောက်နဲ့တစ်ယောက် စလိုက်နောက်လိုက်နဲ့ပျော်အောင်နေကြတယ်။ အခုဆိုကျောင်းတွေကလည်း ပြန်ဖွင့်နေပြီ သူများတွေ ကျောင်းတက်နေကြတာမြင်ရင် သားလည်းကျောင်းတက်ချင်တာပေါ့။ ကျောင်းမတက်ရတော့ စိတ်ထဲမှာဝမ်းနည်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းပြန်တက်ခွင့်ရမယ်ဆိုရင်တော့ တက်ချင်သေးတယ်။ သားအိပ်မက်က ဆရာဝန်ဖြစ်ချင်တာဆိုပေမယ့် အခုအခြေအနေက မိသားစုအတွက် ပိုက်ဆံရှာပေးရမှာဆိုတော့လည်း ဘာမှမတတ်နိုင်ဘူးပေါ့။ အခုချိန်မှာတော့ ပိုက်ဆံသာရှိရင် ခြံလေးတစ်ခြံဝယ်ပြီး မိသားစုနဲ့အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ပဲနေသွားချင်တော့တယ်။ အဲဒီလို ဖြစ်နိုင်အောင်လည်း သားကြိုးစားမယ်လို့ စိတ်ကူးထားတယ်။



## ၄။ နိုင်ငံ့ဂုဏ်ဆောင်ဂိမ်းမာဖြစ်ချင်တဲ့ ရွှေ့ပြောင်းအလုပ်သမားလေး ကျွန်တော်

သားနာမည်က အောင်ထက်လို့ခေါ်ပါတယ်။ သားတို့က ကရင်တိုင်းရင်းသားတွေပါ။ သားတို့မှာ မိသားစု ၆ ယောက်ရှိတယ် သားတို့မောင်နှမ ၄ ယောက်ရယ် အဖေနဲ့ အမေရယ်ပေါ့။ သားက အလတ်ပါ။ သားအမက အသက် ၁၇ နှစ်ပြည့်ပြီးသွားပြီ။ သားက (၁၄) နှစ်။ သားအောက်က နှစ်ယောက်က ၉ နှစ်နဲ့ ၈ နှစ်ပါ။ သူတို့ကတော့ ကျောင်းတက်နေတယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သားတို့က တွံတေးဘက်ကနေ လှိုင်သာယာကိုပြောင်းလာတာပါ။ ဒီကိုစရောက်တုန်းကတော့ အိမ်ငှားနေကြတယ်။ နောက်ပိုင်းအဖေနဲ့အမေက အလုပ်လေး လုပ်ရတော့ ပိုက်ဆံစုပြီး ကျူးကျော်ရပ်ကွက်မှာ မြေလေးတစ်နေရာကိုအရစ်ကျနဲ့ ဝယ်လိုက်တယ်။ အဲ့ဒီမှာ အိမ်သေးသေးလေးဆောက်ပြီးနေကြတယ်။ အဲဒီတုန်းက အိမ်လခမပေးရဘူးပေါ့။

ကိုဗစ်ရောဂါတွေ မဖြစ်ခင်တုန်းကတော့ အဖေရယ် အမေရယ် အမရယ်သုံးယောက်စလုံး အလုပ်ရှိကြတယ်ဆိုတော့ မိသားစုစားဝတ်နေရေးအဆင်ပြေကြတယ်။ အဖေက ဆောက်လုပ်ရေးတစ်ခုမှာ လုံခြုံရေးလုပ်တယ်။ အမေက အင်းစိန်က တရုတ်မုန့်တိုက်တစ်ခုမှာလုပ်တယ်။ သားအစ်မကတော့ မိသားစုစားဝတ်နေရေး အဆင်မပြေလို့ ၁၀ တန်းမှာ ကျောင်းထွက်ပြီး အမေလုပ်တဲ့ မုန့်လုပ်ရုံမှာ နေစားငြိမ်းနဲ့ဝင်လုပ်တယ်။ တစ်လကို တစ်သိန်း ရှစ်သောင်းလောက်ရတယ်။ အမက အခုဆို တရုတ်စကားလည်း နည်းနည်းပါးပါးပြောတတ်ပြီ။ သားနဲ့ညီမလေးက ကျောင်းတက်နေတာပေါ့။ သားက ၇ တန်းအောင်ပြီးပြီ။

ကိုဗစ်ရောဂါတွေဖြစ်ပြီး တစ်လလောက်ကြာတော့ အဖေအလုပ်လုပ်နေတဲ့ ဆောက်လုပ်ရေးက ဆက်မလုပ်တော့ပဲ ပိတ်သွားတယ်။ အမေအလုပ်လုပ်နေတဲ့ မုန့်တိုက်လည်းပိတ်ပြီး အခြား

နေရာကိုပြောင်းသွားတော့ အမေလည်း အလုပ်ထွက်လိုက်ရတယ်။ အဲဒီကတည်းက အဖေနဲ့အမေက အလုပ်မလုပ်ရတော့ဘူး အိမ်မှာပဲနေကြတော့တယ်။ အဖေကတော့ တခါတလေ ကျပန်းအလုပ်တွေရှိရင် ထွက်လုပ်တယ်ဆိုပေမယ့် အဲ့ဒီအလုပ်တွေကလည်း အမြဲမရှိတော့ အဆင်မပြေဘူးလေ။ အဖေနဲ့အမေ အလုပ်မလုပ်ရတော့ မိသားစုစားဝတ်နေရေး တော်တော်လေး အခက်အခဲတွေ ဖြစ်သွားတာပေါ့။ အမတစ်ယောက်တည်းရဲ့ လစာကိုမှီပြီး မိသားစု စားဝတ်နေရေးကိုဖြေရှင်းနေရတော့ ကြာရှည်ရပ်တည်ဖို့မဖြစ်နိုင်ဘူးလေ။ သားလည်း စာမေးပွဲတွေဖြေပြီး နွေရာသီကျောင်းတွေပိတ်ထားတုန်း အမလုပ်နေတဲ့ တရုတ်မုန့်ရုံမှာပဲ နေစားငြိမ်းနဲ့ ဝင်လုပ်ဖြစ်သွားတယ်။ အဲ့ဒီကတည်းက အစ်မနဲ့သားက မိသားစုအတွက် အဓိကဝင်ငွေရှာပေးတဲ့သူတွေ ဖြစ်သွားတာပေါ့။

သားအလုပ်က တရုတ်မုန့်တွေဖြစ်တဲ့ ပေါက်စီ၊ ဖက်ထုပ်နဲ့ မန်ထိုမုန့်တွေ လုပ်ဖို့အတွက် ဂျုံတွေနယ်ပေးရတယ်။ ဝက်သားတွေ လှီးရတယ်။ လစာကတော့ တစ်လ ၅ သောင်း၊ ၈ သောင်းလောက်ရတယ်။ အမရဲ့လစာလည်း ၁၈၀၀၀၀ လောက်ကနေ ၈ သောင်းလောက်ပဲရတော့တယ်။ ကိုဗစ်ရောဂါတွေ ဖြစ်နေတဲ့အချိန်ဆိုတော့ အော်ဒါမှာတဲ့သူ သိပ်မရှိလို့ မုန့်တွေလည်း နေ့တိုင်းမလုပ်ရဘူး။ တစ်လလုံးမှ အလုပ်လုပ်ရတဲ့ရက်က ၅ ရက်ကနေ ၁၀ ရက်အထိပဲရှိတယ်။ အလုပ်ရှိတဲ့နေ့တွေအတွက်ပဲ နေ့စားလုပ်အားခရတော့ လစာကပုံမှန်မရှိဘူး။ သားတို့က အလုပ်မရှိတဲ့နေ့တွေဆိုရင် ထမင်းဟင်းချက်ဖို့ ဝိုင်းကူရတယ်။ အိမ်အလုပ်နဲ့ အခြားအလုပ်တွေလုပ်ရတယ်။ မုန့်အော်ဒါတွေရှိလို့ အလုပ်လုပ်တဲ့နေ့တွေဆိုရင်တော့ တစ်နေကုန်မနားရပဲ အရမ်းပင်ပန်းအောင်လုပ်ရတယ်။ ဝက်သားတခါလှီးရင် ငါးပိဿာခြောက်ပိဿာလောက် လှီးရတော့ လက်တွေရောင်ပြီး အဆစ်တွေရမ်းနာတယ်။ ပုံမှန်အလုပ်ချိန်ကတော့ မနက် ၈ နာရီကနေ ည ၈ နာရီလောက်ထိဆိုပေမယ့် အလုပ်လုပ်တဲ့နေ့တွေမှာ နားချိန်ကမရှိသလောက်ပဲ။ တခါတလေ သူဌေးတွေအပြင်သွားတဲ့အချိန်မှာတော့ ခဏနားလို့ရတယ်။ အလုပ်များတဲ့နေ့တွေဆိုရင် မနက် ၇ နာရီလောက်ထပြီး အလုပ်စလုပ်ရတယ်။ ညဘက်ဆို ၁၀ နာရီလောက်မှအိပ်ရတယ်။ အလုပ်အရမ်းများတဲ့ ပွဲတော်ရက်တွေဆိုရင် မုန့်အော်ဒါတွေက အရမ်းများတော့ မနက် ၁ နာရီ၊ ၂ နာရီမှအိပ်ရတယ်။ တခါတလေ မနက် ၄ နာရီမှ အိပ်ရတဲ့နေ့တွေလည်းရှိတယ်။

ကိုဗစ်ရောဂါ ပထမလှိုင်း ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတလျှောက်လုံး ရောဂါကူးမှာစိုးလို့ သူဌေးတွေက အိမ်မပြန်ခိုင်းတော့ သားနဲ့သားအမလည်း အိမ်မပြန်ရဘူးပေါ့။ အလုပ်မလုပ်ရရင် ပိုက်ဆံမရဘူးဆိုတော့ ရောဂါကူးမှာလည်းကြောက်တယ်၊ အိမ်မပြန်ရတော့ မိသားစုကိုလည်း စိတ်ပူတယ်။ သားစိတ်ညစ်တဲ့အချိန်တွေရှိပေမယ့် ဘယ်သူ့ကိုမှလဲမပြောပြဖြစ်ဘူး။ စိတ်ညစ်ရင် ဖုန်းနဲ့ဂိမ်းဆော့တယ်။ တခါတလေတော့ ဘုရားဆီမှာဆုတောင်းတယ်။

သားတို့မိသားစုက ကိုဗစ်ရောဂါတော့မဖြစ်လိုက်ဘူး။ ပထမလှိုင်းမှာတုန်းက အဖေက သူ့ရဲ့အလုပ်မှာ ကိုဗစ်ရောဂါဖြစ်တဲ့သူတွေ့လို့ဆိုပြီး တစ်လလောက် ကွာရန်တိုင်း ဝင်လိုက်ရသေးတယ်။ ဒုတိယလှိုင်းမှာတော့ သားတို့မိသားစုတွေ နှာစေးချောင်းဆိုးပြီး ဖျားတာတော့ ဖြစ်ကြတယ်။ ဆေးသောက်လိုက်တော့ ပျောက်သွားတယ်။ ညီလေးအငယ်ဆုံးက ကျန်းမာရေးချူချာတော့ ခဏခဏ နေမကောင်းဖြစ်တယ်။ သူ့အတွက်ဆေးတွေဝယ်ရတယ် ဆေးခန်းတွေသွားရတယ်။ ကိုဗစ်ကာလမှာဆေးတွေက ဈေးကြီးပေမယ့် သားတို့မိသားစုက ကိုဗစ်ရောဂါတွေကူးမှာစိုးလို့ ဆေးတွေဝယ်ပြီး ဆောင်ထားတယ်။ အစားအသောက်ထက် ဆေးတွေဝယ်ဖို့ကို ပိုဦးစားပေးရတာပေါ့။

သားကတော့ ကိုဗစ်တတိယလှိုင်းတုန်းက သူဌေးမတွေ အိမ်ပြောင်းကြတော့ ပစ္စည်းတွေ

ကားပေါ်ကူတင်ပေးရင်းနဲ့ ဆီပုံးကြီးပြုတ်ကျမှာစိုးလို့ လှမ်းဆွဲလိုက်တာ သားလည်း ကားပေါ်က ပြုတ်ကျပြီး ညာဘက်လက် ကျိုးသွားတယ်။ သူဌေးတွေက ဆေးခန်းလိုက်ပို့ပြီးဆေးဖိုးအရင်ရှင်း ထားပေးပေမယ့် သားလုပ်ခထဲက ပြန်နှုတ်လိုက်တော့ အဲ့ဒီလက လစာ ၅ သောင်းလောက်ပဲရတယ်။ လက်ကဒဏ်ရာကြောင့် အလုပ်လည်းမဆင်းနိုင်ပဲ အိမ်မှာပြန်နေရတာပေါ့။ ညီလေးအတွက် ဆေးဖိုးရယ် ဆေးခန်းရက်ချိန်းသွားပြဖို့နဲ့ ဆေးဝယ်သောက်ဖို့ ပိုက်ဆံမရှိတဲ့အခါ ရပ်ကွက်ထဲမှာ အတိုးနဲ့ငွေချေးရတယ်။ အတိုးက ၁ သောင်းကို ၂ ထောင်ကျပ်ပေးရပြီး တစ်လတကြိမ် အရစ်ကျ ဆပ်ရတယ်။ ၂ ပတ်လောက်ကြာတော့ သားရဲ့လက်ကသက်သာသွားပေမယ့် သူဌေးတွေကသားကို အလုပ်မဆင်းခိုင်းတော့ပဲ အလုပ်ဖြုတ်လိုက်တယ်။ အဲ့ဒီအချိန်ကတော့ မိသားစုစားဝတ်နေရေး အရမ်းခက်ခဲတဲ့အချိန်ပေါ့။ အစားအသောက်နဲ့ အခြားအသုံးစရိတ်တွေကို လောက်ငအောင် တိုင်းထွာပြီးစားသောက်ရတယ်။ အမဆီက ရတဲ့ဝင်ငွေလေးနဲ့ အကြွေးတွေဆပ်ဖို့ဖယ်ရတယ်။ ရေဖိုး မီးဖိုးနဲ့ သောက်ရေသန့်ဖိုးတွေဖယ်ရတယ်။ ဟင်းတထောင်ဖိုးကို မိသားစုညမနက်လောက် အောင် စားရတယ်။ အမရဲ့ လစာလေးနဲ့မိသားစုစားဖို့ မလောက်တော့ဘူးလေ။ အတိုးနဲ့ ချေးငှားပြီး ဖြေရှင်းရတော့အကြွေးတွေလည်းတင်တာပေါ့။ အဲ့ဒီတုန်းက သားတို့ရပ်ကွက်ထဲမှာ ဆန်၊ကြက်ဥ နဲ့ ဆီတစ်ဘူး လာလှူတာတော့ရလိုက်တယ်။ ဆန်တစ်အိတ်ကို သားတို့မိသားစုနှစ်လလောက်စား လိုက်ရတယ်ဆိုတော့ ခဏတော့အဆင်ပြေတာပေါ့။ ကိုဗစ်တတိယလှိုင်း နောက်ပိုင်း အလှူရှင်တွေ သိပ်မရှိတော့ အဲ့လိုတွေ မရတော့ဘူးပေါ့။

ကိုဗစ်တတိယလှိုင်းအပြီး သားအိမ်ပြန်ရောက်ပြီး မကြာဘူး ကျူးကျော်ရပ်ကွက်ထဲက သားတို့အိမ်လေးလည်း ဖျက်တဲ့အထဲပါသွားတယ်။ အဲ့ဒီနားမှာပြန်ငှားနေဖို့ အိမ်ခန်းငှားခ မတတ်နိုင်လို့ သားတို့မိသားစုလည်း ရွာပြန်နေလိုက်သေးတယ်။ အဲ့ဒီနောက်ပိုင်းသားအမလည်း သူငယ်ချင်းအဆက်အသွယ်နဲ့ တရုတ်ပြည်နယ်စပ် လောက်ကိုင်ဘက်ကို အလုပ်လုပ်ဖို့ထွက်သွား တယ်။ အမက အဆင်ပြေတော့သားကိုလည်း အလုပ်လာလုပ်ဖို့ခေါ်တာနဲ့ သားလည်းဒီကို ရောက် လာတာပါ။ အခုတော့ အမသူငယ်ချင်းရဲ့အကူအညီနဲ့ ဒီမြို့က စားသောက်ဆိုင်တစ်ခုမှာ အလုပ် လုပ်နေတာ တစ်နှစ်ကျော်လောက်ရှိပြီ။ အရင်တုန်းကတော့ ကျောင်းပြန်ဖွင့်ရင် ဆယ်တန်းတက် မယ်၊ ဆယ်တန်းစားမေးပွဲအောင်သည်ဖြစ်စေ မအောင်သည်ဖြစ်စေ ဆယ်တန်းအထိတော့ ကျောင်းပြန်တက်မယ်လို့ စိတ်ကူးထားတာ။ ဒါပေမယ့် မိသားစုစားဝတ်နေရေးက သားတို့မောင်နှမ နှစ်ယောက်အပေါ်မှာပဲ မူတည်နေတော့ ကျောင်းဆက်မတက်ဖြစ်ပဲ အလုပ်ပဲဆက်လုပ်ဖြစ်သွား တယ်။ သားအလုပ်က သစ်သီးတွေ အချိုရည်တွေဖျော်တဲ့နေရာမှာလုပ်ရတယ်။ အလုပ်ချိန်က ည ၈ နာရီကနေ မနက် ၈ နာရီအထိ လုပ်ရတယ်။ နေ့ဆိုင်းညဆိုင်း ပြောင်းပြီးလုပ်ရတာလည်းရှိတော့ အိပ်ရေးတွေပျက်ပြီး ပင်ပမ်းတယ်။

သားက ကျောင်းလည်းပြန်မတက်ဖြစ်ဘူးဆိုတော့ အနာဂတ်အတွက် ဘာမျှော်လင့်ရမလဲ မသိတော့ဘူး။ ဒီအလုပ်မလုပ်ရင် ဘာလုပ်ရမလဲဆိုတာလည်း သားမသိဘူး။ သားကအလုပ်အားရင် ဖုန်းနဲ့ဂိမ်းဆော့တယ်။ နိုင်ငံဂုဏ်ဆောင်တဲ့ gamer တွေကို အားကျတယ် သူတို့လိုဖြစ်ချင်တယ်။

## ၅။ ပုံမှန်ဝင်ငွေရတဲ့ အလုပ်လေးလုပ်ချင်တယ်



သားနာမည်က အောင်ထွန်းပါ။ အသက်က ၁၇ နှစ်ရှိပြီ။ အိမ်မှာ မိသားစုဝင် ၈ ယောက်ရှိတယ်။ အမေရယ် အဖေရယ် သားတို့မောင်နှမ ၅ ယောက်ရယ် အစ်မက မွေးတဲ့ တူလေးရယ်ပေါ့။ သားတို့က ဝါးခယ်မ ဇာတိပေါ့။ ဒီလှိုင်သာယာကို ပြောင်းလာတာ ၃ နှစ် ၄ နှစ်ပဲ ရှိသေးတယ်။ အဲ့ဒီတုန်းက ကိုဗစ်ရောဂါကြီးမဖြစ်သေးဘူး။ အဖေက ငါးဖမ်းသင်္ဘောလိုက်ရင်း ဒီ လှိုင်သာယာမှာအလုပ်တွေကောင်းတယ်ဆိုလို့ မိသားစုလိုက်ပြောင်းလာကြတာ။ ဒီလည်းရောက်ရော အလုပ်တွေကထင်ထားသလို မကောင်းတော့ အဆင်မပြေဘူးပေါ့။ ကိုဗစ်ရောဂါတွေ မဖြစ်ခင်တုန်းက အလုပ်တွေမကောင်းဘူးဆိုပေမယ့် အလုပ်တွေက လုပ်စရာရှိသေးတယ်လေ။ သားတို့မိသားစုက တက်ညီလက်ညီအလုပ်လုပ်ကြတော့ စားဝတ်နေရေးက အဆင်ပြေနေသေးတယ်။ ကိုဗစ်ရောဂါတွေဖြစ်တော့ အလုပ်တွေက မကောင်း၊ ပုံမှန်ဝင်ငွေလည်းမရှိတော့ အရာရာပိုခက်ခဲသွားတယ်။ အခုလည်း ကိုဗစ်ရောဂါတွေပြီးသွားပေမယ့် အလုပ်တွေက အတည်တကျမရှိတော့ ဝင်ငွေလည်း မမှန်ဘူးပေါ့။

လှိုင်သာယာ စရောက်တော့ အဖေက ရေထိန်းတံခါးစောင့်တဲ့အလုပ်လုပ်ရတယ်။ သားတို့လည်းအဲ့ဒီမှာပဲ နေကြတယ်။ အရင်က အမေက ထင်းခွဲတဲ့အလုပ်လုပ်သေးတယ်။ အခုတော့အိမ်မှာနေရင်း ချက်ပြုတ်လျှော်ဖွတ်ပြီး ကလေး ထိန်းပေးတာပေါ့။ အစ်မက ထမင်းဆိုင်မှာလုပ်တယ်။ တစ်ရက် ၄၀၀၀ ရတယ်။ ညီလေးနဲ့ညီမလေးလည်း ကိုဗစ်တွေ မဖြစ်ခင်ကတည်းက ထမင်းဆိုင်မှာအလုပ်လုပ်ကြတယ်။ ညီလေးက ၁၂ နှစ်၊ ညီမလေးကတော့ ၉ နှစ်။ နှစ်ယောက်လုံး ၃ တန်းထိတော့နေဖူးတယ်။ သူတို့ ကျောင်းပြန်တက်ချင်ရင်တော့ ထားပေးမှာပါ။ ဒါပေမယ့် သူတို့ကလည်း ကျောင်းမတက်တာကြာတော့ ကျောင်းစာဘက်မှာ သိပ်စိတ်မဝင်စားကြတော့ပါဘူး။ သားအစ်ကိုလည်း ကျောင်းမတက်ဘူး။ အလုပ်ပဲ လုပ်တယ်။ ဒါပေမယ့် သူက ၁၄ နှစ်လောက်တုန်းက အသည်းရောင် အသားဝါဖြစ်ရာကနေ ဦးနှောက်ထဲပိုးဝင်ပြီး ဦးနှောက်ကို ထိထားတာဆိုတော့ အပင်ပန်းခံလို့မရဘူး။ အမေကသူ့ကို အလုပ်ကြမ်းတွေ သိပ်မလုပ်ခိုင်းဘူး။ သူလုပ်ချင်တဲ့ရက် လုပ်တယ်။ မလုပ်ချင်တဲ့ရက်ဆိုနားတယ်။ သားက သူငယ်တန်းအထိတော့ တက်ဖူးတယ်။ ၁၃ နှစ်လောက်ကမှ အလုပ်ကို သေသေချာချာစလုပ်ဖြစ်တာ။ အရင်တုန်းက သားနဲ့သားအကိုက အမြဲတမ်း အလုပ်အတူတူလုပ်ကြတယ်။ ပန်းရံလိုက်ကြတယ်။ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်နဲ့ အရက်ဆိုင်တွေမှာလည်းလုပ်ကြတယ်။



ကိုဗစ်ရောဂါတွေစဖြစ်တော့ သားနဲ့အကိုက ရွှေဂုံတိုင်ကထမင်းဆိုင်တစ်ဆိုင်မှာနေစား စားရိတ်ငြိမ်းနဲ့ လုပ်နေကြတာ။ အဲ့ဒီတုန်းက သားတို့က ငယ်သေးတော့ လစာဘယ်လောက် ရလဲတော့မသိဘူး။ လစာကို အမေက လာလာယူသွားတာဆိုတော့ အမေပဲသိတယ်။ သားတို့ အလုပ်ကမနက်ဆို ၅ နာရီအိပ်ယာကထပြီး ဆိုင်အတွက် ဟင်းချက်ဖို့ ဈေးဝယ်ပြီး ချက်ပြုတ်တာ ဝိုင်းကူပေးရတယ်။ ထမင်းဆိုင်ဖွင့်ဖို့ ပြင်ဆင်ရတယ်။ ပြီးရင် နေ့ခင်းဘက် တနေကုန် ထမင်းဆိုင်မှာလုပ်တယ်။ ညဘက်ဆို ဆိုင်ရှင်က ကျောက်ရုပ် ပန်းပုထုတာလုပ်တော့ ကျောက်တွေ တိုက်ပေးရတယ်။ ည ၉ နာရီ လောက်မှာ အဲဒီ တိုက်ထားတဲ့ကျောက်တွေကို သွားပို့ရတာ ည ၁၂ နာရီမှပြန်လာရတယ်။ သားအစ်ကိုကတော့ အဲ့ဒီ ကျောက်တိုက်တဲ့အလုပ်ကို သဘောကျတယ်။ အဲ့ဒီကဆရာကလည်း စိတ်ရှည်ရှည်နဲ့ သင်ပေးတော့ ပညာရတယ်။ သူလည်း စိတ်ဝင်စားတယ်တဲ့လေ။ ဒါပေမယ့် အဲ့ဒီအလုပ်က ညဘက်တွေဆို ကျောက်ပန်းပုရုပ်တွေကို ကားနဲ့သွားပို့ရပြီး ညနက်လူခြေတိတ်ချိန် အရမ်းနောက်ကျမှ ပြန်လာရတော့ သူများတွေက ဥပဒေနဲ့ မညီတာတွေ မကောင်းတာတွေ လုပ်နေတယ်ထင်မှာကြောက်လို့ သားတို့လည်း မလုပ်တော့ပဲ ထွက်လိုက်ရတယ်။ ရွှေဂုံတိုင်က ထမင်းဆိုင်မှာ အလုပ်လုပ်နေတုန်း ဘုရင့်နောင်ဈေးမှာ ကုန်ထမ်းနေတဲ့ အိမ်နားကသူငယ်ချင်းတွေက လာခေါ်တာနဲ့ သားနဲ့သားအကိုလည်း လိုက်သွားပြီး အဲ့ဒီမှာကုန်ထမ်းဖြစ်သွားတယ်။ အစ်ကိုကတော့ နေ့လည် ၁၂ နာရီလောက်ကနေ ညနေ ၄ နာရီလောက်ထိ လုပ်တယ်။ သားကတော့ မနက် ၄ နာရီလောက် အစောကြီးထသွားတယ် ညနေ ၅ နာရီ အိမ်ပြန်တယ်။ ကုန်အလာနည်းတဲ့ ရက်တွေဆို ၂၀၀၀-၃၀၀၀ လောက်ရတယ်။ ကုန်အလာများရင်တော့ ၄၀၀၀-၅၀၀၀ လောက် ရတယ်။

အဲ့ဒီအချိန်တုန်းက ကိုဗစ်ရောဂါတွေလည်း စဖြစ်နေပြီလေ။ အစပိုင်းတော့ အသွားအလာ ကန့်သတ်တာတွေရှိပေမယ့် အရမ်းမတင်းကျပ်ဘူး။ လမ်းနည်းနည်းထွက်လို့ရသေးတော့ အလုပ်လုပ်လို့ရသေးတယ်။ နောက်မှ တဖြည်းဖြည်း အလုပ်လုပ်လို့အဆင်မပြေဖြစ်လာတာ။ ကိုဗစ်တတိယလှိုင်းမှာ ကိုဗစ်ရောဂါကြောင့်ရော အခြေအနေတွေမကောင်းလို့ရော အချိန်အကန့်အသတ်နဲ့ အပြင်ထွက်ရတော့ ညဘက်တွေအလုပ်လုပ်လို့ မရတော့ဘူးပေါ့။ ပိုဆိုးတာက မနက်ဆို ၆ နာရီမှထွက်ရတယ်။ ညဆို ၈ နာရီအိမ်အရောက်ပြန်ရတော့ အလုပ်လုပ်ရတဲ့ အချိန်လည်း နည်းသွားတယ်။ အလုပ်တွေလည်း လုပ်ရတာအဆင် မပြေတော့ဘူးပေါ့။ အမရဲ့ ထမင်းဆိုင်အလုပ်ကလည်း ရက်ခြားပြီးပဲဆင်းရတော့ စားဝတ်နေရေး တော်တော်ကျပ်တည်းသွားတယ်။

ကိုဗစ်အစပိုင်းမှာ အလှူရှင်တွေက စားစရာတွေ လာထောက်ပံ့တာတွေတော့ရှိတယ်။ သားတို့က ခရစ်ယာန်ဆိုတော့ အသင်းတော်က ဆန်၊ဆီနဲ့ကြက်ဥတွေ လာထောက်ပံ့ပေးတာလည်း ရှိတယ်။ ငွေကြေး အထောက်အပံ့ကတော့ အစိုးရက လေးသောင်းပေးတုန်းက တစ်ခါရလိုက်တယ်။ သားတို့က မိသားစုများတော့ ဆန်ကမနက်တစ်ပြည် ညနေတစ်ပြည်နဲ့ တစ်နေ့ကို ၂ ပြည်လောက်ကုန်တယ်။ လာလှူတဲ့အထောက်အပံ့တွေ ရှိရင်တော့ နည်းနည်းအဆင်ပြေတာပေါ့။ နောက်ပိုင်းကျတော့ အခြေအနေတွေမကောင်းတော့ ဘယ်သူမှမလာကြတော့ဘူး။ အခုဆို အလှူရှင်တွေ မလာကြတာတော်တော်ကြာပြီ။

ကိုဗစ်တတိယလှိုင်းပြီးတဲ့အချိန် ကျူးကျော်ရပ်ကွက်ကအိမ်တွေ ဖျက်ရတော့သားတို့ အိမ်လည်း ပါသွားတော့ နေစရာမရှိတော့ဘူး။ အဖေလည်း အဲ့ဒီရေထိန်းတံခါးစောင့် အလုပ်

ကနေ ထွက်လိုက်ရပြီး သားတို့မိသားစုလည်း အခုနေတဲ့နေရာကို ပြောင်းလာကြတယ်။ ဒီရောက်တော့ အဖေက ဆောက်လုပ်ရေးဆိုက်တခုမှာ ပန်းရံလုပ်တယ်။ အဖေ့အလုပ်ကလည်း ကျပန်းအလုပ် ဆိုတော့ ပုံမှန်ဆင်းရတာလည်းမဟုတ်ဘူးလေ။ အမကလည်း ထမင်းဆိုင် အလုပ်တွေမကောင်းလို့ ရက်ခြားပြီးပဲသွားရတော့တယ်။ ပြီးတော့ သားတို့မိသားစုလည်း ဖျားသွားကြသေးတယ်။ သားတို့က ပိုက်ဆံကလည်းမရှိ ဆေးထိုးဆေးသောက်လည်းကြောက်ကြတော့ ဆေးခန်းမသွားကြဘူး။ အမေက လောက်သေရွက်တွေ ပြုတ်တိုက်တယ်။ နေမကောင်းပေမယ့် အလုပ်ရှိတယ်ဆိုရင်မနားဘူး။ အလုပ်ကအမြဲမရှိနိုင်ဘူးလေ။ အလုပ်မရှိတဲ့ ရက်ဆိုရင်တော့ မနားချင်လည်းနားရတာပေါ့။ ကိုဗစ်တွေ ပြီးသွားပေမယ့် ခုချိန်ထိအလုပ်က လုပ်ရတစ်ရက် မလုပ်ရတစ်ရက်ပဲ။ အမကလည်း အလုပ်တွေမကောင်းလို့ အလုပ်မလုပ်ရတော့ စိတ်ညစ်ပြီး တူလေးကိုထားခဲ့ပြီး အိမ်ကထွက်သွားတယ်။ အခုချိန်ထိ အဆက်အသွယ်လည်းမရဘူး။ တူလေးကိုတော့ သားတို့ပဲ စောင့်ရှောက်ထားတာပေါ့။

အခုသားက ဘုရင့်နောင်ပွဲရုံအလုပ်ကနေ နောက်ပွဲရုံတခုမှာပြောင်းပြီး ကုန်ထမ်းနေတာ ၂ လလောက်ရှိပြီ။ အစ်ကိုကတော့ ဘုရင့်နောင်ကမ်းနားမှာပဲ ကုန်ဆက်ထမ်းပြီးနေခဲ့တယ်။ ဒီမှာတော့ ကုန်တွေဝင်ရင် တစ်နေ့ကို ၄၀၀၀ ကနေ ၆၀၀၀ လောက်ရတယ်။ ကုန်မဝင်တဲ့နေ့တွေ အလုပ်ရှင်က ဒီတိုင်းလမ်းစရိတ်မပေးပဲ အိမ်ပြန်လွှတ်တဲ့နေ့တွေဆို အဆင်မပြေဘူးပေါ့။ တစ်ချို့ရက်တွေ စားဝတ်နေရေး အခက်အခဲဖြစ်တဲ့အချိန်ဆိုရင် အမေက အကြွေးတွေယူပြီးပဲ ဖြေရှင်းလိုက်တာပဲ။ အစ်ကိုကတော့ပြောတယ် အလုပ်မရှိတဲ့ရက် တူလေးကဗိုက်ဆာလို့ဂျီကျတဲ့အခါ မုန့်မဝယ်မကျွေးနိုင်တာမျိုး ရိုက်မိတာမျိုးဆိုရင် စိတ်ညစ်တယ်တဲ့။ သားကတော့ စိတ်ညစ်တဲ့အချိန်ဆို ဘုရားကိုပဲဆုတောင်းတယ်။ အမေကလည်း ဘုရားကိုပဲဆုတောင်းဖို့ ပြောတယ်။ ဆုတောင်းရင် စိတ်သက်သာရာရတယ်လေ။ အခုက ကိုဗစ်ရောဂါတွေလည်း ပါးသွားပြီဆိုတော့ စက်ရုံအလုပ်လိုမျိုး ဝင်ငွေပုံမှန်ရပြီး တည်မြဲတဲ့အလုပ်လေးလိုချင်တယ်။ ကုန်ထမ်းတဲ့အလုပ်က မတည်မြဲတော့ ရေသန့်စက်ရုံမှာပဲဖြစ်ဖြစ်လုပ်ချင်တယ်။ အခု လောလောဆယ်တော့ ပန်းရံလိုက်တဲ့အလုပ်တစ်ခု ပြောထားတာရှိတယ်။ ရရင်တော့လုပ်ရမှာပေါ့။ နောက်ပြီးအဖေ့က အသက်ကြီးပြီဆိုတော့ အလုပ်လည်း သိပ်လည်းမလုပ်နိုင်တော့ဘူးလေ။ အဖေ့ကိုလည်း နားစေချင်တယ်။ အနာဂတ်မှာတော့ အလုပ်ကိုပဲသေသေချာချာ ကောင်းကောင်းမွန်မွန်လုပ်ပြီး ကိုယ်ပိုင်ခြံလေးနဲ့ မိသားစု အေးအေးချမ်းချမ်း နေသွားချင်တယ်။ စိတ်ကူးထားတာလေးတွေ ဖြစ်လာမယ်လို့လည်း မျှော်လင့်တယ်။

# ၆။ အရင်လို အမေနဲ့အတူတူပြန်နေချင်တယ်

သားနာမည်က ထွန်းထွန်းပါ။ အသက်က (၁၆)နှစ်ပါ။ အမေကတော့ပြောတယ် 'သားက အခြားသူတွေနဲ့ မတူဘူး ဉာဏ်ရည်ဖွံ့ဖြိုးမှုပိုင်းမှာအားနည်းလို့ အထူးပြုစုစောင့်ရှောက်မှု လိုအပ်တဲ့ကလေး' တဲ့။ သားအဖေနဲ့အမေက လှိုင်သာယာမြို့စတည်ကတည်းက ရောက်လာကြတာဆိုတော့ သားကိုလည်း လှိုင်သာယာမှာပဲ မွေးခဲ့တာ။ အရင်တုန်းကတော့ သားတို့မှာမိသားစု (၅)ယောက်ရှိခဲ့တာပေါ့။ အဖေရယ်၊ အမေရယ်၊ သားအမနှစ်ယောက်နဲ့သားရယ်ပေါ့။ အဖေက သားအသက်(၁)နှစ်ကျော်ကတည်းက အစာအိမ်ရောဂါနဲ့ဆုံးသွားတယ်။ အဖေဆုံးသွားပြီးနောက်ပိုင်း သားတို့က အဘွားပိုင်တဲ့ အစိုးရကပေးတဲ့မြေကွက်ကလေးမှာ အဘွားနဲ့အတူတူနေကြသေးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အဘွားကျန်းမာရေးမကောင်းတော့ ဆေးကုဖို့ပိုက်ဆံလိုတာနဲ့ အဘွားရဲ့ အိမ်ကိုရောင်းလိုက်ရတယ်။ အဘွားဆုံးပြီးကတည်းက သားတို့လည်း တံတားအောက်မှာ တဲအိမ်လေးသေးသေးလေး ဆောက်ပြီးနေခဲ့ကြတာ။ အမနှစ်ယောက်ကတော့ အိမ်ထောင်ကျသွားကြပြီး သူတို့မိသားစုနဲ့သူတို့ အခြားမြို့မှာနေကြတယ်။ သားတို့ကိုလည်း အဆက်အသွယ် သိပ်မလုပ်တာကြာပြီဆိုတော့ သားရယ်၊ အမေရယ် နှစ်ယောက်တည်းပဲနေလာခဲ့ကြတာပေါ့။ အခုဆိုအမေ့အသက်က (၅၂)နှစ်ရှိပါပြီ။ အဖေဆုံးပြီးကတည်းက အလုပ်မျိုးစုံလုပ်ပြီးသားတို့ကိုကျွေးမွေးစောင့်ရှောက်ခဲ့တာ အခုချိန်ထိပါပဲ။



ငယ်ငယ်တုန်းကတော့ အမေကသားကို ပညာရေးနဲ့ပက်သက်ပြီး အများကြီးမျှော်လင့်ခဲ့တာပေါ့။ သားကို ဆယ်တန်းအထိ ကျောင်းတက်စေချင်ခဲ့တယ်။ ဒါပေမယ့် သားကကျောင်းကို ပထမတန်းအထိပဲတက်ပြီး ထွက်ခဲ့ရတယ်။ သားကမွေးရာပါရောဂါကြောင့် စကားပြောတာလည်း မပီဘူး၊ သူများတွေနဲ့လည်းမတူဘူးဆိုတော့ ကျောင်းမှာ အခြားကလေးတွေ အနိုင်ကျင့်တာခံရတယ်။ အဲ့ဒါကြောင့် အမေက သားကို ကျောင်းမှာစိတ်မချဘူးဆိုပြီး ကျောင်းထုတ်လိုက်တယ်။ အဲ့ဒီနောက် အမေက သူသွားတဲ့နေရာ အလုပ်လုပ်တဲ့နေရာတိုင်း သားကိုခေါ်သွားတယ်လေ။ သားလည်းငယ်ငယ်ကတည်းက အမေနဲ့အတူတူလိုက်ပြီး အမေ့အလုပ်တွေကို ဝိုင်းလုပ်ပေးတယ်၊ ပလုံ (ဘူးခွံ)တွေ လိုက်ကောက်ပေးတယ်။

ကိုဗစ်မဖြစ်ခင်တုန်းက အမေနဲ့သားက အထည်ချုပ်စက်ရုံမှာ တစ်လ(၃သောင်းခွဲ)နဲ့ (၂) နှစ်လောက် သန့်ရှင်းရေးလုပ်ဖူးသေးတယ်။ ပြီးတော့ အပိုပိုက်ဆံလေးရအောင် အဲ့ဒီစက်ရုံက သူဌေးမအိမ်မှာ အဝတ်လျှော်၊ သန့်ရှင်းရေးလည်း လုပ်ပေးတယ်။ သိပ်တော့မကြာပါဘူး စက်ရုံသူဌေးမလည်းမရှိတော့ အမေလည်း အလုပ်ကနေထွက်လိုက်ရတယ်။ နောက်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ အမေနဲ့အတူတူ (၃)နှစ်လောက် လုပ်ခဲ့သေးတယ်။ အဲ့ဒီလက်ဖက်ရည်ဆိုင်လည်း ပိတ်လိုက်တော့ သားတို့လည်း မလုပ်ရတော့ဘူး။ အဲ့ဒီနောက်ပိုင်း ဆောက်လုပ်ရေးမှာ ပန်းရံဝင်လုပ်သေးတယ်၊ တခါတလေ ရပ်ကွက်ထဲမှာကျပန်းအလုပ်တွေ ရှိရင်လည်းလုပ်တယ်။ နောက်ပိုင်း အမေနဲ့သားနှစ်ယောက်လုံး အတူတူလုပ်လို့ရတဲ့ အလုပ်တွေရှာရတာအဆင်မပြေတော့ အမေနဲ့အတူတူ မြို့ထဲနဲ့ရပ်ကွက်တွေထဲမှာ တွန်းလှည်းလေးနဲ့ဘူးခွံတွေ၊ စွန့်ပစ်ပစ္စည်းတွေ ကောက်ပြီးရောင်းစားကြတယ်။ အဲ့ဒီအချိန်တုန်းက ဘူးခွံတွေရှာဖွေလို့ကောင်းတော့ တစ်ရက်ကို အနည်းဆုံး တစ်သောင်းခွဲကနေ နှစ်သောင်းလောက်ရတယ်။ ပင်ပန်းပေမယ့် သားတို့သားအမိအဖို့ အတူတူအလုပ်လုပ်လို့ရတယ်။ သားတို့ရတဲ့ဝင်ငွေကလည်း စားဝတ်နေရေးအတွက် အဆင်ပြေတယ်လေ။

ကိုဗစ်ရောဂါတွေစဖြစ်ပြီး လော့ဒေါင်းတွေချတဲ့အချိန်မှာ အပြင်ထွက်ပြီး အလုပ်လုပ်မယ်ဆိုလည်း အရင်လိုထွက်ချင်တဲ့အချိန် ထွက်လို့မရတော့ဘူး။ သားတို့သွားကောက်နေကျ လူစည်တဲ့ နေရာတွေလည်း ပိတ်ထားကြတော့ အရင်လိုသွားကောက်လို့မရတော့ဘူး။ အလုပ်တွေလည်း ပိတ်တော့ လူတွေကလည်း သိပ်အပြင်မထွက်ကြတော့ ကောက်စရာဘူးခွံတွေလည်း သိပ်မရှိဘူး။ ဘူးခွံတွေကောက်ရတာ အဆင်မပြေတော့ ပိုက်ဆံရှာရခက်သွားတာပေါ့။ တစ်ခါတစ်လေ မနက်အစောကြီး ၃ နာရီ ၄ နာရီလောက်ထွက်ပြီး ကောက်တယ်။ မနက် ၈ နာရီ ၉ နာရီလောက် အိမ်ပြန်လာတယ်။ တမနက်လုံး နေရာအနှံ့ လျှောက်သွားပြီး အကြာကြီးကောက်မှ ၃ ထောင်လောက်ပဲရတာဆိုတော့ စားဖို့လည်းမလောက်ဘူးပေါ့။

ကိုဗစ်ဖြစ်ပြီးနောက်ပိုင်း လော့ဒေါင်းတွေနဲ့ အပြင်မထွက်ရဆိုတဲ့ စည်းကမ်းချက်တွေကြောင့် အလုပ်ကောင်းကောင်း မလုပ်ရတော့ဘူး။ သားတို့လည်း စားဝတ်နေရေးတော်တော်လေးကို ခက်ခဲသွားတာပေါ့။ အရင်လို အပြင်ထွက်ပြီး ဘူးခွံတွေကောက်ချင်တဲ့အချိန် ကောက်လို့မရတော့ဘူး။ လုံခြုံရေးအခြေအနေတွေကြောင့် ညမိုးချုပ်ရင်လည်း အပြင်မထွက်ရတော့ ပလုံကလည်း အရင်ကလို ကောက်လို့မရတော့ဘူးပေါ့။ ဝင်ငွေကမရှိ ကုန်ပစ္စည်းတွေလည်း ဈေးတက်ကုန်တော့ စားဖို့သောက်ဖို့နဲ့ နေဖို့က မလောက်ငှတော့ဘူးပေါ့။ ကိုဗစ်အစပိုင်းတုန်းက အလှူရှင်တွေဆီက ဆီ (၁) ဘူးနဲ့ ဆန် (၂) ပြည်လောက်ရဖူးတယ်။ အပြင်ထွက်လို့မရတော့ ဘူးတွေလည်း ကောက်လို့

မရတော့တဲ့အချိန်တွေဆိုရင် မနက်ပိုင်းထမင်းစားပြီးရင် ညနေစာမစားရဘူးပေါ့။ ရပ်ကွက်ထဲက ရင်းနှီးတဲ့သူတွေဆီမှာ ဆန် ၁ ပြည် ၂ ပြည်လောက်သွားတောင်းတယ်။ တခါတလေ သူများဆီက (၃)ကျပ်တိုးနဲ့ ပိုက်ဆံချေးပြီးစားတယ်။ ဘူးခွံတွေပြန်ကောက်တဲ့အခါ ပြန်ဆပ်တယ်။ ဟင်းမရှိတဲ့အချိန်ဆိုရင်လည်း ထမင်းကို ဆီလေး၊ ဆားလေးနဲ့ လူးစားလိုက်တယ်။ ဒီလိုပဲ သားအမိ(၂)ယောက် ပြေလည်အောင် ဖြေရှင်းလိုက်ကြတယ်။

ကိုဗစ်ကာလမှာ သားရောအမေရော ကိုဗစ်ရောဂါမဖြစ်လိုက်ဘူး။ သားတို့က နှာခေါင်းစည်းတွေ အမြဲတမ်းသုံးတယ်။ အိမ်ပြန်ရောက်ရင် အိမ်ထဲမဝင်သေးပဲ လက်တွေဆေး၊ ရေချိုးခေါင်းလျှော်တာတွေလုပ်ပြီးမှဝင်တယ်။ တခါတလေ ကိုယ်လက်မအီမသာဖြစ်ရင် နေမကောင်းဖြစ်မှာစိုးလို့ ဆေးကြိုသောက်ကြတယ်။ ဒါပေမယ့် သားမှာ ဗိုက်အောင့်တဲ့ရောဂါရှိတော့ ဗိုက်တအားအောင့်တဲ့အချိန်ဆိုရင် ဆေးခန်းတွေပြရတယ်။ တခါတလေ ကောင်းကောင်းအနားမယူရလို့ အရမ်းပင်ပန်းလာရင် သားက စိတ်ညစ်ပြီး အော်ဟစ်သောင်းကျန်းတတ်တာကြောင့် အလုပ်က ပြန်လာတဲ့အခါ ရေချိုးထမင်းစားပြီးရင် အမေက သားကို တရေးတမောအိပ်ပြီး အနားယူခိုင်းတယ်။ အမေရဲ့ကျန်းမာရေးကကောင်းတယ်။ အလုပ်မရှိမှာကိုတော့ အရမ်းစိတ်ပူတယ်။ တခါတလေ အလုပ်မရှိတဲ့အခါ ပိုက်ဆံရှာဖို့ခက်ခဲတဲ့အခါ သားဒုက္ခရောက်မှာကိုတွေးပြီး စိတ်ပူတာတို့ စိတ်ဓာတ်ကျတာတို့ရှိတယ်။

ပြီးခဲ့တဲ့နှစ် ၂၀၂၁ ခုနှစ်တုန်းက ကိုဗစ်တတိယလှိုင်းပြီးနောက်ပိုင်း ကျူးကျော်အိမ်တွေ အဖျက်ခံရတော့ သားတို့ရဲ့ တံတားအောက်က တဲအိမ်လေးလည်း ပါသွားတယ်လေ။ အဲ့ဒီတဲအိမ်လေးက အမိုးတွေ၊ အကာတွေ မလုံတော့လို့ မိုးတွင်းမှာနေလို့ရအောင် အမေက အလုပ်ရှင်ဆီက ငွေကြိုယူပြီး ပြန်ပြင်ထားတာ မကြာသေးဘူးလေ။ အခုလို အဖျက်ခံလိုက်ရတော့ အရမ်းကို စိတ်မကောင်းဖြစ်မိတယ်။ အကြွေးကလည်း မကျေသေးတော့ တော်တော်ဒုက္ခရောက်သွားတယ်။ နေစရာအတွက် အဆောင်တွေငှားနေဖို့ တီဒီအိပ်ချ်က အဆောင်လခ တစ်လ(၄သောင်း)နဲ့ (၃)လစာအတွက် ထောက်ပံ့ပေးလို့ အဆင်ပြေခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းသားတို့လည်း အဆောင်လခ ဆက်မပေးနိုင်တော့လို့ အဆောင်ဆက်မငှားနိုင်တော့ဘူးလေ။ အမေက အခြားမိန်းကလေး (၆-၇) ယောက်လောက်နဲ့စုပြီး အဆောင်ငှားနေကြတယ်။ သားကယောကျ်ားလေးဆိုတော့ အမေတို့နဲ့နေဖို့ အဆင်မပြေလို့ ခေါ်ထားလို့မရဘူးတဲ့။ သားကိုတော့ မြို့ထဲက အဖေရဲ့သူငယ်ချင်းအိမ်မှာ သွားထားတယ်လေ။ အဲ့နောက်ပိုင်း အမေနဲ့သား တစ်ယောက်တကွဲစီနေကြရတာ အခုဆို (၄-၅) လ လောက်ရှိပြီ။ အမေက တစ်ပတ်တစ်ရက် စနေ၊တနင်္ဂနွေလို ရက်မျိုးမှာတော့ သားဆီလာတွေ့ပါတယ်။ တစ်ခါတစ်လေ အမေ့ကိုသတိရလို့ သားတစ်ယောက်တည်း လိုင်းကားစီးပြီး အမေ့ဆီပြန်လာတယ်။ အမေက သားတစ်ခုခုဖြစ်သွားမှာ စိတ်ပူတာပေါ့။ အတူနေဖို့ကလည်း အဆင်မပြေသေးတော့ အမေကသားကို ချော့ပြီးပြန်ပို့တာပေါ့။ အမေကတော့ 'သားလေးနဲ့ အတူတူနေနိုင်ဖို့ အမေပိုက်ဆံရှာအုံးမယ် ခဏစောင့်ပေးဦး' လို့ပြောပါတယ်။

အခုဆိုရင် သားနဲ့အတူတူနေရဖို့ အမေက အလုပ်တွေမျိုးစုံလုပ်တယ်။ ကျပန်းလည်းလုပ်တယ်၊ ပလုံလည်းကောက်တယ်၊ ပန်းတွေလည်းရောင်းတယ်။ တစ်ခါတစ်လေ ရပ်ကွက်ထဲက သူများအိမ်တွေမှာ အဝတ်တွေ သွားလျှော်ပေးတယ်။ တစ်ရက်ကို (၄၀၀၀-၅၀၀၀) လောက်တော့ရတယ်။ အဆောင်ငှားခ (၄သောင်း)ကို အမေက တစ်ခါတည်းမပေးနိုင်တော့ တစ်ရက်ကို (၅ထောင်)ရရင် (၂ထောင်)ဖွဲ့ပေးတယ်။ ပြီးရင် ချွေတာစားပြီး ကျန်တာလေးတွေကို

သားနဲ့ အတူတူနေနိုင်ဖို့အတွက် စုထားတယ်ပြောပါတယ်။

အမေကပြောသေးတယ် "အကယ်၍ အမေသာ တစ်ခုခုဖြစ်သွားရင် သားကို စိတ်ချတဲ့နေရာ၊ လုံခြုံမယ့်နေရာတစ်ခုမှာ ကြိုပြီးအပ်ထားချင်တယ်"တဲ့။ တစ်ခါတစ်လေ သားက စိတ်ထင်ရာတွေလည်း လုပ်တတ်တယ်ဆိုတော့ အမေက စိတ်မချဘူးတဲ့လေ။ အရင်တုန်းကတော့ သားက နေအရမ်းပူလို့ ပလုံမကောက်ချင်ဘူး။ လှည်းလေးတစ်ခုဝယ်ပြီး သဘော်သီးထောင်းတွေ ရောင်းချင်ခဲ့တာ။ ပြီးတော့ သားက ကားရုပ်လေးနဲ့ ဆော့ရတာ အရမ်းကြိုက်လို့ ကားလည်းမောင်းတတ်ချင်တယ်။ အခုအချိန်မှာ သားဖြစ်ချင်တာကတော့ အရင်လိုအမေနဲ့ပြန်နေချင်တယ်။ အမေနဲ့အတူတူအလုပ်လုပ်ပြီး အဆောင်ငှားနေဖို့ပိုက်ဆံစုမယ်။ ကိုယ်ပိုင်အမှိုက်လှည်းလေး ဝယ်နိုင်အောင် ကြိုးစားမယ်။ ပြီးရင် သားတို့သားအမိ အရင်လို ပလုံကောက်ပြီး အဆင်ပြေပြေ နေရဖို့ပဲ မျှော်လင့်တယ်။

**မှတ်ချက်။** ကလေးနှင့် သီးသန့်စကားပြောဆိုရာတွင် အခက်အခဲရှိသဖြင့် ကလေးရော ကလေးမိခင်ကိုပါ အမေးအဖြေပြုလုပ်ပြီး ကလေးနေရာက ပြန်လည်ရေးသားတင်ပြထားခြင်းဖြစ်သည်။

# ၇။ ဉယျာဉ်မှူးဖြစ်ချင်တဲ့ ပန်းကလေး

သမီးနာမည်ကတော့ ဝေဝေပါ။ သမီးအသက်ကတော့ (၁၃)နှစ် ရှိပါပြီ။ သမီးတို့က မိသားစု (၅)ယောက်ရှိတယ်။ အဖေရယ်၊ အမေရယ်၊ ကိုကြီးရယ်၊ သမီးရယ်နဲ့ ညီမလေးရယ်ပေါ့။ ဖေကြီးကတော့ ရန်ကုန်မှာ မရှိဘူး။ နယ်ဘက်မှာ ဆောက်လုပ်ရေးကားမောင်းပြီး သမီးတို့မိသားစု အတွက် ဝင်ငွေရှာတယ်။ နယ်ဘက်မှာ သွားမောင်းရတာဆိုတော့ တစ်လတစ်ခါတော့ သမီးတို့ဆီ ပြန်လာတယ်။ ပိုက်ဆံလည်းပုံမှန်လွှဲပေးတယ်။ အရင်ကတော့ အမေက အိမ်မှာပဲ မုန့်အစုံ ရောင်း တယ်။ အခုတော့ ညီမလေးကိုမွေးထားတာလည်း လပိုင်းပဲရှိသေးတယ်ဆိုတော့ မုန့်မရောင်းနိုင်တော့ ဘူး။ မုန့်မရောင်းနိုင်တော့တာက သမီးတို့အိမ်တွေ အဖျက်ခံရပြီး ဒီအဆောင်ကို ပြောင်းလာ ကတည်းကပါပဲ။

ကိုဗစ်ရောဂါတွေမဖြစ်ခင်က သမီးက ၄ တန်းအောင်ထားပြီး အိမ်နားက ဆရာမဆီမှာ ၅ တန်းစာသင်နေတာလေ။ ကိုကြီးကတော့ အသက် (၁၆)နှစ်ကျော်ပြီ။ ကိုကြီးက ၆ တန်းနဲ့ ကျောင်း ထွက်ပြီး မြို့ထဲကမီးပွိုင့်မှာ ပန်းရောင်းတယ်။ ကိုကြီးက တစ်ခါတစ်လေ သူအလုပ်လုပ်တဲ့နေရာ ကို သမီးကိုခေါ်သွားရင်းနဲ့ သမီးလည်း ပန်းရောင်းတဲ့အလုပ်ကို စလုပ်ဖြစ်သွားတာ။ ကိုကြီးနဲ့လိုက်ပြီး ပန်းစရောင်းတဲ့အချိန်တုန်းက သမီးအသက် (၁၁) နှစ်လောက်ရှိပြီပေါ့။ အဲ့ဒီတုန်းက အိမ်မှာ အဆင်မပြေဘူးလို့ပြောလို့ သမီးလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ကိုကြီးနဲ့အတူတူ ပန်းလိုက်ရောင်းတာပေါ့။ အဲ့တုန်းက ဘာလို့အဆင်မပြေတာလဲ ဆိုတာတော့ သမီးလည်း ငယ်သေးတော့ သိပ်မသိဘူး။ ဒါပေမယ့် ပန်းရောင်းပြီးရတဲ့ငွေနဲ့ အိမ်စားရိတ်ကိုထောက်ပံ့ပေးနိုင်လို့ပျော်တယ်။



ပန်းရောင်းတုန်းက နေ့လယ် (၁၁နာရီ) လောက်ဆိုရင် ကိုကြီးနဲ့တူတူ လိုင်းကားစီးပြီး မြို့ထဲသွားတယ်။ ဟိုရောက်ရင် မုန့်စားပြီးတာနဲ့ အလုပ်ရှင်ဆီက ပန်းတွေယူပြီး ရောင်းရတာပေါ့။ နေ့လယ်ပိုင်းက စရောင်းတာ ညနေပိုင်းနဲ့ ညပိုင်းဆိုရင် ပိုရောင်းကောင်းတော့ သမီးတို့က နေ့လယ်ဘက်နဲ့ ညဘက်ကို ရောင်းတာ။ ကိုဗစ်မဖြစ်ခင်တုန်းကဆိုရင် ည (၁၂ - ၁၂:၃၀)နာရီလောက်ထိ ရောင်းရတယ်။ တစ်ခါတစ်လေ အိမ်ပြန်ဖို့ ကားမမီတော့တဲ့ အခါမျိုးလည်း ရှိတယ်။ အဲ့လိုမျိုးဆိုရင်တော့ မီးပွိုင့်တွေမှာပဲ ဖြစ်သလိုအိပ်လိုက်ရတယ်။ အဲ့တုန်းက ကိုဗစ်ရောဂါတွေမဖြစ်သေးတော့

ပန်းတွေရောင်းကောင်းတယ်။ တစ်နေ့ကို (၁သောင်း-၁သောင်းခွဲ)လောက် ရောင်းရတယ်။ ပန်း (၅ထောင်)ဖိုး ရောင်းရရင် သမီးတို့အတွက် (၁ထောင်)ရတယ်လေ။ အဲ့တော့ (၁သောင်းခွဲ)ဖိုး လောက်ရောင်းရရင် သမီးက (၃ထောင်)လောက်ရတယ်။ ကိုကြီးက သမီးထက်ပိုရောင်းကောင်းတော့ တစ်နေ့ကို (၃သောင်း)ဖိုးလောက်ရောင်းရတယ်။ သူက တစ်နေ့ကို (၆ထောင်) လောက်ရတယ်။

ကိုဗစ်တွေဖြစ်ပြီး စည်းကမ်းတွေထုတ်တော့ သမီးတို့ မောင်နှမနှစ်ယောက် မြို့ထဲကို သွားလာရ ခက်ခဲလို့ အလုပ်ရှင်က မြို့ထဲမှာ အခန်းလေး(၁)ခန်းငှားပေးတော့ သမီးတို့မောင်နှမ နှစ်ယောက် မြို့ထဲကအခန်းမှာနေပြီး ပန်းရောင်းကြတယ်။ မြို့ထဲမှာပဲနေပြီးရောင်းတော့ မနက်ပိုင်းရော ညနေပိုင်းပါ ပန်းရောင်းဖြစ်တယ်။ မနက်ပိုင်းဆိုရင် စောစောထပြီး မနက် (၆-၇)နာရီလောက် ထွက်ရောင်းပြီး နေ့လယ်(၁၁-၁၂)နာရီလောက်ဆိုရင် အိမ်ပြန်ထမင်းစားနားတယ်။ ညနေ(၃-၄) နာရီလောက်လောက်ဆိုရင် တစ်ခါပြန်ထွက်ရောင်းတာ ညဘက်လမ်းပေါ်မှာ ကားတွေရှိနေသေးတဲ့ အချိန်ထိပါပဲ။ လမ်းပေါ်မှာ ကားတွေမရှိတော့ဘူးဆိုမှ သမီးတို့လည်း အခန်းပြန်ပြီး အိပ်ကြတယ်။ တစ်နေကုန်နီးပါး ပန်းတွေရောင်းရပေမယ့် ဝယ်မယ့်သူကသိပ်မရှိတော့ အရင်လိုအများကြီး မရောင်းရဘူးပေါ့ ပိုက်ဆံလည်းအရင်လိုမရတော့ဘူးပေါ့။

ကိုဗစ်ကာလမှာတော့ သမီးတို့လည်း အများနည်းတူ ခက်ခဲတာပေါ့။ အမေကလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဈေးမရောင်းနိုင်ဘူးလေ။ အဖေတို့အလုပ်ကလည်း အဆင်မပြေတော့ ကားမဆွဲရဘူး။ သမီးတို့မောင်နှမနှစ်ယောက် ပန်းရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ပဲ စားဝတ်နေရေး အဆင်ပြေအောင်နေကြရတာပေါ့။ ကိုဗစ်ကာလမှာ အလှူရှင်တွေ လာလှူတဲ့ ရိက္ခာခြောက်၊ဆန်၊ ဆီ၊ဆား၊ကြက်သွန် (၄-၅)ခါလောက် ရလိုက်တယ်။ ပြီးတော့ သမီးကို ဆရာမကလည်း ကြက်ဥတွေ ပေးတယ်လေ။ အဲ့ဒါလေးတွေနဲ့ အဆင်ပြေအောင်စားရတာပေါ့။ ကိုဗစ်ဒုတိယလှိုင်းတုန်းက မေကြီးက ကိုယ်ဝန်ကြီးနဲ့ ချောင်းဆိုးရင်သွေးတွေပါလို့ ဆေးရုံတက်လိုက်ရသေးတယ်။ ဆေးရုံ ဆင်းခါနီး ကိုဗစ်စစ်လိုက်တော့ ကိုဗစ်ဖြစ်နေတာနဲ့ ကိုဗစ်ကုသရေးစင်တာမှာ သမီးနဲ့အမေနဲ့ နှစ်ယောက် တစ်ပတ်လောက် နေလိုက်ရသေးတယ်။ သမီးတို့ကို ပြုစုဖို့နဲ့ ညီမလေးကိုကြည့်ဖို့ ကိုကြီးလည်း အိမ်မှာပြန်နေရတော့ ပန်းရောင်းတာ နားလိုက်ရတယ်။ အဲ့တုန်းက အလုပ်လည်း မလုပ်ရ၊ ဝင်ငွေလည်းမရှိတော့ အကြွေးယူပြီး စားဝတ်နေရေးကို ဖြေရှင်းရတာပေါ့။

ဒီလိုနဲ့ ကျူးတွေဖျက်ရတော့ သမီးတို့နေတဲ့အိမ်လေးပါသွားလို့ အဆောင်ငှားနေခဲ့ရတယ်။ အဆောင်လခနဲ့ မီတာခအပါအဝင် ၁လကို (၈သောင်း)လောက်ပေးရတယ်။ အရင်ကတော့ အိမ်လခမပေးရပေမယ့် အခုက အိမ်လခပါပေးနေရလို့ ပိုခက်ခဲတာပေါ့။ အိမ်လခကိုတော့ အဖေက ရအောင်ပို့ပေးတယ်။ အဲ့ဒီအချိန်တွေမှာ သမီးနဲ့အမေကအလုပ်မရှိဘူး။ အိမ်စားစရိတ် အတွက် ကိုကြီးက ပန်းရောင်းတဲ့အလုပ် ပြန်လုပ်ရတာပေါ့။ သမီးတို့မိသားစု အဆင်မပြေတာ ကြားပြီး သမီးအဖေဘက်က အဘိုးကပြေလည်တော့ သမီးတို့ကိုထောက်ပံ့ပေးတယ်။ အဲ့ဒါနဲ့ အဆင်ပြေအောင်နေရတာပေါ့။ ဒါပေမယ့်လည်း ကြာကြာနားလို့ အဆင်မပြေတော့ အိမ်နားမှာ ပုလင်းဆေးတဲ့အလုပ်ခေါ်တာနဲ့ သမီးသွားလုပ်လိုက်သေးတယ်။ တစ်နေ့ကို (၅ထောင်)တော့ ရပေမယ့် ပုလင်းအိတ်တွေလည်းသယ်ရ၊ တစ်နေကုန် ရေတွေကိုင်ရတာဆိုတော့ တအားပင်ပန်း တယ်။ အဲ့ဒီအလုပ်ကို ၂ပတ်လောက်လုပ်ပြီး ပင်ပန်းလို့ ဆက်မလုပ်နိုင်တော့ဘူး။

ဒီလိုနဲ့ သမီးတို့အဆောင်နားမှာနေတဲ့ အမတစ်ယောက်က သူလုပ်နေတဲ့စက်ရုံမှာ လူခေါ်တာနဲ့ကြုံတော့ သမီးကို အဲ့ဒီစက်ရုံမှာ အလုပ်သွင်းပေးတယ်။ အခုဆို စက်ရုံမှာလုပ်တာ

(၂)လလောက်တော့ရှိပြီ။ တစ်နေ့ကို(၃၆၀၀)နဲ့ နေ့စားလရှင်း ပုံစံမျိုးလုပ်ရတာပါ။ အကူအနေနဲ့ပဲ ဝင်လုပ်ရတာဆိုတော့ အထည်တွေ အမွေးညှပ်ရ၊ လျှော်ရ၊ လှမ်းရတာမျိုးလုပ်ရတယ်။ စက်ချုပ်သမား လူကြီးတွေခိုင်းတာ အကုန်လိုက်လုပ်ပေးရတာပေါ့။ အလုပ်ချိန်ကတော့ မနက်(၈)နာရီကနေ ညနေ (၄)နာရီခွဲထိလုပ်ရတယ်။ အချိန်ပိုခေါ်ရင်တော့ တစ်နာရီကို(၆၀၀)ပေးတယ်။ ကိုယ်အချိန်ပိုဆင်းရင် ဆင်းသလောက်ပိုရတာပေါ့။ ဒီအလုပ်က အဆင်ပြေပေမယ့် သမီးက ဝင်ငွေပိုရအောင် စက်ချုပ်တဲ့အပိုင်းကို ပိုလုပ်ချင်တယ်။ ပန်းရောင်းတာထက်စာရင် စက်ရုံမှာ အလုပ်လုပ်ရတာ ပိုအဆင်ပြေပါတယ်။ ပန်းရောင်းတုန်းကလိုမျိုး နေပူထဲလျှောက်သွားနေစရာ မလိုတော့ဘူး ခြေထောက်လည်း မညောင်းတော့ဘူးလေ။ သမီးဝါသနာပါတဲ့ ဆရာမ ဖြစ်ချင်တဲ့ အိပ်မက်ကတော့ အခုချိန်ထိ မပြောင်းလဲပါဘူး။ ဖြစ်နိုင်ရင် ကျောင်းတက်ပြီး ဆရာမဖြစ်အောင် ကြိုးစားချင်သေးတယ်။ ဒါပေမယ့် လက်ရှိမှာတော့ မိသားစု စားဝတ်နေရေးအဆင်ပြေဖို့က ပိုအရေးကြီးတော့ ဒီအလုပ်ကိုပဲ ကြိုးကြိုးစားစားလုပ်ဖို့ တွေးထားပါတယ်။

# ၈။ အရိပ်ထဲမှာလုပ်ရတဲ့ အလုပ်လေးလုပ်ချင်တယ်

သားနာမည်ကတော့ မောင်မောင်ပါ။ အသက်က ၁၅ နှစ် ကရင်လူမျိုးပါ။ အပါးနဲ့အမိုး အပါအဝင် သားတို့မှာ မိသားစုဝင် ၉ ယောက်ရှိတယ်။ မောင်နှမ ၇ ယောက်မှာသားက ၄ ယောက်မြောက်ပါ။ သားအထက်က ၃ ယောက်က အိမ်ထောင်ကျသွားတဲ့ အမ ၂ ယောက်က သားတို့နဲ့ တူတူနေကြတယ်။ သားအောက်က အငယ်နှစ်ယောက်က ကျောင်းတွေပြန်ဖွင့်လို့ ကျောင်းပြန်တက်နေတယ်။ အငယ်ဆုံးလေးကတော့ ကျောင်းမတက်ရသေးဘူး။ သားတို့က ဧရာဝတီတိုင်းဘက်ကနေ လှိုင်သာယာကိုပြောင်းလာတာပါ။ အရင်တုန်းက သားတို့မိသားစုက လှိုင်သာယာက ကျူးကျော်ရက်ကွက်ထဲမှာ ကိုယ့်ဘာသာ အိမ်ဆောက်ပြီးနေတယ်။ အိမ်လခလည်း ပေးစရာမလိုဘူးပေါ့။ မနှစ်က ကိုဗစ်ရောဂါတွေ ဖြစ်နေတုန်းမှာပဲ ကျူးကျော်ရပ်ကွက်က အိမ်တွေ အဖျက်ခံတော့ သားတို့အိမ်လည်းပါသွားတယ်။ အဆောင်တွေကလည်း သားတို့မိသားစုကများတော့ မငှားချင်ကြဘူး။ အဲ့ဒါနဲ့ လှိုင်သာယာထဲက သူများပိုင်တဲ့ မြေကွက်လေးမှာ မြေငှားခပေးပြီး သားတို့မိသားစု အိမ်လေးဆောက်ပြီးနေကြတယ်။

အခုဆို စားဖို့သောက်ဖို့အပြင် လတိုင်းမြေငှားခပေးနေရတော့ အလုပ်က လုံးဝမရှိလို့ မဖြစ်ဘူး။ ကိုဗစ်ကာလမှာ မိသားစု စားဝတ်နေရေးအဆင်ပြေအောင် မြေငှားခပေးနိုင်အောင် ရတဲ့အလုပ်ရှာလုပ်ရတယ်။ ကိုဗစ်ရောဂါတွေ မဖြစ်ခင်ကတည်းက သားက အင်းစိန်က လက်ဘက်ရည်ဆိုင်တို့ ဘီယာဆိုင်တို့မှာ အလုပ်လုပ်တယ်။ ကိုဗစ်ရောဂါတွေစဖြစ်တဲ့အချိန်ကစပြီး အပါးရော သားရော အမရော ၂ နှစ်လောက် အလုပ်တွေပုံမှန်မရှိပဲနားလိုက်ရတော့ သားတို့မိသားစု စားဝတ်နေရေး တော်တော်လေး အကျပ်အတည်းဖြစ်သွားတယ်။ အရင်တုန်းက သားတို့အိမ်မှာ သားအစ်မနှစ်ယောက်ရယ် သားရယ် အလုပ်လုပ်ကြတယ်။ သားအစ်မနှစ်ယောက်က စက်ရုံမှာ လုပ်တယ်။ သားက စားသောက်ဆိုင်မှာ လုပ်တယ်။ အပါးကတော့ ကျပန်းလုပ်တာဆိုတော့ အလုပ်ကအမြဲတမ်းမရှိဘူး။ တခါတလေ ချောင်းထဲဆင်းပြီး ငါးတွေရှာတယ်။ ငှက်ပျောသီးတွေ ထမ်းစရာရှိလို့လာခေါ်ရင် သွားထမ်းတယ်။ ရွာထဲမှာ အိမ်တွေဆောက်တဲ့အခါ နေ့စား သွားလုပ်ပေးတယ်။ အမိုးကတော့ အိမ်မှာပဲ အိမ်မှုကိစ္စတွေနဲ့ ချက်ပြုတ်တာလုပ်ပြီး ညီမလေးအငယ်ဆုံးကို ထိန်းတယ်။

ကိုဗစ်ရောဂါတွေဖြစ်တုန်းက သားတို့က အလုပ်တွေမလုပ်ရတော့ဘူး ပုံမှန်ဝင်ငွေကလည်း မရှိတော့ စားဝတ်နေရေးက ပိုခက်ခဲသွားတာပေါ့။ အရင်ကလို ပုံမှန်မစားရမသောက်ရတော့ဘူးပေါ့။ ရပ်ကွက်ထဲမှာ ဆန်ဆီဆားနဲ့စားစရာတွေ ဝေတော့ ဆန်အိတ် ၂ ခါရဖူးတယ်။ အစိုးရကပေးတဲ့ ပိုက်ဆံလည်း (၃ သောင်း) တစ်ခါ (၄ သောင်း)တစ်ခါ ရဖူးတယ်။ သားတို့ မိသားစုကကြီးတော့ ဆန်တစ်အိတ်ကို ၁၅ ရက်လောက်ပဲ စားရတယ်။ ဒီလိုပဲ ရှိတာလေးနဲ့ပဲလောက်အောင် စားရတာ ပေါ့။ တခါတလေ ထမင်းနပ်မှန်အောင် မစားနိုင်တာလည်းရှိတာပေါ့။ သားတို့က ထမင်းကို ငတ်တလှည့် ပြတ်တလှည့် စားနေရပေမယ့် ညီလေးတွေညီမလေးတွေက အရင်လိုမုန့်မစားရလို့ ဂျီကျပြီးငိုရင် အရမ်းစိတ်မကောင်း ဖြစ်မိတယ်။

ဒီလိုနဲ့ကိုဗစ်ရောဂါတွေ အရမ်းဖြစ်တော့ သားတို့လည်း ရောဂါကူးမှာကြောက်လို့ အပြင်မထွက်ဘူး၊ မရှိတဲ့ကြားက နှာခေါင်းစည်းတွေ လက်ဆေးရည်တွေလည်း ဝယ်ထားတယ်။ ဒါပေမယ့်

အစ်ကိုရယ် အပါးရယ် အမရယ် သားရယ် နေမကောင်းဖြစ်သွားသေးတယ်။ ပိုက်ဆံမရှိတော့ ဆေးခန်းလည်းမပြဖြစ်ဘူး။ ဆေးဝယ်သောက်ဖို့တောင် သူများဆီက ပိုက်ဆံသွားချေးရတယ်။ အတိုးတွေကလည်းအရင်က ၁၅ ကျပ်တိုးကနေ ၂၀ တိုးတွေဖြစ်လာတဲ့အပြင် ချေးပေးမယ့်သူလည်း သိပ်မရှိတော့ဘူး။ အရမ်းအဆင်မပြေတဲ့အခါကျတော့လည်း အမိုးနဲ့အပါးက လတိုးနဲ့ ငွေချေးရတာပေါ့။ တနေ့လုပ်မှ တနေ့စားရတာဆိုတော့ အလုပ်မရှိရင် ဘယ်လိုမှ အဆင်မပြေဘူးလေ အတိုးများလည်း စားစရာမရှိတော့ချေးရတာပေါ့။ အကြွေးတွေရှိရင် စိတ်ညစ်တယ်။ ရတဲ့အလုပ်တွေ ရှာလုပ်ပြီးပြန်ဆပ်နိုင်အောင် ကြိုးစားရတာပေါ့။

ရွာမှာတုန်းက အဘိုးအဘွားနဲ့နေပြီး ကျောင်းတက်ရတာ အရမ်းပျော်ခဲ့ရတယ် ဘာအပူအပင်မှ မရှိဘူးလေ။ သား ၄ တန်းစာမေးပွဲဖြေပြီး အသက် ၁၁နှစ်-၁၂နှစ်လောက်မှာ အလုပ်စလုပ်ဖြစ်သွားတာ။ အမက အိမ်ထောင်ကျသွားတော့ အိမ်မှာ အလုပ်လုပ်ပြီးထောက်ပံ့မယ့်သူ မရှိတော့ဘူးဆိုတော့ မိသားစု စားဝတ်နေရေးကအဆင်မပြေဖြစ်လာတယ်လေ။ ဒီလိုနဲ့ သားလည်း ကျောင်းပြန်မတက်ဖြစ်တော့ပဲ အလုပ်စလုပ်ဖြစ်သွားတာ။ ပထမ အစ ၂လ-၃လလောက်ကိုတော့ သားက နေ့စားကျပန်းပဲလုပ်ရတာပေါ့။ အလုပ်တွေက မျိုးစုံပါပဲ။ ရပ်ကွက်ထဲမှာ ပန်းရံဆင်းတယ်၊ သဲထမ်းတယ်၊ မြေကြီးတူးတယ် ကျောက်စရစ်ခဲတွေကို ကားပေါ်ကနေသယ်ချပေးတယ်။ ပန်းရံအလုပ် သွားလုပ်တဲ့အချိန် ပန်းရံဆရာက သားကိုလူကောင်သေးလို့ဆိုပြီး အလုပ်မခိုင်းပဲ ပြန်လွှတ်လိုက်တဲ့ အချိန်တွေလည်းရှိတယ်။ နောက်တော့ ရပ်ကွက်ထဲက အဒေါ်ကြီးက ရှာပေးတဲ့ အင်းစိန်က လက်ဖက်ရည်ဆိုင်မှာ နေစားငြိမ်းနဲ့အလုပ်ရသွားတယ်။ တလကို လစာ ၆ သောင်းပေးတယ်။ တရက်ကို ၁၄ နာရီလောက်အလုပ်လုပ်ရတော့ အိပ်ရေးမဝဘူး အရမ်းလည်းပင်ပန်းတယ်။ ဆိုင်ရှင်ကစိတ်ပုတ်တော့ အလုပ်လုပ်နေရင်းနဲ့လည်း ဆဲဆိုနေလို့ ကြာတော့သားလည်း သည်းမခံနိုင်တော့ဘူး။ အဲ့ဒီမှာနေလို့ အဆင်မပြေတော့တာနဲ့ သားသူငယ်ချင်းနဲ့ အဲ့ဒီဆိုင်ကနေ လှိုင်သာယာအိမ်ကို ဘတ်စ်ကားစီးပြီး ထွက်ပြေးလာခဲ့တယ်။ အဲ့ဒီဆိုင်မှာလုပ်တဲ့ သားအရှေ့မှာလုပ်တဲ့လူ



တော်တော်များများကလည်း မလုပ်နိုင်လို့ ထွက်ပြေးကြတာ အများကြီးပါပဲ။

အဲ့ကနေပြီးတော့ သားသူငယ်ချင်းရဲ့အမေက လှိုင်သာယာမှာရှိတဲ့ ဘီယာဆိုင်တခုမှာ အလုပ်လုပ်ဖို့စပ်ပေးတယ်။ တစ်လ ၇ သောင်းနဲ့လုပ်ရတယ်။ လစာတစ်သောင်းပိုရပေမယ့် ဘီယာဆိုင်မှာက အများကြီးပိုပင်ပန်းတယ်။ မနက် ၅ ကနေ ည ၁၁ အထိ တရက်ကို ၁၈ နာရီလောက် လုပ်ရတယ်။ အိပ်ချိန်ကလည်း ၄ နာရီ-၅ နာရီလောက်ပဲရှိတာဆိုတော့ အိပ်ရေးတွေပျက်ပြီး အရမ်းကိုပိန်သွားခဲ့တယ်။ အဆိုးဆုံးက ဆိုင်မှာ အရက်သောက်တဲ့သူတွေက မူးပြီးရစ်တော့ အရမ်းစိတ်ညစ်ရတယ်။ အဲ့ဒါနဲ့ သားလည်း အဲ့ဒီဆိုင်မှာ ၁၅ ရက်လောက်ပဲ လုပ်ပြီးထွက်လိုက်တယ်။ လခတွေတော့အကုန်မရလိုက်ဘူးပေါ့။

ကိုဗစ်ရောဂါစဖြစ်တော့ သားက လှိုင်သာယာ နည်းပညာတက္ကသိုလ်က စားသောက်ဆိုင်တခုမှာ စားပွဲထိုးလုပ်နေတာ။ အဲ့ဒီမှာ ၄လ-၅လလောက်ရှိပြီလုပ်နေတာ။ တရက်ကို ၃၀၀၀ နဲ့ ၈ နာရီလောက်ပဲလုပ်ရတယ်၊ ဆိုင်ရှင်က သဘောကောင်းတော့ မုန့်ဖိုးတွေလည်းရတယ်။ အဲ့ဒီမှာ အလုပ်ကအဆင်ပြေနေတုန်း ကိုဗစ်ရောဂါတွေအရမ်းဖြစ်ပြီး ကျောင်းတွေလည်းပိတ်လိုက်ရတော့ သားအလုပ်လုပ်တဲ့ဆိုင်လည်း ပိတ်လိုက်ရတယ်။ အလုပ်ကလုပ်လို့ မရတော့ဘူးဆိုတော့ အလုပ်နားပြီး အိမ်မှာပြန်နေလိုက်တယ်။ သားလည်းအလုပ်မရှိ အပါးကလည်း အရင်လိုအလုပ်တွေခေါ်မယ့်သူမရှိ၊ အမကလည်း စက်ရုံတွေပိတ်လိုက်လို့ အလုပ်မဆင်းရတော့ဘူး။ ကိုဗစ်ကာလမှာ အလုပ်တွေက ရှားသွားတဲ့အပြင် အလုပ်ရှိလို့လာခေါ်ရင်လည်း လုပ်အားခတွေ နည်းသွားတယ်။ အရင်တုန်းက နေ့စားလိုက်လို့ ၁၀၀၀၀ လောက်ရရင် အခုက ၇၀၀၀-၈၀၀၀ ပဲရတော့တယ်။ လုပ်ခနည်းသွားလည်း စားဖို့အတွက်ပိုက်ဆံကမရှိတော့ အလုပ်ကရွေးလို့မရဘူး ရတဲ့အချိန် ရတဲ့အလုပ်လုပ်ရတာပါပဲ။ နောက်ပိုင်း လော့ဒေါင်းတွေချပြီး အသွားအလာတွေကန့်သတ်လိုက်တော့ သားတို့က တနေ့လုပ်မှတနေ့စားရတာဆိုတော့ ဘယ်လိုမှအဆင်မပြေဘူး။

ကိုဗစ်ရောဂါတွေ နည်းနည်းငြိမ်သွားတော့ သားကအထည်ချုပ်စက်ရုံမှာ အလုပ်ပြန်ရတယ်။ သားအလုပ်က ပိတ်စအလိပ်တွေနဲ့ ချုပ်ပြီးသားအထည်ထုတ်တွေကို ထမ်းပြီး ကားပေါ်တင်ချလုပ်ရတယ်။ တစ်ရက်ကို ၅၀၀၀ နဲ့ တနေ့ ၁၀ နာရီ လောက်လုပ်ရတယ်။ ၂ ပတ်လောက်ပဲ လုပ်လိုက်ရသေးတယ် နောက်ပိုင်း အထည်တွေသိပ်မဝင်တော့လို့ဆိုပြီး စက်ရုံကအလုပ်သမားတွေကို လျှော့လိုက်တော့ အလုပ်ကပြုတ်သွားပြန်တယ်။ လှိုင်သာယာမှာ အလုပ်တွေကရှားပြီး အလုပ်မရှိတော့ သားနဲ့အပါးက သားတို့ရွာကိုပြန်ပြီး ၃ လလောက် စပါးထမ်းကြသေးတယ်။ သားတို့က နေ့ဆိုင်းရောညဆိုင်းရောလုပ်တော့ တစ်ရက်ကို ၂ သောင်းနီးပါးလောက်ရတယ်။ အဲ့ဒီမှာလည်း ဆန်ဈေးတွေမကောင်းလို့ဆိုပြီး ဆန်ပွဲရုံတွေက ပိတ်သွားကြပြန်တယ်။ ရွာမှာအလုပ်မရှိတော့ သားနဲ့အပါးလည်း ရန်ကုန်ပြန်လာရတယ်။ ဝင်ငွေမရှိရင် မဖြစ်ဘူးဆိုပြီး အပါးနဲ့ တောထဲကိုသွားပြီး သစ်ပင်တွေလှဲတယ်။ အကိုင်းတွေကိုခုတ် ထင်းလုပ်ပြီးထမ်းပြီးရောင်းကြတယ်။ အဲ့ဒီကနေ ၃ လလောက်လုပ်ပြီး လှိုင်သာယာပြန်ရောက်လာတယ်။ အခုစက်ရုံဆောက်နေတဲ့ ဆောက်လုပ်ရေးဆိုက်မှာ ပန်းရံအလုပ်ရလို့ ပြန်ဆင်းနေတာမကြာသေးဘူး။ ၂ ရက်လောက်ပဲရှိသေးတယ်။

အခုက သားနဲ့သားအမက အလုပ်ရှိနေတော့ ကိုဗစ်ရောဂါတွေ အရမ်းဖြစ်တုန်းကထက်စာရင် စားဝတ်နေရေးက နည်းနည်းအဆင်ပြေသွားတာပေါ့။ အလုပ်တွေ ခဏခဏရှာရတာ တနေရာပြီးတနေရာ ပြောင်းလုပ်ရလို့ပင်ပန်းပေမယ့် အလုပ်မရှိရင် ဘယ်လိုမှအဆင်မပြေဘူးဆိုတော့ အလုပ်ကရွေးလို့မရဘူး။ ရတဲ့အလုပ်ရှာလုပ်ရတာပါပဲ။ သားအတွက်ကတော့ အလုပ်

လုပ်နေရင်အဆင်ပြေတယ် အလုပ်မရှိတဲ့အချိန် အိမ်မှာနေရင် စိတ်ဆင်းရဲရတာပေါ့။ ပြီးတော့ အိမ်မှာ ပြဿနာဖြစ်တာတွေ ရန်ဖြစ်တာတွေရှိရင် စိတ်ညစ်ရတယ်။ သားယောက်ဖက အလုပ် မလုပ်တဲ့အခါကျတော့ အစ်မနဲ့က ခဏခဏရန်ဖြစ်ကြတယ်လေ။ သူတို့ရန်ဖြစ်ရင်လည်း စိတ်ညစ် တယ်။ အဲ့ဒီလိုမျိုးစိတ်ညစ်တဲ့ အချိန်ဆိုရင် သားသူငယ်ချင်းတွေဆီမှာ သွားလည်လိုက်တာပဲ။ သူငယ်ချင်းတွေနဲ့ ရင်ဖွင့်တယ် ခြင်းလုံးခတ်တယ် ဘော်လုံးကန်တယ်။

အနာဂတ်မှာ အခြေအနေတွေပြန်ကောင်းလာပြီး အရင်လို မိသားစု စားဝတ်နေရေး ပြေပြေလည်လည်ဖြစ်ချင်တယ်။ ပုံမှန်အလုပ်လေးရချင်တယ် လက်ဘက်ရည်ဆိုင်တို့ ဘီယာဆိုင် တို့လို အိပ်ရေးမဝတဲ့အလုပ်မျိုး အပြောအဆိုခံရတဲ့ အလုပ်မျိုးတော့မလုပ်ချင်တော့ဘူး။ သားက အဲယားကွန်းပြင်တာ စိတ်ဝင်စားတယ်။ ဒါပေမယ့်အဲ့ဒါက မဖြစ်လာလည်းရပါတယ်။ သားက အနာဂါတ်ကိုတော့ ကြီးကြီးမားမား ရည်မှန်းထားတာတော့မရှိပါဘူး။ နေပူပူထဲမှာ အလုပ်တွေ လုပ်ရတဲ့အခါကျတော့ အရမ်းပင်ပန်းတယ်လေ။ ဖြစ်နိုင်ရင် သက်တောင့်သက်သာနဲ့ အရိပ်ထဲမှာ လုပ်လို့ရတဲ့ အလုပ်မျိုးလုပ်ချင်တယ်။ အဲ့ဒီလောက်ပဲ မျှော်မှန်းထားပါတယ်။

# ၉။ မိဘကျေးဇူးဆပ်ချင်လို့ အလုပ်ပဲလုပ်ဖို့ဆုံးဖြတ်လိုက်တယ်

သမီးနာမည်ကတော့ သက်သက်လို့ခေါ်ပါတယ်။ သမီးအသက်က (၁၅)နှစ်ရှိပါပြီ။ သမီးတို့ မောင်နှမက စုစုပေါင်း(၆)ယောက်ရှိတယ်။ သမီးမှာ အမွှာညီမတစ်ယောက်ရှိတယ်။ သမီးတို့အထက်မှာ အကိုတစ်ယောက်၊ အမတစ်ယောက်နဲ့ သမီးတို့အောက်မှာ မောင်လေးတစ်ယောက်နဲ့ ညီမလေးတစ်ယောက်ရှိပါတယ်။ ကိုဗစ်ရောဂါမဖြစ်ခင်လေးမှာ ကိုကြီးက အိမ်ထောင်ကျပြီး သပ်သပ်ခွဲနေသွားတော့ အိမ်မှာ သမီးတို့မောင်နှမ ၅ ယောက်ရယ် အဖေနဲ့အမေရယ် အတူတူနေကြတာပေါ့။ သမီးတို့မောင်နှမတွေကို လှိုင်သာယာမှာပဲမွေးခဲ့တာပါ။ သမီးတို့မိသားစုက ရပ်ကွက်ထဲက သူများပိုင်တဲ့ ကျူးမြေလေးကိုတစ်လ(၈သောင်း)နဲ့ငှားပြီး ကိုယ့်ဘာသာ အိမ်လေးဆောက်ပြီးနေကြတယ်။

ကိုဗစ်မတိုင်ခင်တုန်းကတော့ အဖေက သုံးဘီးမောင်းတယ်၊ သုံးဘီးနဲ့ ရပ်ကွက်ထဲမှာ ရေလည်းရောင်းတယ်။ အမေကအရင်တုန်းက ရပ်ကွက်ထဲကဈေးမှာ ဖရဲသီးရောင်းတယ်။ အငယ်ဆုံးညီမလေး မွေးပြီးနောက်ပိုင်း ကလေးကငယ်သေးတော့ အမေကလည်းဈေးမရောင်းနိုင်တော့ဘူး။ အဲ့ဒီတုန်းက ကိုကြီးကလည်း အိမ်ထောင်မကျသေးတော့ သုံးဘီးမောင်းပြီး သမီးတို့မိသားစုကို ရှာကျွေးခဲ့တယ်။ ကိုကြီးအိမ်ထောင်ကျပြီးနောက်ပိုင်း သမီးတို့ကို အရင်လို မထောက်ပံ့နိုင်တော့ဘူးပေါ့။ အဲ့ဒီတုန်းက အမနဲ့ သမီးတို့အမွှာညီအမတွေကလည်း ကျောင်းတက်နေကြတာဆိုတော့ မိသားစုစားဝတ်နေရေးက အဲ့ဒီအချိန်တည်းက ခက်ခဲခဲ့တာပေါ့။ အဖေ့တစ်ယောက်တည်းရဲ့ လုပ်စာနဲ့ပဲ သမီးတို့မိသားစု လောက်ငအောင်စားရတာပေါ့။ အိမ်မှာ မိသားစုကများတော့ အဖေ့တစ်ယောက်တည်း လုပ်စာနဲ့အဆင်မပြေတော့လို့ မမက ၇ တန်းနဲ့ ကျောင်းထွက်ပြီး အထည်ချုပ်စက်ရုံမှာတစ်ရက် ၄၈၀၀ နဲ့ နေ့စားဝင်လုပ်လိုက်ရတယ်။ နေ့စားဆိုတော့ အလုပ်က ပုံမှန်မဆင်းရဘူး။ တစ်လမှာ (၃)ပတ်အလုပ်ဆင်းပြီး (၁)ပတ်နားရတယ်။ မမက အဲ့ဒီမှာ(၃)လလောက်ပဲ လုပ်လိုက်ရတယ်။ မမမှာ မှတ်ပုံတင်လည်းမရှိဘူး အသက်ကလည်း ၁၄ နှစ်ပဲရှိသေးတော့ အိမ်နားကအသက်ပြည့်တဲ့ အမကြီးတစ်ယောက်ရဲ့မှတ်ပုံတင်ကို ငှားပြီး စက်ရုံအလုပ် သွားလျှောက်ရတယ်။ စက်ရုံတွေက နေ့စားဆိုရင် နေ့တိုင်းမှတ်ပုံတင်ပြပြီး အလုပ်ဆင်းခိုင်းတာဆိုတော့ မမက နေ့တိုင်းသူများမှတ်ပုံတင်ကိုငှားပြီး အလုပ်ဆင်းရတယ်။ ၃ လ လောက်ကြာတော့ မှတ်ပုံတင်ငှားပေးတဲ့အမကြီးကလည်း သူ့မှတ်ပုံတင်ကို အလုပ်လျှောက်ဖို့အတွက် လိုအပ်လာတော့ မမကိုမှတ်ပုံတင်ငှားမပေးနိုင်တော့ဘူး။ အခြားမှတ်ပုံတင်တစ်ခု ထပ်ငှားပြီး အလုပ်ဆင်းဖို့ကလည်းချက်ချင်းကြီးအဆင်မပြေသေးတော့ မမက အလုပ်တစ်ရက်တောင်းနားတယ်။ စက်ရုံက နားခွင့်မပေးတော့ မမလည်းအလုပ်ပြုတ်သွားတယ်။

ဒီလိုနဲ့ ကိုဗစ်ရောဂါတွေဖြစ်ပြီးနောက်ပိုင်း ညမထွက်ရ၊ ရပ်ကွက်မကျော်ရဆိုတဲ့ စည်းကမ်းတွေကြောင့် အဖေရဲ့ သုံးဘီးမောင်းတဲ့အလုပ်ကလည်း အရင်လိုထွက်ချင်တဲ့အချိန် ထွက်လို့မရတော့ဘူး။ အရင်ကဆို မနက်စောစောနဲ့ ညဘက်တွေ အော်ဒါ (ခရီးသည်) ရှိရင်လိုက်ပို့ပေးတယ်။ အလုပ်တွေကမကောင်း မိသားစုကလည်းများတော့ စားဝတ်နေရေးက တဖြည်းဖြည်းကြပ်တည်းလာပြီး အကြွေးတွေလည်းပိုတင်လာတယ်။ ပထမလှိုင်းတုန်းကတော့ အလှူရှင်တွေက ဆန်ဆီနဲ့ကုန်ခြောက်တွေ လာလှူကြတုန်းက ဆန် ၁၂ ပြည်တစ်အိတ်နဲ့ ဆီတစ်ဘူးရလိုက်တယ်။



ငွေလည်း ၂သောင်း နှစ်ခါနဲ့ ၄သောင်းတစ်ခါရလိုက်တော့ အိမ်စားရိတ်နည်းနည်းကာမိသွားတာပေ့ါ။

အဲ့ဒီတုန်းက ကျောင်းတွေလည်းပိတ်ထားတော့ သမီးတို့အမွှာညီအမ နှစ်ယောက်လည်း ရပ်ကွက်ထဲက ဆံပင်တုထိုးတဲ့ စက်ရုံအသေးလေးတစ်ရုံမှာ ဝင်လုပ်ကြတယ်။ သမီးတို့လမ်းထဲက အမကြီးတစ်ယောက်ကို အလုပ်သွင်းပေးခ တစ်ယောက်ကို ၁၀၀၀၀ နဲ့ ညီအမနှစ်ယောက်အတွက် ၂၀၀၀၀ ပေးရတယ်။ အလုပ်ရုံက ရပ်ကွက်ထဲမှာဆိုတော့ အိမ်နဲ့နီးလို့ သွားရလာရတာ လွယ်ကူတယ်လေ။ မနက်(၈)နာရီကနေ ညနေ(၅)နာရီထိ တစ်နေကုန် ထမင်းစားချိန်နာရီဝက်ပဲနားပြီး တောက်လျှောက်လုပ်ရတာပေ့ါ။ ဆံပင်တုလုပ်တာက ဆံပင်တစ်ချောင်းချင်းစီကို အပ်တွေနဲ့ စိုက်ပေးရတာလေ။ တစ်နေကုန် အာရုံစိုက်ရတာဆိုတော့ ဇက်ကြောတွေလည်းတက်၊ မျက်လုံးတွေလည်း အရမ်းအောင့်တယ်။ အာရုံစိုက်ပြီးလုပ်ရတာကြာလာရင် မျက်လုံးတွေဝါးပြီး မျက်ရည်ပူတွေကျလာတယ်။ နောက်ပြီး အပ်တွေနဲ့ထိုးရတာဆိုတော့ လက်ကိုထိုးမိတာတွေလည်း ရှိတာပေ့ါ။ မျက်လုံးတွေ အရမ်းညောင်းလို့ (၁၅)မိနစ်ထက် ပိုနားမိရင် စာရေးမတွေနဲ့ အထက်ကလူကြီးတွေရဲ့ အဆူခံရတယ်။ အရမ်းပင်ပန်းလို့ ညနေအိမ်ပြန်ရောက်ရင် မျက်လုံးတောင်မဖွင့်နိုင်တော့ဘူး။ ဆံပင်တုတစ်ခေါင်းကို (၁သောင်း-၁သောင်းခွဲ)လောက်ပဲ ရတယ်။ သမီးတို့ညီအမနှစ်ယောက် တစ်ယောက်ကို တစ်ခေါင်း နှစ်ခေါင်းပြီးဖို့ကို (၁)လလောက် ပင်ပင်ပန်းပန်း ထိုးရတာပေ့ါ။ အိမ်မှာယူထိုးရင်တော့ ပိုပြီးမြန်မြန်ပြီးမယ်ဆိုတာသိပေမယ့် တခုခုမှားရင် အလျော်ပေးရမှာကများတော့ အိမ်မှာယူမထိုးရဲဘူး။ ပြီးတော့ သမီးတို့အိမ်က မီးအလင်းရောင် သိပ်မကောင်းတော့ မျက်လုံးက သေချာ အာရုံမစိုက်နိုင်လို့ စက်ရုံမှာပဲ ထိုးဖြစ်ပါတယ်။ နောက်ပြီး ဆံပင်တုစိုက်တဲ့ကုန်ကြမ်းတွေ ပုံစံခေါင်းတွေက

တရုတ်နိုင်ငံကနေ ပို့ရတာဆိုတော့ ကိုဗစ်ရောဂါတွေအရမ်းဖြစ်ပြီး ကုန်ကြမ်းတွေမဝင်တဲ့အချိန်ဆို သမီးတို့လည်း အလုပ်မရှိဘူးပေါ့။ ရှိတဲ့ ကုန်ကြမ်းလေးတွေကိုပဲ မျှပြီးလုပ်ကြရတာဆိုတော့ သူတို့ ခေါ်ရင်သွားလုပ်လိုက် မခေါ်ရင်နားလိုက်နဲ့ပေါ့။ ကုန်ကြမ်းမရှိ၊ အော်ဒါတွေမရှိလို့ တစ်လမှာ ၁၀ ရက် ၁၅ ရက်လောက်ပဲ အလုပ်လုပ်ရတဲ့ အချိန်တွေလည်းရှိသလို ကုန်ကြမ်းတွေပြန်ဝင်လို့ အလုပ်ပြန်ဖွင့်တဲ့အခါ အော်ဒါတွေအမြန်ပြီးအောင် ည၁၂ နာရီအထိ လုပ်ရတာ တွေလည်းရှိပါတယ်။

မမကတော့ အထည်ချုပ်စက်ရုံမှာ အလုပ်ပြုတ်ပြီးနောက်ပိုင်း အခြားစက်ရုံမှာ နေ့စား အလုပ်လေးရရင်ဝင်လုပ်လိုက် စက်ရုံအလုပ်မရှိရင် သမီးတို့နဲ့ဆံပင်တုရုံမှာ လာလုပ်လိုက်နဲ့ပေါ့။ နောက်တော့ ရပ်ကွက်ထဲက ဖေကြီးသုံးဘီးမောင်းပေးနေတဲ့ ဖောက်သည် ကုန်စုံဆိုင်တစ်ဆိုင်မှာ ဈေးသွားကူရောင်းပေးသေးတယ်။ မနက် ၆ နာရီလောက်သွားပြီး ည ၈ နာရီလောက်မှ ပြန်လာရတယ်။ အဲ့ဒီဆိုင်က လစာရယ်လို့တော့ သတ်သတ်မှတ်မှတ်မပေးဘူး။ ပထမလမှာ ဆန်တွေ ဆီတွေပေးတယ်။ နောက်လတွေကျတော့ ပိုက်ဆံ(၅သောင်း)ပေးတယ်။ အဲ့ဒီဆိုင်မှာ ဈေးရောင်းရင်း ဈေးနှုန်းအတွက်မှားသွားတာကို အထင်လွဲပြီး မမကိုပြောဆိုနေကြလို့ အဖေက အလုပ်ထွက်ခိုင်းလိုက်တယ်။ အခုတော့ မမက အိမ်နားက ကျောပိုးအိတ်စက်ရုံမှာ တစ်နေ့ကို(၃၆၀၀)နဲ့ နေ့စား ဝင်လုပ်နေတယ်။

၂၀၂၂ ခုနှစ်၊ ၇ လပိုင်းလောက်တုန်းက သမီးရဲ့အမွှာညီမက ဆံပင်တုအလုပ်ကနေနားပြီး အမေနဲ့အတူတူ ၁လ၂လလောက် ဈေးကူရောင်းပေးသေးတယ်။ အခုတော့ ဦးထုပ်စက်ရုံမှာ နေ့စား တစ်ရက်ကို(၃၆၀၀)နဲ့လုပ်နေတယ်။ မနက်(၈)နာရီကနေ ညနေ(၆)နာရီခွဲထိလုပ်ရတယ်။ အချိန်ပိုရှိရင်တော့ တစ်နာရီကို (၉၀၀)ပေးတယ်လို့ပြောတယ်။ သမီးကတော့ ဆံပင်တုစက်ရုံမှာပဲ ကျန်ခဲ့ပေမယ့် သမီးအလုပ်ကအရင်လို ဆံပင်တုစိုက်ပေးရတာ မဟုတ်တော့ဘူး။ ဆံပင် အကြမ်း ရိုက်တဲ့နေရာ ရောက်သွားပြီ။ ဆံပင်အကြမ်းရိုက်တယ်ဆိုတာက ဆံပင်အထုံးကြီးတွေကို ရှင်းသွား အောင် သံချောင်းအချွန်တွေ စိုက်ထားတဲ့အပြားပေါ်မှာ ဆံပင်တွေကို လက်နဲ့ကိုင်ပြီး ရိုက်ပေးရတာ ပါ။ လက်ကိုလွဲပြီး အားနဲ့ရိုက်ရတာဆိုတော့ ပုခုံးတွေအရမ်းနာတယ်။ တစ်ခါတစ်လေ အရှိန်ပါ သွားပြီး အောက်ကစိုက်ထားတဲ့အချွန်နဲ့ထိုးမိလို့ လက်တွေ ပေါက်ပြဲကုန်တော့ မလုပ်ချင်တော့ လောက်အောင်ဖြစ်ရတယ်။ ပြီးတော့ လုပ်ခကလည်း ဆံပင်အထုံး(၂၀)ပြီးမှ (၃၅၀၀)ရတယ်လေ။ တစ်နေ့ကို အထုံး(၄၀) ပြီးအောင်ရိုက်ရတယ်။ အလုပ်ချိန် မနက်(၈)နာရီကနေ ညနေ (၅)နာရီခွဲထိ ဆံပင်ရိုက်တဲ့အလုပ်ပဲ လုပ်နေရတော့ အရမ်းအားကုန်ပြီး ပင်ပန်းတယ်။

ကိုဗစ်တတိယလှိုင်းမှာ အဖေကလွဲရင် ကျန်တဲ့သူအိမ်ထဲကအိမ်ပြင်မထွက်ပဲ အိမ်ထဲမှာပဲ နေကြပေမယ့် သမီးတို့မိသားစုတွေ တစ်ယောက်ပြီးတစ်ယောက် ဖျားသွားကြသေးတယ်။ နှာစေး ချောင်းဆိုးလောက်ပဲဆိုတော့ ဆေးခန်းမသွားဖြစ်ဘဲ ရပ်ကွက်ထဲကဆေးဆိုင်မှာ စပ်ဆေးပဲ ဝယ် သောက်လိုက်ကြတယ်။ အဲ့အချိန်တုန်းက အလုပ်တွေကမကောင်းတော့ ပိုက်ဆံကလည်းမရှိ ဆေးတွေကလည်း ဈေးကြီးပြီး ဝယ်ချင်တိုင်းဝယ်လို့မရတော့ အရမ်း စိတ်ညစ်ခဲ့ရတာပေါ့။ နောက် ပြီး တတိယလှိုင်းပြီးခါစလောက်မှာ ကျူးကျော်ရပ်ကွက်ကအိမ်တွေ ဖျက်ရတယ်လေ။ သမီးတို့ အိမ်လည်း ဖျက်လိုက်ရတော့ အဲ့ဒီနားကအဆောင်မှာ အခန်းငှားနေလိုက်ရတယ်။ အဆောင်ခန်း တွေကကျဉ်းတော့ သမီးတို့မိသားစုနဲ့မဆံ့လို့ တစ်လကို ၆ သောင်းနဲ့ (၂)ခန်းငှားပြီးနေရတော့ ၁သိန်း၂သောင်းကုန်ကျတယ်လေ။ အိမ်လခက အရင်က ၈သောင်းပဲပေးရတာဆိုတော့ အခုက အများကြီးပိုကုန်တာပေါ့။

အခုတော့ ကိုဗစ်တွေလည်းပြီးသွားပြီဆိုတော့ အဖေလည်းသုံးဘီးဆွဲတယ်။ သမီးတို့ ညီအစ်မ သုံးယောက်လည်း အလုပ်လုပ်နေကြတာဆိုတော့ အရင်တုန်းကတင်ထားတဲ့ အကြွေးတွေလည်း ဖြည်းဖြည်းချင်းဆပ်နိုင်လာပြီလေ။ အရင်ကတော့ ကျောင်းဖွင့်ရင် ကျောင်းပြန်တက်ဖို့ တွေးထားတာပါ။ သမီးတို့တွေကျောင်းပြန်တက်ရင် ကျောင်းစရိတ်ကုန်မယ်။ အငယ်နှစ်ယောက်ကိုလည်း ကျောင်းထားပေးရမှာရယ် အဆောင်လခနဲ့ စားသောက်ကုန်ဈေးနှုန်းတွေကလည်း တက်နေတာဆိုတော့ အဖေတစ်ယောက်တည်းရဲ့လုပ်စာနဲ့ မိသားစုတစ်စုလုံးရဲ့စားဝတ်နေရေးကို ဖြေရှင်းဖို့ အဆင်ပြေမှာမဟုတ်ဘူးလေ။ ပြီးတော့ အမေနဲ့အဖေကိုလည်း သမီးတို့ညီအစ်မတွေ ပြန်လုပ်ကျွေးချင်တယ်။ အနာဂတ်အတွက်သမီးရည်မှန်းချက်ကတော့ သမီးတို့မောင်နှမတွေ အလုပ်လုပ်ပြီး ကိုယ်ပိုင်အိမ်လေးနဲ့ ဆိုင်လေးတစ်ဆိုင်ဖွင့်ပြီး အေးအေးချမ်းချမ်းနေနိုင်အောင် ကြိုးစားမယ်။ သမီးရည်မှန်းထားသလို ဖြစ်လာမယ်လို့လည်း မျှော်လင့်ပါတယ်။

# ၁၀။ ကိုဗစ်ကြီးမဖြစ်ခင်က ဘောလုံးသမားဖြစ်ချင်ခဲ့တယ်

သားနာမည်က အောင်အောင်လို့ ခေါ်ပါတယ်။ သားအသက်က (၁၇)နှစ်ရှိပါပြီ။ သားတို့ မောင်နှမ(၉) ယောက်ထဲမှာ သားက ၅ ယောက်မြောက် ဖြစ်ပါတယ်။ သားအကိုကြီးနဲ့ အမကတော့ အိမ်ထောင်ကျသွားပြီး သူတို့မိသားစုနဲ့သူတို့နေကြတယ်။ အခုအဖေနဲ့ အမေရယ် သားတို့မောင်နှမ (၇) ယောက်ရယ် အတူတူနေကြတယ်။ အရင်တုန်းက လှိုင်သာယာ တခြားရပ်ကွက်တစ်ခုမှာ နေတာပါ။ ၂၀၂၁ အကုန်လောက်မှာ သားတို့နေတဲ့ ကျူးကျော်ရပ်ကွက်က အိမ်တွေဖျက်လိုက်ရပြီးတော့ ဒီနေရာကိုရောက်လာတာပါ။ အခုသားတို့နေတဲ့နေရာက စည်ပင်သာယာပိုင်မြေပါ။ အမေနဲ့အကိုက စည်ပင်မှာ အလုပ်လုပ်တယ်ဆိုတော့ သားတို့ကိုပေး နေတာ။ အိမ်ငှားခ မပေးရဘူးပေါ့။ အခု သားတို့မိသားစုမှာ အငယ်လေး(၃)ယောက်က ကျောင်းတက်ပြီး ကျန်တဲ့သူတွေ အကုန် အလုပ် လုပ်ကြပါတယ်။

ကိုဗစ်မဖြစ်ခင်တုန်းကတော့ သားက ကျောင်းမှာ ၆ တန်းတက်တယ်။ အမေ၊ အဖေနဲ့ အစ်ကိုက အလုပ်ရှိကြတယ်။ သားတို့နေတဲ့နေရာက အဝေးပြေးကားဝင်းနဲ့နီးတော့ အဖေက ကားဝင်းမှာ လူခေါ်တဲ့အလုပ်လုပ်တယ်။ လူခေါ်ပေးတယ်ဆိုတာက ခရီးသည်တွေကို သူတို့ သွားချင်တဲ့ ကားဂိတ်လိုက်ပို့ပေးရတာ အထုတ်တွေ ကူသယ်ပေးရတာပါ။ အမေနဲ့အကိုက စည်ပင်မှာ လုပ်တယ်။ သားကတော့ကျောင်းကအပြန်၊ ကျောင်းအားတဲ့နေ့တွေနဲ့ နွေရာသီကျောင်းပိတ်ရက်တွေဆိုရင် အဖေနဲ့ ကားဝင်းမှာလူခေါ်ပေးတယ်။ ဦးလေးနဲ့လည်း မီးသွေးအိတ်တွေလိုက်ပို့တယ်။ တစ်ခေါက်ကို တစ်သောင်း(၁၀၀၀၀)လောက်ရတယ်။ လူခေါ်တဲ့အလုပ်က လွယ်တော့ မလွယ်ဘူးပေါ့။ အလုပ်ချိန်လည်းများတယ်။ လူလည်းပင်ပမ်းတယ်။ ဒါထက်ပိုဆိုးတာက တစ်ခါ တစ်လေ လူခေါ်ပေးတဲ့သူတွေက မူးယစ်ဆေးဝါးတွေသုံးတယ် ရောင်းဝယ်တယ်ဆိုပြီး သတင်းရတဲ့ အချိန်တွေဆိုရင် ရဲတွေက ရှောင်တခင်စစ်ဆေးတာတို့ လိုက်ဖမ်းတာတို့ရှိတယ်။ အဲ့လိုအချိန်တွေ ဆိုရင် သားတို့က လူမှားပြီးစစ်ခံရမှာ အဖမ်းခံရမှာကြောက်လို့ လူခေါ်ဖို့မထွက်ရဲတော့ဘူး ပိုက်ဆံလည်း မရတော့ဘူးပေါ့။ ဒါပေမယ့် အဲဒီတုန်းက ကိုဗစ်ရောဂါလည်းမရှိသေးဘူး၊ တချို့ကားတွေက လည်း ညနေမှထွက်ကြတယ်ဆိုတော့ သားတို့လည်း ညနေမှထွက်ပြီး အလုပ်လုပ်လို့ရတယ်လေ။ အဲ့ဒီတုန်းက လူခေါ်တဲ့အလုပ်က အဆင်ပြေနေပါသေးတယ်။ လူကျတဲ့နေ့တွေဆို တစ်ရက်ကို ငါးထောင် ခြောက်ထောင် (၅၀၀၀-၆၀၀၀)လောက်ရတယ်ဆိုပေမယ့် သားတို့မိသားစုကများတော့ စားလောက်တယ်လို့ကိုမရှိဘူးပေါ့။ ရတဲ့ပိုက်ဆံကလည်း ဆန်နဲ့ဆီဝယ်တာနဲ့ ကုန်တာပါပဲ။ စားဖို့ မရှိတဲ့အခါ အတိုးနဲ့ငွေချေးပြီးဖြေရှင်းရတော့ တစ်လနဲ့တစ်လ အကြွေးတွေနဲ့ပတ်ချာလည်နေတာ။ အကြွေးက တစ်သောင်း (၁၀၀၀၀) ယူရင် တစ်လကို နှစ်ထောင် (၂၀၀၀) အတိုးပေးရတယ်။ အဲ့လိုနဲ့ အကြွေးယူလိုက် ပိုက်ဆံရရင် ပြန်ဆပ်လိုက်၊ အကြွေးပြန်ယူစားလိုက် လုပ်ရတာပါပဲ။

ကိုဗစ်ရောဂါတွေဖြစ်လာတော့ စီးပွားရေးက ပိုဆိုးသွားသလို စားဝတ်နေရေးလည်း အရမ်းကို ခက်ခဲသွားတယ်။ ကိုဗစ်တွေ အရမ်းဆိုးလာတဲ့အချိန်မှာ စည်းကမ်းချက်တွေကြောင့် လမ်းတွေလည်း ပိတ်သွားသလို ကားတွေလည်း ထွက်လို့မရတော့ဘူး။ ခရီးတွေလည်း မထွက်ကြတော့ ခေါ်ရမယ့်ခရီးသည်တွေလည်း မရှိတော့ဘူးပေါ့။ သားတို့လည်း အလုပ်လုပ်လို့မရတော့ အိမ်မှာပဲနေရတယ်။ ရောဂါတွေ နည်းနည်းလျော့လာလို့ အလုပ်ထွက်လုပ်တဲ့နေ့တွေဆိုရင်လည်း

ပိုက်ဆံသိပ်မရတော့ဘူး အရင်တုန်းက တနေ့ကိုခြောက်ထောင် (၆၀၀၀) လောက်ရရင် အဲ့ဒီတုန်းက တနေ့မှ သုံးထောင် (၃၀၀၀)လောက်ပဲ ရတော့တယ်လေ။ အရင်တုန်းက ည ၁၁ နာရီ ၁၂ နာရီ အထိ ကားဝင်းမှာလူခေါ်လို့ရသေးတယ် သူငယ်ချင်းတွေနဲ့လည်း ဆော့လို့ရတယ်။ ကိုဗစ်ရောဂါတွေ အရမ်းဆိုးနေတုန်းကတော့ ည ၇ နာရီထိုးတာနဲ့ အပြင်ထွက်လို့မရတော့ ပိုက်ဆံလည်းသိပ်မရဘူး ပေါ့။ အဲ့ဒီတုန်းက တစ်မိသားစုလုံး အမေ့လုပ်ခလစာလေးပဲ အားကိုးနေရတော့၊ စားဖို့တောင် အနိုင်နိုင်ပါပဲ။ ထမင်းဆိုလည်း ခါတိုင်းစားတာထက်ကို လျှော့စားခဲ့ရတယ်။ အဲ့လိုအရမ်းခက်ခဲတဲ့ အချိန် ရပ်ကွက်ထဲမှာ ဆန်(၂)ပြည်၊ ဆီ(၁)ဘူး လာလှူကြတုန်းကတော့ သားတို့လည်း ရလိုက် သေးတယ်။ အများကြီးမဟုတ်ပေမယ့် မရတာထက်စာရင်တော့ သားတို့မိသားစုအတွက် နည်းနည်း တော့ အဆင်ပြေသွားတာပေါ့။

ကိုဗစ်ကာလမှာ သားတို့မိသားစုက ကိုဗစ်ရောဂါကူးစက်ခံရတာမျိုးတော့ မရှိခဲ့ဘူး ရိုးရိုး ဖျားနာတာလောက်ပဲဖြစ်ခဲ့တယ်။ ဆေးသောက်လို့ မပျောက်ရင်တော့ ဆေးခန်းသွားပြတယ်။ အမေကတော့ သွေးတိုးရောဂါရှိတော့ ဆေးတွေပုံမှန်သောက်ရတယ်။ အဖေကတော့ တနေ့ ကားဝင်းကအပြန်မှာ အဖေနင်းလာတဲ့စက်ဘီးကို ဆိုင်ကယ်နဲ့ ဝင်တိုက်သွားလို့ ခြေထောက် ကျိုးပြီး ဆေးရုံတက်လိုက်ရသေးတယ်။ ခြေထောက်မှာ စတီးလ်ရိုးထည့်ရတော့ ပိုက်ဆံတွေ အရမ်း ကုန်ခဲ့တယ်။ သားတို့မိသားစု သိန်း(၂၀)လောက် အကြွေးတင်သွားတယ်။ အဲ့ဒီအချိန် အလုပ်တွေက လည်း မကောင်း စားဝတ်နေရေးကလည်း အဆင်မပြေတော့ တော်တော်အခက်အခဲဖြစ်သွား တာပေါ့။ အဖေ့ဆေးဖိုးတွေကြောင့် စားဖို့မရှိသလို အမေ့အတွက်ဆေးတွေလည်းမဝယ်နိုင်တော့ဘူး။



အဖေလည်းအဲ့ချိန်ကစပြီး ခြေထောက်မကောင်းတော့ လူခေါ်တဲ့အလုပ်မလုပ်နိုင်တော့ဘူး။ အဲ့ဒါနဲ့ သားလည်း အဖေ့ကိုယ်စား လူခေါ်တဲ့အလုပ်ကို လုပ်ဖြစ်သွားတာပေါ့။ အဲ့ဒီအလုပ်က လူကြီးတွေနဲ့အပြိုင်အဆိုင် လူခေါ်ရတော့ အမြဲတမ်းအချင်းချင်း ရန်ဖြစ်ကြတာ၊ စကားများကြတာတွေ ရှိတော့ သားမကြိုက်ဘူး။ သူငယ်ချင်းတွေနဲ့ လူခေါ်ရတာ အတူဆော့ရတာတော့ပျော်ပါတယ်။

ကိုဗစ်နည်းနည်းငြိမ်သွားတော့ ကျောင်းတွေပြန်ဖွင့်ပေမယ့် သားက ကျောင်းဆက်မတက်ဖြစ်တော့ဘူး။ ကျောင်းမတက်ရတော့ ပညာမရဘူးဆိုတော့ ဝမ်းနည်းတယ်လေ။ အမေနဲ့ အကိုလုပ်နေတဲ့ စည်ပင်မှာ လူလိုတယ်ဆိုလို့ အဲ့ဒီမှာဝင်လုပ်လိုက်ရတယ်။ ဒီမှာလုပ်တာ (၂) နှစ်နီးပါး ရှိတော့မယ်။ သားအလုပ်က စည်ပင်အမှိုက်ကားတွေနဲ့လိုက်ပြီး အမှိုက်သိမ်းရတယ်။ လမ်းတစ်လျှောက်မှာ ပုံထားတဲ့ အမှိုက်တွေနဲ့ အမှိုက်အိတ်တွေကိုကောက်ပြီး အမှိုက်ကားပေါ်တင်ပေးရတယ်၊ ပြီးရင် အမှိုက်ကုန်းမှာပစ်ရတယ်။ တစ်လကို ရှစ်သောင်း (၈၀၀၀၀) ရတယ်။ တစ်ရက်ကို (၈)နာရီလောက်လုပ်ရတယ်၊ နားတဲ့ရက်တော့မရှိဘူး။ သားရဲ့အလုပ်က အန္တရာယ်များတော့ အလုပ်ထဲမှာ သတိထားရတယ်။ တစ်ခါက အမှိုက်တွေလိုက်သိမ်းရင်း ကားပေါ်ကနေ ပြုတ်ကျခါနီးဖြစ်ဖူးတယ်။ သူငယ်ချင်းက သားရဲ့လက်ကိုလှမ်းဆွဲလိုက်လို့ ဘာမှမဖြစ်ခဲ့တာ။ အဲ့တုန်းက တော်တော်လေး လန့်သွားတယ်။ အမြဲတမ်းသတိလည်းထားရတော့ လူရောစိတ်ရော တော်တော်ပင်ပန်းတယ်။ တစ်ခါတစ်လေ အခုလုပ်နေတဲ့အလုပ်ကနေ ထွက်ချင်စိတ်ပေါက်တယ်။ တချို့ရက်တွေဆို ခန္ဓာကိုယ်တွေကိုက်ခဲပြီး အိပ်ရာကနေတောင် မထနိုင်တဲ့အချိန်တွေလည်းရှိတယ်။ တစ်ခါတစ်လေကျရင် သူတို့(စည်ပင်)က တောက်တိုမယ်ရအလုပ်တွေခိုင်းတယ်။ မြောင်းထဲက ပိတ်နေတဲ့ အမှိုက်တွေကို ဆယ်ခိုင်းတယ်၊ ပန်းရုံလည်း လုပ်ခိုင်းတယ်၊ ခြံစည်းရိုးတွေကိုလည်း ဆေးသုတ်ခိုင်းတယ်။ အဲ့လိုတွေ ပင်ပင်ပန်းပန်းလုပ်ခိုင်းပေမယ့်လည်း ပိုက်ဆံမပေးတော့ စိတ်လည်းညစ်တယ်၊ဝမ်းလည်းနည်းတယ်။အလုပ်ထွက်ချင်တဲ့အကြောင်းကိုအမေနဲ့တိုင်ပင်ဖြစ်ပေမယ့်လည်း အမေက အလုပ်မထွက်စေချင်ဘူး မထွက်ခိုင်းဘူးပေါ့။

သားက ဘောလုံးအားကစားထူးချွန်တော့ ဘောလုံးသမားဖြစ်ချင်တာ။ အရင်တုန်းက နွေရာသီကျောင်းပိတ်ရက်တွေမှာ ဘောလုံးကန်လေ့ကျင့်တာနဲ့ အားကစားသင်တန်းတွေ တက်ရတာပျော်တယ်။ ကိုဗစ်ရောဂါတွေဖြစ်တော့ အဲ့ဒီသင်တန်းလည်းပိတ်လိုက်ရတော့ မပျော်တော့ဘူး။ အရင်တုန်းကတော့ ကိုဗစ်ရောဂါတွေပြီးသွားရင် ကျောင်းပြန်တက်ပြီး ပညာရေးကိုဦးစားပေးမယ်။ သားဖြစ်ချင်တဲ့ ဘောလုံးအားကစားသမားဖြစ်အောင် လုပ်မယ်လို့တွေးထားတာပါ။ အခုချိန်မှာတော့ သားဖြစ်ချင်တာက ဒီအလုပ်ကနေထွက်ပြီး အခြေကျတဲ့ အခြားအလုပ်တစ်ခုခု ရှာပြီးလုပ်ချင်တာပါပဲ။ စက်ရုံမှာလုပ်ရတဲ့ အလုပ်မျိုးလုပ်ချင်တယ်။ သားစဉ်းစားထားတာက သားတို့မိသားစု ဝင်ငွေ အတော်အသင့်ရတဲ့ အလုပ်ကိုယ်စီနဲ့ ပိုက်ဆံစုပြီး အိမ်ပိုင်ခြံပိုင်လေးနဲ့ နေချင်တာပါပဲ။

# ၁၁။ တည်တည်တံ့တံ့ စက်ရုံအလုပ်လေးရချင်တယ်

သမီးနာမည်က မစုမေပါ။ သမီးအသက်ကတော့ (၁၅)နှစ်ကျော်ပါပြီ။ သမီးအပါအဝင် မောင်နှမ ၃ ယောက်ရှိပါတယ်။ သမီးအောက်မှာ ၁၂ နှစ်အရွယ် ညီမလေးတစ်ယောက်နဲ့ ၁၀ နှစ်အရွယ် မောင်လေးတစ်ယောက်ရှိတယ်။ သမီးတို့ကို လှိုင်သာယာမှာပဲမွေးတာလေ။ အမေတို့က ဒီလှိုင်သာယာမှာ နေတာဆိုရင် အနှစ်(၂၀)လောက်ရှိပြီတဲ့။ အဖေဆုံးသွားတာတော့ ၁ နှစ်လောက်ရှိပြီ။ အခုတော့ သမီးတို့မောင်နှမသုံးယောက်နဲ့ အမေပဲကျန်ခဲ့တာပေါ့။ အဖေက လေဖြတ်ပြီး အိပ်ယာထဲ လဲနေတာ သုံးနှစ်ကျော်လောက် ကြာသွားတယ်လေ။ အဖေမကျန်းမမာဖြစ်ကတည်းက အမေက သမီးတို့ကို ဟင်းသီးဟင်းရွက်တွေ ခူးပြီးရောင်းပြီး ရှာကျွေးခဲ့တယ်။ တစ်ခါတစ်လေ ပန်းရံလည်း လိုက်လုပ်တယ်။ ကိုဗစ်ရောဂါတွေ မဖြစ်သေးခင်အထိ အမေက သမီးတို့မောင်နှမ အားလုံးကို ကျောင်းလည်းထားပေးနိုင်ခဲ့တယ်။ သမီးက ၆တန်းအောင်ပြီးပြီ။ ညီမလေးက ၅တန်းနဲ့ မောင်လေးက ၃တန်းအောင်ပြီးပြီ။ သမီးကတော့ ကိုဗစ်မတိုင်ခင်ကတည်းကကျောင်းပိတ်ရက်ဆိုရင် အမေ့ကိုကူညီရင်းနဲ့ အမေနဲ့အတူတူ အလုပ်လိုက်လုပ်ခဲ့တယ်။ ညီမလေးနဲ့ မောင်လေးကိုတော့ အလုပ်မလုပ်ခိုင်းပါဘူး။

အရင်တုန်းကသမီးတို့က လှိုင်သာယာကျူးကျော်ရပ်ကွက်တစ်ခုမှာ အိမ်လေးဆောက်ပြီး နေကြတာဆိုတော့ အိမ်လခပေးစရာမလိုဘူး။ သမီးတို့နေတဲ့နေရာနားမှာ တံတားထိုးထားတဲ့မြစ်တစ်ခုရှိတယ်။ သမီးနဲ့အမေကအဲ့ဒီကနေ မြစ်တစ်ဖက်ကမ်းက ကျူတောတွေထဲ ကူးသွားပြီး ဟင်းသီးဟင်းရွက်တွေလိုက်ခူးပြီး ရောင်းကြတယ်။ ကန်စွန်းရွက်နဲ့ ဖလောင်တောင်မွှေးတွေကို အဓိကခူးပြီး အခြားရောင်းလို့ရတဲ့ အရွက်တွေလည်းခူးတယ်။ အဲ့ဒီကျူတောထဲမှာ သမီးတို့လိုမျိုး အရွက်လာခူးတဲ့ လူတွေလည်းရှိတော့ ကျူတောထဲ စောစောရောက်ဖို့ သမီးနဲ့အမေက မနက်(၆)



နာရီလောက်အိပ်ရာထရတယ်။ အဆာပြေထမင်းကြမ်းစားပြီးတာနဲ့ ၆နာရီခွဲ ၇နာရီ လောက်ဆို အိမ်ကထွက်ရတယ်။ ညနေ ၃နာရီ ၄နာရီလောက်မှ အိမ်ပြန်ရောက်ကြတယ်။ နေ့လယ်စာလည်း မစားပဲ ညနေပြန်ရောက်မှပဲ စားရတာပေါ့။ ဒီလိုပဲ တစ်နေ့တာကုန်သွားရတာပါပဲ။ တောထဲမှာ လိုက်ခူးရတာဆိုတော့ မြွေတွေကင်းတွေသတိထားရတယ်။ သမီးကအစပိုင်းကတော့ မြွေတွေ့ရင် ကြောက်ပေမယ့် နောက်ပိုင်းကျတော့ သိပ်မကြောက်တော့ဘူး။ ဟင်းသီးဟင်းရွက်တွေ ခူးပြီးရင် သမီးတို့က ဆာလာအိတ်ထဲထည့်ပြီး အိမ်ကိုပြန်သယ်ရတာဆိုတော့ အမေတစ်ယောက်တည်းဆိုရင် မနိုင်ဘူးလေ။ သမီးလည်းကူသယ်ပေးရတာပေါ့။ ခူးပြီးလို့ အိမ်ပြန်ရောက်တာနဲ့ သမီးတို့ သားအမိတွေ ထမင်းစားရင်းနဲ့ ဖလောင်တောင်မွှေးတွေခွာပြီး ပြန်ရောင်းဖို့ အစည်းလေးတွေ စည်းရတယ်။ တစ်ခါတစ်လေ ဖောက်သည်ယူမယ့်သူရှိရင်တော့ ဖောက်သည်ပေးလိုက်တယ်။ ဖောက်သည်ယူမယ့်သူမရှိရင်တော့ ကိုယ့်ဟာကိုယ် ရပ်ကွက်ထဲလှည့်ရောင်းရတာပေါ့။

ကိုဗစ်ကာလမှာတော့ စားဝတ်နေရေးအရမ်းခက်ခဲခဲ့တယ်။ အမေနဲ့သမီး ဖလောင်တောင်မွှေး ရောင်းလို့ရတဲ့ပိုက်ဆံက တစ်နေ့မှ ၃-၄ ထောင်ပဲရတာလေ။ တစ်ခါတစ်လေ အများဆုံးရမှ ၅ထောင်ဆိုတော့ မနည်းလောက်ငှအောင် နေထိုင်စားသောက်ရတာပေါ့။ ကိုဗစ်ကာလမှာ အဖေကလည်း လေဖြတ်ပြီးအိပ်ယာထဲလဲသွားတယ်။ အမေကလည်း ကျန်းမာရေးချူချာလာပြီး အလုပ်ပုံမှန် မလုပ်နိုင်တော့ စားဖို့တောင်အနိုင်နိုင် ခက်ခဲခဲ့တယ်။ ဒီကြားထဲ ကိုဗစ်ရောဂါတွေဖြစ်တော့ 'အိမ်ပြင်မထွက်ရ' စည်းကမ်းတွေထုတ်တော့ ဟင်းသီးဟင်းရွက်တောင် ခူးရောင်းလို့မရဘူး။ စားဝတ်နေရေးပိုဆိုးသွားတယ်။ အမေကတော့ သမီးတို့ကိုအလျင်မီအောင် ကျွေးမွေးနိုင်ဖို့ သူ့အသိတွေဆီကချေးငှားရတယ်။

ကိုဗစ်တတိယလှိုင်းလောက်မှာ သမီးတို့ရပ်ကွက်နားမှာ ရေခူစက်ရုံတစ်ရုံဖွင့်တော့ တစ်ရက်ကို တစ်ယောက် ၅ထောင်နဲ့ သားအမိနှစ်ယောက် သွားလုပ်လိုက်ကြသေးတယ်။ ရေခူတွေကို တောင်ကုတ်မြို့ကနေသယ်လာပြီး စက်ရုံရောက်လာတဲ့အခါ သမီးတို့အလုပ်က ရေခူတွေကို သဲတွေ အညစ်အကြေးတွေ မကျန်အောင် ဆေးပေးရတယ်။ ပြီးရင် ရေစစ်ပြီး အကောင် အကြီး အသေးခွဲပြီး ပါကင်ပုံးတွေထဲထည့်ရတာပါ။ အလုပ်ချိန်ကတော့မနက် (၆နာရီ)ခွဲကနေ ညနေ ၅နာရီအထိပါ။ အဲ့ဒီစက်စက်ရုံမှာက လူတွေဝင်တဲ့အပေါက် တစ်ပေါက်ပဲရှိတယ်လေ ကိုဗစ်ကြောင့် တစ်ချိန်လုံး နှာခေါင်းစည်းတွေတပ်ပြီး အလုပ်လုပ်ရတော့ အရမ်းအသက်ရှူအရမ်းကျပ်တယ်။ အမေကလည်း ကျန်းမာရေးသိပ်မကောင်းတော့ ၅ ရက်လောက်ပဲလုပ်နိုင်တယ်။ သမီးကတော့ အမေကကလည်း ကျန်းမာရေးမကောင်းဘူးဆိုတော့ ဝင်ငွေပြတ်သွားမှာစိုးလို့ တစ်ရက်မှမနားပဲ အလုပ်ဆက်ဆင်းတယ်။ ဒါပေမယ့် အဲ့ဒီအလုပ်ကလည်း ရက်(၂၀)လောက်ပဲ လုပ်လိုက်ရပြီး စက်ရုံက ပိတ်သွားတယ်။ စက်ရုံကပြောတာတော့ ရေခူကားကလမ်းတွေပိတ်ထားလို့ လာလို့မရဘူးတဲ့။ ရေခူစက်ရုံပိတ်သွားတော့ သမီးတို့လည်းလုပ်နေကျအလုပ်ဖြစ်တဲ့ ဖလောင်တောင်မွှေးပဲ ပြန်ခူးရောင်းရတာပေါ့။

ဝင်ငွေမရှိတဲ့ရက်တွေဆိုရင် ထမင်းကိုငါးပိနဲ့ပဲ ဖြစ်သလို စားလိုက်ကြတယ်။ အဲ့ဒီအချိန်တုန်းက တခါတလေ အလှူရှင်တွေက အခြေခံစားသောက်ကုန်တွေ လာလှူကြတော့ ဆန်အိတ်ကြီး ၁ အိတ်နဲ့ အိတ်အသေးလေး ၂ အိတ်ရတယ်။ နောက်ပြီး အစိုးရကထောက်ပံ့တဲ့ ထောက်ပံ့ငွေ ၂သောင်းတစ်ခါနဲ့ ၄သောင်းတစ်ခါရလိုက်တယ်။ သမီးတို့မှာ အလုပ်မရှိလို့ ဝင်ငွေမရှိတဲ့အချိန် အဲ့လို အစားအသောက်နဲ့ငွေကြေးလေးတွေရရင် အရမ်းပျော်တာပေါ့။ အိမ်မှာ တစ်ခါတစ်လေ

ချက်စရာဆန်တောင် မရှိဘူးလေ။ အမေက နေမကောင်းတဲ့အချိန် ပိုက်ဆံကလည်းမရှိ မောင်လေးနဲ့ညီမလေးကလည်း ဗိုက်ဆာလို့ ငိုပြီးပူဆာကြတဲ့အချိန်ဆိုရင် သမီးအရမ်းစိတ်ညစ်တယ်။ စိတ်မကောင်းဘူးပေါ့။

ကိုဗစ်တတိယလှိုင်းပြီးပြီးမကြာဘူး သမီးတို့ကျူးရပ်ကွက်ကအိမ်တွေလည်း အဖျက်ခံရတယ်လေ။ လှိုင်သာယာမှာက အဆောင်လခတွေကလည်း ဈေးကြီးတော့ အိမ်ခန်းငှားခမတက်နိုင်လို့ ဒလဘက်ကို ပြောင်းလာရတယ်။ ဒီကိုရောက်ပြီးကတည်းက သမီးတို့အိမ်ရဲ့ စားဝတ်နေရေးက ပိုပိုပြီး ခက်ခဲသွားတယ်။ တစ်ခါတစ်လေ တစ်နေ့လုံးမှ ထမင်းတစ်နပ်ပဲစားရတဲ့ နေ့တွေလည်းရှိတယ်။ ဒီမှာလည်း အိမ်လခက တစ်လကို ၅သောင်းပေးရတော့ စားဖို့အပြင် အိမ်လခ အတွက်ပါ ပူရတယ်။ ဒီမှာက လုပ်စရာအလုပ်ကလည်းမရှိ အရင်နေတဲ့နေရာနဲ့လည်း အရမ်းဝေးသွားတဲ့အခါကျတော့ အရင်လို ဟင်းသီးဟင်းရွက်လည်း ခူးရောင်းလို့မရတော့ဘူး။ အမေနဲ့ သမီးလည်းအိမ်ရဲ့စားဝတ်နေရေးအတွက်ရရာအလုပ်လုပ်ရတာပေ့ါ။ အမေက သူများအိမ်မှာ ထမင်း၊ ဟင်းချက် အဝတ်လျှော်လုပ်ပြီး သူများပေးတာလေးတွေနဲ့ သမီးတို့မောင်နှမတွေကို ကျွေးပါတယ်။ သမီးကတော့ ရပ်ကွက်ထဲမှာ ရေထမ်းရောင်းတယ်။ ရေပုံးကြီး ၂ ပုံးအပြည့် တစ်ခါထမ်းမှ ၁၀၀ ပဲရတယ်။ သမီးဦးလေးအိမ်မှာလည်း အိမ်အကူအလုပ်ကို ၂ လ လောက် သွားလုပ်ခဲ့သေးတယ်။ တစ်လကို ၅သောင်း ၆သောင်းရတယ်။ ပြီးတော့အဒေါ်တွေနဲ့ အရွက်တွေ လိုက်ခူးပြီးသူတို့ပေးတာနဲ့ စားတယ်။ နောက်ပြီး သမီးတို့မိသားစု ဒလဘက်ကို ရောက်ပြီး ၃လလောက်အကြာမှာ ရေခူစက်ရုံက ပြန်ဖွင့်တော့ သမီးအလုပ်ပြန်သွားလုပ်သေးတယ်။ ဒီတစ်ခါ တစ်ရက်ကို ၃ထောင် ၄ထောင်လောက်ပဲ ရတော့တယ်။ ဒါပေမယ့် အခုနေတဲ့နေရာက စက်ရုံနဲ့အရမ်းဝေးတော့ အလုပ်ကို ၁နာရီလောက်လမ်းလျှောက်ပြီး လိုင်းကားစီးပြီးမှ ရောက်တယ်။ အပြန်မှာလည်း တစ်ယောက်တည်း လိုင်းကားစီးပြီး လမ်းလျှောက်ပြန်ရတော့ ည ၇နာရီထိုးခါနီးလောက်မှ အိမ်ပြန်ရောက်တယ်။ အမေက သမီးကို မိန်းကလေးတစ်ယောက်တည်းမို့ စိတ်မချတာနဲ့ ရေခူစက်ရုံမှာလည်း ဆက်မလုပ်ဖြစ်တော့ပြန်ဘူး။ အခုတော့အမေကတော့ ဆောက်လုပ်ရေးတစ်ခုမှာ ပန်းရံသွားလုပ်နေတယ်။ သမီးလည်း အမေနဲ့အတူလိုက်လုပ်ဖို့ ပြောထားတယ်။ အမေကတော့ သမီးမလုပ်နိုင်မှာ စိုးရိမ်ပေမယ့် မိသားစုစားဝတ်နေရေးအတွက် ဖြစ်အောင်လုပ်ရမှာပဲလေ။

သမီးကကျောင်းလည်း ဆက်မတက်ဖြစ်တော့ပါဘူး။ မောင်လေးတွေ ညီမလေးတွေလည်း ကျောင်းပြန်တက်နေတာဆိုတော့ အမေ့ကိုကူဖို့ သမီးကအလုပ်လုပ်မှ မိသားစုစားဝတ်နေရေး အဆင်ပြေမှာလေ။ ဟိုးအရင် ကျောင်းတက်နေတုန်းကတော့ သမီးက ကျောင်းဆရာမ ဖြစ်ချင်ခဲ့တာပါ။ ဒါပေမယ့် ကိုဗစ်တွေဖြစ်ပြီးကျောင်းတွေပိတ်လို့ ကျောင်းနားလိုက်ရတာရယ် မိသားစုကလည်း မပြေလည်တာတွေရယ်ကြောင့် သမီးလည်း ကျောင်းတက်ဖို့ စိတ်မပါတော့ပါဘူး။ မောင်လေးနဲ့ ညီမလေးရဲ့ ကျောင်းစရိတ်နဲ့ အိမ်စားစရိတ်အပြင် အိမ်လခပေးနိုင်ဖို့ကိုလည်း လတိုင်းပူပန်နေရတယ်။ အခုလို အလုပ်အတည်တကျမရှိတာနဲ့ ပုံမှန်ဝင်ငွေမရှိတာက သမီးတို့ မိသားစုအတွက် လုံးဝအဆင်မပြေဘူးလေ။

ဒါကြောင့် အလုပ်ဆက်လုပ်ဖို့ပဲ စဉ်းစားတော့တယ်။ ဖြစ်နိုင်ရင်တော့ စက်ရုံအလုပ်လေး တစ်ခုရချင်တာပါ။ သမီးကတော့ အနာဂတ်မှာ ဒီထက်ပိုပြီးအဆင်ပြေတဲ့ အခြေအနေလေးတစ်ခုပဲ ရချင်ပါတယ်။ တည်တည်ငြိမ်ငြိမ် အလုပ်လေးတစ်ခုရဖို့နဲ့ သမီးတို့မိသားစု အဆင်ပြေပြေလေး နေနိုင်ဖို့ပဲ မျှော်လင့်တော့တယ်။

# ၁၂။ စက်ချုပ်ပညာလေးနဲ့ အဘွားကိုပြန်လုပ်ကျွေးချင်တယ်

သမီးနာမည်ကတော့ နဒီပါ။ အသက်က (၁၅)နှစ်ကျော်ပြီ။ သမီးတို့က မောင်နှမ(၇) ယောက် ရှိပါတယ်။ သမီးတို့က ငယ်ငယ်လေးကတည်းက လှိုင်သာယာမှာနေလာခဲ့ကြတာပါ။ အဖေကတော့ တီဘီရောဂါနဲ့ ဆုံးသွားတာ (၆)နှစ်ကျော်လောက်ရှိပြီ။ အဖေဆုံးပြီးတော့ အမေက နောက်အိမ်ထောင်ပြုပြီး ဆိပ်ကြီးခနောင်မြို့ဘက်ကိုပြောင်းသွားတယ်။ သမီးတို့မောင်နှမတွေက တော့ လှိုင်သာယာမှာပဲအဘွားနဲ့ နေခဲ့ကြတယ်။ သမီးအမ(၃)ယောက်ကတော့ ကိုဗစ်မဖြစ်ခင် ကတည်းက အိမ်ထောင်ကျသွားတာဆိုတော့ သမီးတို့နဲ့မနေတော့ဘူး။ သမီးအကိုရယ် သမီးညီမ လေးရယ် သမီးရယ်က အဘွားနဲ့အတူတူ ကျူးကျော်ရပ်ကွက်က တဲလေးမှာအတူတူနေကြတယ်။ ကိုဗစ်ရောဂါတွေမဖြစ်ခင်လေးမှာ အဒေါ်ကညီမလေးကို သူတို့မိသားစုနဲ့ လာနေဖို့ခေါ်တော့ ညီမလေးက အဒေါ်အိမ်ကိုလိုက်နေတယ်။ အခုဆို ၄တန်းပြန်တက်နေပြီ။ ညီမလေးက အသက် (၁၃)နှစ်ကျော်လောက်ရှိပြီ။ မောင်လေးကတော့ အသက် ၆နှစ်ပါ အခုသူက ၁တန်းတက်နေပြီလေ။ သူကတော့ အဖေဘက်က အဘွားတွေနဲ့အတူနေပါတယ်။

ကိုဗစ်တတိယလှိုင်း ပြီးခါစလောက်မှာ ကျူးကျော်ရပ်ကွက်က အိမ်တွေဖျက်ရတော့ သမီးတို့တဲအိမ်လေးလည်း ဖျက်ပေးလိုက်ရတယ်။ လှိုင်သာယာမှာက အဆောင်ခန်းခတွေဈေးကြီး တာရယ် အဘွားကလည်း အသက်ကြီးပြီဆိုတော့ အမတွေက သူတို့ဆီမှာနေဖို့ခေါ်တာနဲ့ သမီးတို့ မြေးဖွား(၃)ယောက်လည်း အစ်မတွေရှိတဲ့ အင်းစိန်မှာပြောင်းနေဖြစ်သွားတယ်။ ဒီကိုပြောင်းလာပြီး အကိုက စက်ရုံမှာ အလုပ်ရသွားတော့ သမီးတို့နဲ့ မနေတော့ဘဲ စက်ရုံမှာပဲ နေတော့တယ်။ အခု တော့ အဘွားရယ် သမီးရယ် အမ ၃ယောက်ရယ် သူတို့ကမွေးတဲ့ တူမလေးရယ် တူလေးရယ် အတူနေကြတယ်။

အမေမရှိတော့ကတည်းက အဘွားက သမီးတို့ကို ကန်စွန်းရွက်ရောင်းပြီး ကျွေးမွေးလာ တာပါ။ သမီးလည်းအသက်(၈)နှစ်လောက်တည်းက ကျောင်းတက်ရင်း အဘွားနဲ့အတူတူ ကန်စွန်းရွက် လိုက်ကူရောင်းပေးပါတယ်။ ကိုဗစ်ရောဂါတွေမဖြစ်သေးတုန်းက အဘွားက မနက် ၇နာရီခွဲလောက်ဆိုရင် ရပ်ကွက်ထဲမှက ရေမြောင်းတွေမှာ ကန်စွန်းရွက်တွေထွက်ခူးတယ်။ ခူးပြီး တာနဲ့ အစည်းလေးတွေစည်းပြီး အဘွားနဲ့သမီး ဈေးနဲ့ရပ်ကွက်ထဲက နေရာအနှံ့ လိုက်အော် ရောင်းကြတယ်။ အိမ်ကို ညနေ ၂နာရီ ၃နာရီလောက် ပြန်ရောက်တယ်။ တခါတလေ သမီးနဲ့ ညီမလေးက မကုန်သေးတဲ့ ကန်စွန်းရွက်တွေကို ရပ်ကွက်ထဲလှည့်ရောင်းတယ်။ ပုံမှန်တစ်နေ့ ၃၀၀၀ ဖိုး လောက်ရောင်းရတယ်။ ရောင်းလို့ရတဲ့ပိုက်ဆံနဲ့လောက်ငှအောင် သမီးတို့မြေးအဘွားတွေ ချွေတာ စားသောက်ရတာပေါ့။ သမီးအကိုကလည်း ကျောင်းပိတ်ရက်ဆိုရင် ရပ်ကွက်ထဲမှာ ကျပန်း အလုပ်လေးရှာလုပ်တယ်။ နောက်ပိုင်း အကိုလည်း ၆တန်းနဲ့ ကျောင်းထွက်လိုက်ပြီး ကျပန်း အလုပ်တွေရှာလုပ်ပြီး အိမ်ကိုထောက်ပံ့ပါတယ်။ ဒါပေမယ့် ကျပန်းအလုပ်ဆိုတော့ အလုပ်က အမြဲမရှိဘူးပေါ့။ ဒါကြောင့် ကန်စွန်းရွက်ရောင်းလို့ရတဲ့ တစ်နေ့(၃ထောင်)လောက်နဲ့ပဲ လောက် အောင် ချွေတာစားသောက်ရတာပေါ့။

ကိုဗစ်ကာလမှာတော့ ကိုဗစ်စည်းကမ်းတွေကြောင့် စားဝတ်နေရေး တော်တော်ခက်ခဲသွား ခဲ့တယ်။ ရပ်ကွက်တိုင်းနီးပါးက ကိုဗစ်ရောဂါတွေကူးမှာစိုးရိမ်ပြီး သူတို့ရပ်ကွက်ထဲကို အပြင်လူစိမ်း

ပေးမဝင်ဘူးလေ။ ရပ်ကွက်ထဲကလူတွေကို အပြင်ထွက်ဖို့ ကဒ်ပြားလေးတွေ လုပ်ပေးထားတယ်။ ကဒ်ပြားပါမှ ရပ်ကွက်ထဲ ဝင်လို့ထွက်လို့ရတာဆိုတော့ သမီးတို့မြေးအဘွားတွေ အရင်လို ကန်စွန်း ရွက်ခူးပြီး ရပ်ကွက်တွေထဲလိုက်ရောင်းဖို့ တော်တော်အခက်အခဲဖြစ်သွားတယ်။ ခူးလို့ရတဲ့နေရာ လည်း နည်းသွားသလို ရောင်းလို့ရတဲ့နေရာလည်း နည်းသွားတယ်လေ။ အရင်လိုတစ်နေ့ကို ၃ထောင်ဖိုး မရောင်းရတော့ဘူးပေါ့။ ရောင်းလို့ရသလောက်လေးနဲ့ရယ် တစ်ပတ်တစ်ခါ ဘုရားကျောင်းက သမီးတို့ဆရာမကထောက်ပံ့တဲ့ ဆန်နဲ့ကြက်ဥလေးနဲ့ လောက်ငှအောင်စားရတာ ပေါ့။ ဆရာမက တစ်ပတ်ကိုဆန် ၂ ပြည်ပေးရင် သမီးတို့မြေးအဘွားတွေ (၄)ရက်လောက်တော့ စားလို့ရတယ်။

ကိုဗစ်ကာလမှာ ဈေးရောင်းလို့လည်းမကောင်း အဘွားကလည်း အသက်ကြီးပြီ၊ အကို ကလည်း အလုပ်မရှိတော့ သမီးလည်း အပြင်အလုပ်ထွက်လုပ်မယ်ဆိုပြီး အဘွားကိုပြောတော့ အဘွားက အိမ်နားက မော်တာစက်ချုပ်တဲ့အိမ်မှာ စက်ချုပ်သင်ခိုင်းတယ်။ သမီးလည်း စက်ချုပ် တတ်တာနဲ့ အင်တာဗျူးဖြေပြီး စက်ချုပ်သမအနေနဲ့ အိမ်စက်ရုံလေးတစ်ခုမှာ အလုပ်စလုပ်ဖြစ်တယ်။ မနက်(၈)နာရီကနေ ညနေ(၄)နာရီထိကို (၃၆၀၀)ပေးတယ်။ သူတို့က(၃)လပြည့်ရင် ၄၈၀၀ တိုး ပေးမယ်ပြောပေမယ့် မတိုးပေးပါဘူး။ အချိန်ပိုကြေးကတော့ (၁)နာရီကို(၁၀၀၀)ပေးပါတယ်။ အထည်များရင်တော့ ည(၇)နာရီခွဲ၊ (၈)နာရီမှအလုပ်သိမ်းရတယ်။ တစ်ခါတစ်လေ အထည်အော်ဒါ များလို့ အရေးကြီးပြီဆိုရင် မိုးလင်းပေါက် လုပ်ရတဲ့နေတွေလည်းရှိတယ်။ အဲ့လိုနေ့တွေဆိုရင် ထမင်းစားနားချိန်ကို (၁၅)မိနစ်ပဲပေးတယ်။ အထည်တွေ နောက်တနေ့မနက်(၁)နာရီအထိ ချုပ်ရ တယ်။ နားချိန် (၁)နာရီလောက်ပဲပေးအိပ်တယ်။ စက်ရုံကကျဉ်းတော့ ကိုယ်ချုပ်တဲ့နေရာ လေးမှာပဲ အိပ်ရတာ။ ၁နာရီ အိပ်ပြီးတာနဲ့ မိုးလင်းတဲ့အထိ မနားတမ်းချုပ်ရတာပေါ့။ အထည်အရေးကြီးတဲ့အပေါ် မူတည်ပြီး မိုးလင်းပေါက်ချုပ် ရတဲ့နေ့တွေက တစ်ပတ်ကို (၅-၆)ရက်လောက်ရှိတယ်။ အိမ်ရှံဆိုတော့ ဝန်ထမ်းက လည်း အားလုံးပေါင်းမှ (၃၃)ယောက်ပဲရှိတယ်။ အလုပ် က ပင်ပန်းပေမဲ့ သမီးက ဝါသနာပါတော့ လုပ်ရတာ ပျော်ပါတယ်။ ဒါပေမဲ့ တစ်ခါတစ်လေကျရင် ပင်ပန်းလွန်း လို့ အိပ်ရေးပျက်တာများပြီး နေမကောင်းဖြစ်တာတွေ လည်းရှိတယ်။ နေမကောင်းဖြစ်ရင် ဆေးသောက်ပြီး အလုပ်သွားရတာပဲ။ စက်ရုံက မီးပျက်တဲ့ရက်နဲ့ အထည် ပစ္စည်းပြတ်တဲ့ရက်တွေပဲ အလုပ်နားပေးတယ်။ စက်ချုပ် နေတုန်းကတော့ စိတ်ညစ်တဲ့အချိန် ပင်ပန်းတဲ့အချိန် တွေဆို အဲ့ဒီကသူငယ်ချင်း အမတွေကိုပဲ ရင်ဖွင့်ဖြစ်တယ်။ နောက်ပိုင်း အဲ့ဒီစက်ရုံလည်းပိတ်လိုက်ရတော့သမီးလည်း အလုပ်မရှိတော့ဘူးပေါ့။



စက်ရုံပိတ်ပြီး မကြာပါဘူး သမီးတို့ ကျူးကျော် ရပ်ကွက်က အိမ်တွေလည်းဖျက်လိုက်ရတော့ သမီးတို့ မြေးအဖွားတွေလည်း အမတွေရှိတဲ့ အင်းစိန်ကို ရောက်

လာတာပေါ့။ အမတွေကလည်း ကိုဗစ်ကာလမှာ အိမ်ထောင်တွေကွဲသွားကြတော့ သမီးတို့ မြေး အဘွားတွေကို အတူနေဖို့ခေါ်တာနဲ့ ပြောင်းနေဖြစ်သွားတယ်။ သူတို့လည်း စက်ရုံအလုပ်ပဲ လုပ်နေကြတော့ အလုပ်သွားတဲ့အချိန် အိမ်မှာ တူလေးနဲ့တူမလေးကို ကြည့်မယ့်သူမရှိဘူးလေ။ သူတို့ကလည်း အတူတူနေရင်းအဘွားကို ထောက်ပံ့ပေးကြတော့ အဘွားလည်း အရင်လို ကန်စွန်းရွက် မရောင်းရတော့ဘူးပေါ့။ ဒီရောက်ပြီးမှ သမီးလည်း စက်မှုဇုန်ထဲကစက်ရုံတစ်ခုမှာ နေ့စားအလုပ်သမားခေါ်တာနဲ့ သွားလုပ်လိုက်သေးတယ်။ အဲ့ဒီမှာလည်းတစ်ရက်ကို (၃၆၀၀)ပဲ ရတယ်။ (၃)လလောက် ကြာတော့ အမတွေကပြန်ခေါ်လို့ အလုပ်ထွက်လိုက်ရတယ်။ အဘွား ကလည်း အသက်ကြီးပြီဆိုတော့ တူ၊တူမလေးတွေကို အဘွားတစ်ယောက်တည်း မကြည့်နိုင်ဘူး လေ။ အဘွားနဲ့ တူ၊တူမလေးတွေကို ပြုစုစောက်ရှောက်ဖို့ သမီးကိုပြန်ခေါ်တာနဲ့ သမီးလည်းပြန် လာတယ်။ အခုလက်ရှိတော့ အလုပ်မရှိဘူးပေါ့။ အိမ်မှာပဲ အဘွားနဲ့ တူလေးနဲ့တူမလေးတွေကို ကြည့်ပေးနေတယ်။

ကျောင်းကတော့ဖြစ်နိုင်ရင်ပြန်တက်ချင်ပါတယ်။ ဒါပေမဲ့ မတက်ဖြစ်ဖို့တော့ များပါတယ်။ အိမ်မှာက အဘွားနဲ့တူ၊တူမလေးတွေကို ပြုစုပေးမယ့်လူလိုတယ်လေ။ သမီးက စက်ချုပ်တာဝါသနာ ပါလို့ နောက်လည်း စက်ပဲချုပ်ချင်တယ်။ အဘွားသင်ပေးထားတဲ့ သမီးဝါသနာပါတဲ့ စက်ချုပ်ပညာ လေးနဲ့ အဘွားကိုပြန်ပြီးလုပ်ကျွေးပြုစုပေးချင်တယ်။

# ၁၃။ ဒီထက်ကောင်းတဲ့အလုပ်နဲ့မိသားစုကို လုပ်ကျွေးချင်တယ်

သားနာမည်က ရဲကို လို့ခေါ်ပါတယ်။ သားအသက်ကတော့ ၁၅ နှစ်ရှိပါပြီ။ သားတို့မောင်နှမ ၁၂ ယောက်ရှိတယ်။ အဖေက လွန်ခဲ့တဲ့ ၄နှစ်လောက်က ဆုံးသွားတာ။ အဖေဆုံးတော့ အမေက နောက်အိမ်ထောင်ပြုတယ်။ အငယ်လေးနှစ်ယောက်က သားတို့နဲ့ အမေတူ အဖေကွဲပေါ့။ အခုသားတို့နဲ့နေတဲ့အဖေက အရင်တုန်းက ပန်းရံလုပ်တာ သားတို့နဲ့နေမှ ပလုံကောက်တာ။ သားတို့ကလည်း အဖေလို့ပဲခေါ်တယ်။ သားအထက်က ၄ ယောက်ကတော့ အိမ်ထောင်ကျသွားပြီ။ အခုသားတို့အိမ်မှာ မိသားစု ၁၀ ယောက်နေကြတယ်။ အိမ်ထောင်ကျသွားတဲ့ အစ်မတယောက်က သူ့အမျိုးသားနဲ့ ကွဲသွားတော့ သူ့ကလေးနဲ့ သားတို့ဆီမှာလာနေတယ်။ အခုသားတို့ နေတဲ့အိမ်က သားတို့ဘာသာဆောက်တာ၊ မြေကသူဌေးတယောက်ပိုင်တာ။ ငှားခတော့ မပေးရဘူးပေါ့။

သားက ဘုန်းတော်ကြီးစာသင်ကျောင်းမှာ ၅ တန်းပြီးတော့ ကျောင်းထွက်လိုက်တယ်။ အရင်တုန်းကတော့ ကျောင်းမသွားခင်နဲ့ ကျောင်းကအပြန်နဲ့ ပိတ်ရက်တွေမှာ မိသားစု စားဝတ်နေရေးအတွက် ပလုံ(စွန့်ပစ်ပစ္စည်းနဲ့ဘူးခွံ)ကောက်တယ်။ မနက် ၅ ခွဲလောက်ထပြီး သွားကောက်ရတယ်၊ ကျောင်းချိန်မှီအောင်ပြန်လာတယ်။ ညနေကျောင်းဆင်းချိန် ၃ နာရီကနေ ညနေ ၆ နာရီ၊ ၇ နာရီအထိ တစ်ခါထွက်ကောက်တယ်။ ကိုဗစ်ရောဂါတွေဖြစ်တဲ့အချိန်ကစပြီး ကျောင်းမတက်ဖြစ်တော့ဘူး။ ပလုံကောက်ပြီး မိသားစုအတွက်ပိုက်ဆံရှာပေးတယ်။ အဖေက သူ့ရဲ့ ပလုံလှည်းလေးနဲ့ အခြားရပ်ကွက်တွေ ရွာတွေမှာလိုက်ကောက်တယ်။ အရင်တုန်းက သားနဲ့ သားအောက်က ညီမလေးက အိတ်နဲ့ အဖေ မသွားတဲ့တခြားနေရာတွေမှာ လိုက်ကောက်တယ်။ သားညီမလေးက မိန်းကလေးဆိုတော့ ရပ်ကွက်ထဲပလုံကောက်တာကို အမေကစိတ်မချဘူးလေ။ အဲ့ဒါနဲ့ အမေက တခြားရွာက ကုန်စုံဆိုင်တစ်ဆိုင်မှာ နေစားငြိမ်း တစ်လ ၈သောင်းနဲ့ အလုပ်လုပ်ဖို့ သွားပို့ထားတယ်။



အခုတော့ သားတစ်ယောက်တည်း လိုက်ကောက်တယ်။ တခါတလေ သူငယ်ချင်းတွေနဲ့ လိုက်ကောက်တယ်။ သားညီလေးတွေညီမလေးတွေကလည်း ကျောင်းပိတ်တဲ့ရက်တွေ သားနဲ့ အတူတူ လိုက်ကောက်ပေးတယ်။ တရက်ကို အနည်းဆုံး ၇နာရီ၊ ၈နာရီလောက် သွားကောက်တယ်။ သားအဖ နှစ်ယောက်လုံး တနေကုန်ကောက်မှ ၆ ထောင်၊ ၇ ထောင်လောက်ရတယ်။ ပုံမှန်တော့ မရှိဘူးပေါ့။ မိသားစုဝင်လည်းများတော့ သားတို့ရတဲ့ ဝင်ငွေက စားဝတ်နေရေးအတွက် မလောက်ငှဘူးပေါ့။ အိမ်မှာရှိတာလေးနဲ့ လောက်အောင်စားရတယ်။ ဆန်မဝယ်နိုင်တဲ့နေ့တွေဆိုရင် ထမင်းလျှော့ချက်တယ်။ အဖေနဲ့ အမေနဲ့က သားတို့ ကလေးတွေကို အရင်စားခိုင်းတာပေါ့၊ ပြီးမှ ကျန်တာတွေ သူတို့စားတယ်။ ရပ်ကွက်ထဲက ကုန်စုံဆိုင်မှာ ခေါက်ပြန်ကြေးနဲ့ အကြွေးယူတယ်။ ၃၀၀၀ ဖိုးယူရင်၊ ၃၀၀၀ ဖိုးသွားပြန်ဆပ်ပြီး နောက်တခါ ၃၀၀၀ ဖိုး ကိုယ်လိုချင်တာပြန်ယူလာတယ်။ အဲ့လိုမျိုးအဟောင်းပြန်ဆပ်လိုက်အသစ်ယူလိုက်နဲ့ မိသားစုစားဖို့လည်ပတ်နေတယ်။ တခါတလေ အဟောင်းမဆပ်နိုင်တော့ အသစ်ယူလို့မရတော့ စားဖို့အလျှင်မမှီဘူးပေါ့။

ကိုဗစ်ရောဂါတွေ ဖြစ်လာတော့လည်း အလုပ်မနားဘူး နေ့တိုင်းထွက်ကောက်တယ်။ ကိုဗစ်စည်းကမ်းတွေ တင်းကျပ်ပြီး အပြင်မထွက်ရ အမိန့်ထုတ်တုန်းကတော့ အိမ်မှာ ၂ ရက်လောက်တော့ နေလိုက်ရတယ်။ ပြီးရင် နှာခေါင်းစည်းတွေတပ်ပြီးပြန်ထွက်တာပါပဲ။ အိမ်မှာနေလို့မရဘူးလေ။ စားဝတ်နေရေးက မလုပ်ရင် မစားရဘူးဆိုတော့ ရောဂါကြီးကို ကြောက်ပြီး ရှောင်နေလို့မှ မရတာ။ အရင်လို အိမ်စားရိတ်ရဖို့အတွက် ပလုံကောက်ရတဲ့ အချိန်ကိုတော့ အရင်ထက် ၂ နာရီ ၃ နာရီ အချိန်ပိုပေးပြီး လုပ်ရတယ်။ တနေ့ရတဲ့ပိုက်ဆံ တနေ့သုံးဖို့ကုန်နေတော့ နေ့တိုင်းထွက်ရှာရတယ်လေ။ ကိုဗစ်ရောဂါတွေဖြစ်တုန်းက လာလှူကြတော့ ဆန် ၁ အိတ်၊ ကြက်ဥ၊ ဆီနဲ့ ငါးသေတ္တာဘူးတွေရဖူးတယ်။ အဲ့လိုမျိုး လိုအပ်နေတဲ့အချိန်မှာရတော့ စားရေး၊ သောက်ရေးအတွက် နည်းနည်းအဆင်ပြေသွားတာပေါ့။

ကံကောင်းတယ်လို့ပြောရမှာပေါ့၊ သားတို့ မိသားစုက ကိုဗစ်ရောဂါမဖြစ်လိုက်ဘူး။ နေထိုင်မကောင်းဖြစ်တာ ကိုယ်ပူတာ၊ နှာစေးတာလောက်ပဲရှိတယ်။ နေမကောင်းဖြစ်လာရင်တော့ ဆေးမြီးတိုနဲ့ပဲ ကုတယ်။ အကိုက်အခဲပျောက်ဆေးတွေသောက်တယ်။ အလုပ်ကိုတော့ နေအရမ်းမကောင်းတဲ့ချိန်မှာ တရက်၊ နှစ်ရက် နားတယ်။ နေကောင်းတာနဲ့ ချက်ချင်းအလုပ်ကိုပြန်ဆင်းတယ်။ သားအခု ထိန်ပင်အမှိုက်ကုန်းမှာ သားအမနဲ့အတူတူ ပလုံကောက်နေတာ ၅လ လောက်ရှိပြီ။ မနက် ၆ နာရီသွားရင် ည ၈ နာရီလောက်ပြန်လာတယ်။ ည ၆ နာရီသွားရင်တော့ မနက် ၆ နာရီလောက်ပြန်လာတယ်။ တခါတလေ နေ့ဘက်သွား တခါတလေ ညဘက်မှသွားရတယ်။ အမှိုက်ကုန်းထဲဝင်ပြီဆိုတာနဲ့ လိုင်းခေါင်းဆောင်ကို တစ်နေ့ ၁ ထောင် အမြဲပေးရတယ်။ ပလုံကောက်တာကတော့ တနေ့ကို ၆ ထောင်လောက်ရတယ်။ ညဆိုင်းဆင်းတဲ့အချိန်ဆိုရင် အိပ်ရေးမဝတော့ အလုပ်လုပ် ရတာ ပင်ပန်းတယ်။ အလုပ်လုပ်နေတဲ့အချိန်တွေမှာလည်း ကားကြီးတွေဝင်လာတဲ့အခါ ပလုံ ကောက်တဲ့သူတွေကို ကားတက်ကြိတ်တာတို့ရှိတော့ သားလည်းကြောက်တယ်။ ကားကြီးတွေဝင်လာမှာ သတိထားရတယ်။ အလုပ်ထဲမှာလည်း စက်အကြီးတွေနဲ့ ကြိတ်မိတာတွေရှိတဲ့အခါကျတော့ အမြဲတမ်းစိုးရိမ်နေရတယ်။ သေချာဂရုစိုက်ပြီးကောက်ရတယ်။ အိပ်ငိုက်လို့မရဘူးပေါ့။ ဟိုတလောက သားတို့နဲ့အတူ အမှိုက်ကောက်နေတဲ့ ကလေးတယောက် ကားကကြိတ်တက်သွားသေးတယ်။ တခုခုဖြစ်ရင် တာဝန်ယူမယ့်သူမရှိဘူးလေ။ အလုပ်ထဲမှာအန္တရာယ်ဖြစ်မှာ ကြောက်ပေမယ့်လည်း အိမ်မှာစားဝတ်နေရေး အဆင်မပြေရင်လည်း စိတ်ညစ်ရတယ်ဆိုတော့ လောလောဆယ်တော့

ရတဲ့အလုပ်ပဲလုပ်ဖို့ပဲတွေးထားပါတယ်။

သားစိတ်ညစ်တဲ့အချိန်ဆိုရင် အမေ့ကိုပဲပြောဖြစ်တယ်။ တခြားဘယ်သူ့ကို မှမပြောဘူး။ အမေ့ကို မပြောဖြစ်ရင်တော့ ဒီတိုင်းပဲနေလိုက်တယ်။ သားအနာဂတ်မှာဖြစ်ချင်တာတော့ အလုပ်ပဲ လုပ်မယ်၊ ကျောင်းပြန်တက်ဖို့တော့ မဖြစ်နိုင်တော့လို့ မစဉ်းစားတော့ဘူး၊ စက်ရုံအလုပ်တွေရှာပြီး လုပ်ချင်တယ်။ ဒီထက်ကောင်းတဲ့အလုပ်နဲ့ သားမိသားစုကို လုပ်ကျွေးချင်တယ် အဲ့လိုပဲ မျှော်မှန်း ထားတယ်။

## ၁၄။ ဖက်ရှင်ဒီဇိုင်နာဖြစ်ချင်တယ်

သမီးနာမည်က ဖွေးဖွေးလို့ ခေါ်ပါတယ်။ သမီးအသက်က (၁၅) နှစ်ပါ။ သမီးမှာ အစ်ကိုတစ်ယောက်နဲ့ ညီမလေးတစ်ယောက်ရှိပါတယ်။ အမေနဲ့အဖေက သမီး (၅) နှစ်အရွယ်ကတည်းကကွဲ သွားကြတယ်။ သမီးတို့မောင်နှမ(၃)ယောက်က အမေနဲ့ အတူတူနေပါတယ်။ တစ်ခါတစ်လေ အဖေက သမီးတို့ဆီကို ဆက်သွယ်တယ်ဆိုပေမယ့် သမီးတို့ဘာသာ လုပ်ကိုင်စားသောက်ပြီး ရပ်တည်တာများပါတယ်။ သမီးတို့ကို ဒီလှိုင်သာယာမြို့မှာပဲမွေးပြီး ငယ်ငယ်ကတည်းက ဒီမြို့မှာပဲနေလာကြတာ။ ကိုဗစ်မတိုင်ခင်က သမီးနဲ့ညီမလေးက ကျောင်းတက်တယ်။ သမီးက ဘုန်းတော်ကြီးစာသင်ကျောင်းမှာ ၄တန်း တက်နေတာ။ သမီးအစ်ကိုကတော့ သူငယ်ငယ်ကလေးတည်းက သူငယ်တန်းနဲ့ ကျောင်းထွက်ပြီး ကိုရင်ဝတ်သွားတယ်။ လွန်ခဲ့တဲ့ ၃ နှစ်လောက်က လူပြန်ထွက်လာတာ။ အစ်ကိုက ကျပန်းလုပ်တာဆိုတော့ အလုပ်ကအတည်တကျမရှိဘူးပေါ့။ တခါတလေ ကုန်လည်းထမ်းတယ်။ အိမ်မှာ မိသားစု စားဝတ်နေရေးအတွက် အဓိကရုန်းကန်နေရတာကတော့ သမီးနဲ့ အမေပါပဲ။ အမေနဲ့ သမီးက ဈေးထဲမှာ ကုန်စိမ်းရောင်းတယ်။ သမီး အသက် ၇နှစ်အရွယ်ကတည်းက ကျောင်းမသွားခင်နဲ့ ကျောင်းဆင်းချိန်တွေမှာရော ကျောင်းပိတ်ရက်တွေမှာပါ အမေနဲ့အတူတူ ကုန်စိမ်းကူရောင်းခဲ့တယ်။

အရင်တုန်းကတော့ ကန်စွန်းရွက်တွေ ခူးပြီးရောင်းခဲ့ကြတယ်။ နောက်ပိုင်း အမေက ကုန်စိမ်းရောင်းဖို့ အကြွေးယူပြီး အရင်းအနှီးလုပ်တယ်။ ပြီးမှ တစ်နေ့တစ်ခါ အမြတ်ရတဲ့အထဲက ပြန်သွင်းတာပေါ့။ နေ့တိုင်းအမေနဲ့အတူ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို သီရိမင်္ဂလာဈေးမှာ သွားဝယ်ပြီး ရပ်ကွက်ထဲက ဈေးမှာပြန်ရောင်းကြတယ်။ ရောင်းဖို့နေရာအတွက်မနက် တစ်ထောင်၊ ညနေတစ်ထောင် ငှားခပေးရတယ်။ တစ်နေရာတည်းမှာ ရောင်းတာသိပ်မရောင်းရလို့ သမီးနဲ့အမေ နေရာခွဲပြီးရောင်းကြတယ်။ အမေက ဈေးထိပ်မှာရောင်းရင် သမီးက တခြားနေရာမှာ သွားရောင်းတာမျိုးလုပ်ရတယ်။ တခါတလေ ရောင်းမကုန်ရင် ရပ်ကွက်ထဲမှာလည်း လှည့်ရောင်းတယ်။ နှစ်ယောက်ရောင်းရင် တစ်ရက်ကို ၂သောင်း ၃သောင်းဖိုးလောက် ရောင်းရတယ်။ ဒါပေမယ့်



အရင်းကိုဖယ်လိုက်ရင် ၃ထောင် ၄ထောင်လောက်ပဲ အမြတ်ကျန်တယ်။ ဒါပေမယ့် အရင်ကတည်းက စျေးရောင်းလို့ရတဲ့ငွေက သမီးတို့မိသားစုစားဝတ်နေရေးအတွက် သိပ်မလောက်ဘူးပေါ့။

ကိုဗစ်ရောဂါတွေကြောင့် သမီးတို့စျေးရောင်းရတဲ့ အချိန်တွေလည်းလျော့သွားသလို ရောင်းအားလည်းကျသွားတယ်။ ကိုဗစ်မတိုင်ခင်ကတော့ သမီးက မနက်ဆိုရင် (၆)နာရီကနေ (၈) နာရီထိရောင်းတယ်။ ပြီးရင် ကျောင်းသွားတက်တယ်။ အမေကဆက်ရောင်းတယ်။ ညနေ (၃) နာရီခွဲ သမီးကျောင်းကပြန်လာရင်လည်း အမေနဲ့အတူစျေးကူရောင်းတယ်။ အဲ့ဒီတုန်းကတော့ ညဘက်ကို(၇)နာရီ (၈)နာရီလောက်အထိရောင်းလို့ရတယ်။ ကိုဗစ်ရောဂါတွေစဖြစ်တော့ အရင်လိုကုန်စိမ်းတွေ သိပ်မရောင်းရတော့သလို ရောင်းရတဲ့အချိန်တွေလည်း နည်းသွားတယ်။ ညနေဘက်ဆိုရင် ၅နာရီ ၆နာရီအထိပဲ ရောင်းရတော့ ပိုက်ဆံလည်း သိပ်မရတော့ဘူးပေါ့။ အသွားအလာကန့်သတ်တာတွေ လူစုလူဝေးမလုပ်ရတာတွေနဲ့ အခြားစည်းကမ်းချက်တွေကြောင့်လည်း လူတွေက အပြင်သိပ်မထွက်ကြတော့ဘူး။ အလုပ်တွေပိတ်လို့ လူတွေအများကြီး ရွာတွေနယ်တွေပြန်သွားကြတယ်။ အလုပ်တွေကပိတ် ဝင်ငွေကမရှိ ဒီကြားထဲ ကုန်စျေးနှုန်းတွေလည်း တက်တော့ လူတွေက စျေးသိပ်မဝယ်ကြတော့ဘူး။ သမီးတို့လည်း လော့ဒေါင်းတွေချလို့ စျေးမထွက်ရတဲ့နေ့တွေရှိသလို ကိုယ်ကစျေးဆိုင်ခင်းထားပေမယ့် စျေးဝယ်သူက နည်းသွားလို့ မရောင်းရတာတွေလည်းရှိတယ်။ တစ်ခါတစ်လေဆိုရင် ဝယ်သူမရှိလို့ အရင်းပါ ပြုတ်သွားတယ်။ အဲ့လိုအမြတ်မရတဲ့အပြင် အရင်းပါပြုတ်တဲ့အခါမျိုးဆိုရင် ရှိတဲ့ပိုက်ဆံကို အရင်းအနှီးလုပ်ဖို့ ယူထားတဲ့ အကြွေးတွေကိုပြန်သွင်းလိုက်ရတော့ သမီးတို့မှာ စားဖို့တောင်မရှိဘူး။ အငတ်ခံပြီးနေရတာပေါ့။ ကိုဗစ်ရောဂါတွေဖြစ်နေတဲ့အချိန်တုန်းကတော့ ဆန်တွေလာဝေတာ ၄ခါ၊ ၅ခါ လောက် ရတယ်။ အလုပ်မရှိတဲ့အချိန်၊ ဆိုင်မထွက်ရတဲ့အချိန် အဲ့ဒါလေးနဲ့ပဲ ချွေတာပြီးစားကြရတာဆိုတော့ တစ်လ၊ နှစ်လလောက်တော့ စားလိုက်ရပါတယ်။

ကိုဗစ်ကပ်ရောဂါက သမီးတို့အတွက် ကျန်းမာရေးထိခိုက်တာတော့ သိပ်မရှိဘူး ဒါပေမယ့် ဝင်ငွေတော့ တော်တော်လေးထိခိုက်သွားတယ်။ ဝင်ငွေတွေထိခိုက်သွားတဲ့အတွက် နေရေးလည်း ခက်ခဲလာတယ်။ အိမ်ငှားခတွေလည်းမပေးနိုင်တော့ဘူး။ ကိုဗစ်မဖြစ်သေးခင်အထိ သမီးတို့ မိသားစု ကျူးကျော်ရပ်ကွက်ထဲက တဲအိမ်လေးမှာ ငှားနေခဲ့ကြတယ်။ ကိုဗစ်တွေဖြစ်တော့လည်း အိမ်လခတွေမပေးနိုင်လို့ အဒေါ်အိမ်မှာ တစ်နှစ်ကျော်လောက် ကပ်နေလိုက်ရတယ်။ ဒီလိုနဲ့တစ်ခါ ကိုဗစ်တတိယလှိုင်းပြီးပြီးမကြာဘူး ကျူးကျော်ရပ်ကွက်တွေ ဖျက်ရတော့ အဒေါ်အိမ်လည်းပါသွားပြန်တယ်။ အဲ့ဒီကတည်းကသမီးတို့ မိသားစုလည်း တစ်လကို (၆သောင်း) နဲ့ ကိုယ့်ဘာသာ အဆောင်ငှားနေကြတယ်။ အခုဆို တစ်နှစ်ကျော်လောက်တော့ရှိပြီလေ။

ပထမလှိုင်းတုန်းက ရောဂါကူးမှာစိုးလို့ အမေက သမီးတို့မောင်နှမတွေကို အိမ်မှာပဲနေခိုင်းတယ်။ အမေပဲစျေးထွက်ရောင်းတယ်။ တတိယလှိုင်းမှာတော့ သမီးတို့တစ်အိမ်ကျော်အိမ်က အဒေါ်ကြီးတစ်ယောက် ကိုဗစ်ဖြစ်သွားသေးတယ်။ သူက အနံ့မရတော့ဘူးဆိုပြီး ဆေးခန်းသွားပြလိုက်တာ ကိုဗစ်ရောဂါဖြစ်နေလို့ သူ့အိမ်လည်း လော့ဒေါင်းလုပ်ပြီးပိတ်လိုက်ရတယ်။ ကံကောင်းလို့ သမီးတို့အိမ်တော့ အပိတ်မခံရဘူး။ သမီးတို့မိသားစုက ကိုဗစ်ရောဂါတော့ မဖြစ်ဘူး၊ နှာစေး ချောင်းဆိုး၊ ကိုယ်လက်နာတာတော့ တစ်မိသားစုလုံးဖြစ်သွားတယ်။ ဆေးခန်းသွားပြစရာ ပိုက်ဆံလည်းမရှိတော့ ဆေးဆိုင်က တစ်ရာတန်ဆေးဝယ်သောက်လိုက်တယ်။ အဲ့ဒီဆေးက ဒီနေ့သောက်ရင် မနက်ဆိုသက်သာသွားပြီလေ။

ရောဂါတွေ အရမ်းဖြစ်နေတုန်းက ဈေးမထွက်ပဲ ထိုင်စားဖို့က ငွေအပိုမရှိဘူး။ အမေ တစ်ယောက်ပဲ ဈေးထွက်ရောင်းမယ်ဆိုတော့လည်း အမြတ်ကသိပ်မရတော့ အကြွေးတွေ သွင်းဖို့ပဲရတယ်။ စားဖို့က မရှိဘူးဆိုတော့ နောက်ပိုင်းအမေနဲ့သမီးလည်း နှာခေါင်းစည်းတွေ တပ်ပြီးဈေးထွက်ရောင်းရတာပေါ့။ ဈေးထဲမှာလည်း ဆိုင်တွေကို အကန့်အသတ်နဲ့ရောင်းခိုင်းတော့ သမီးတို့ဆိုင်အပါအဝင် ဆိုင်တွေတော်တော်များများပိတ်ကြရတယ်။ သမီးတို့လည်း တခြားမှာ နေရာရှာပြီး ရောင်းရတယ်။ တခါတလေ သူများဆိုင်မှာ ကပ်ပြီးရောင်းရတယ်။ ရပ်ကွက်ထဲလှည့်ပြီး ရောင်းရတယ်။ တစ်ခါတစ်လေ အမေနေမကောင်းလို့ ကုန်စိမ်းတွေ သွားမယူနိုင်တဲ့အခါမျိုးဆိုရင် ဈေးထွက်မရောင်းရဘူး။ ဈေးဆိုင်ထွက်ရင်လည်း သမီးတစ်ယောက်တည်းရောင်းရတယ်။ ဈေး မထွက်ရတော့ အိမ်မှာလည်း စားစရာမရှိတဲ့နေ့တွေဆိုရင် သမီးက သူများအိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ် သွားကူလုပ်ပေးပြီး အဲ့ဒီကရတဲ့ပိုက်ဆံနဲ့ သူများပေးတဲ့ စားစရာလေးတွေရယ်နဲ့ အဆင်ပြေသလို ချွေတာစားရတာပေါ့။ အဲ့လို တစ်ယောက်တည်း ဈေးရောင်းရတဲ့နေ့တွေ သူများ အိမ်မှာ အလုပ်သွားလုပ်ရတဲ့နေ့တွေဆို အရမ်းပင်ပန်းတယ်။

ကိုဗစ်ရောဂါတွေ နည်းနည်းငြိမ်သွားတော့ ကျောင်းတွေပြန်ဖွင့်တယ်လေ။ ညီမလေးတွေ ကတော့ ကျောင်းပြန်တက်နေပါတယ်။ ဒါပေမယ့် သမီးကတော့ မိသားစုစားဝတ်နေရေး မပြေလည် တော့ ကျောင်းပြန်မတက်ဖြစ်ပဲ အမေနဲ့ကုန်စိမ်းဆက်ရောင်းဖြစ်တယ်။ မနက်ဆိုရင် (၆) နာရီခွဲ ကနေ (၁၁) နာရီထိ ရောင်းတယ်။ နေ့ခင်း (၂) နာရီ ကနေ ည (၇) နာရီထိတစ်ခါရောင်းတယ်။ တစ်ရက်ကို (၄-၅ ထောင်) လောက်တော့မြတ်ပါတယ်။ ဒါပေမယ့် ကုန်ဈေးနှုန်းတွေကလည်း တက်လာတယ်။ နေ့စဉ်အကြွေးသွင်းဖို့နဲ့ အဆောင်လခပေးဖို့လည်း ဦးစားပေးပြီး ဖယ်ထားရသေး တော့ စားဝတ်နေရေးက လောက်ငတယ်လို့မရှိပါဘူး။ သမီးတို့ကအကြွေးတွေယူပြီး အရင်းအနှီးလုပ် ထားတာဆိုတော့ ဈေးဆက်ရောင်းဖို့ အကြွေး တွေ မှန်မှန်သွင်းရတယ်လေ။ သွင်းလိုက်ပြန်ယူလိုက်နဲ့ ဒီလိုပဲအကြွေးတွေနဲ့ အမြဲလည်နေတာဆိုတော့ အမေရောသမီးရော အလုပ်လုပ်မှ အဆင်ပြေမယ်။

ကိုဗစ်ကြီးမဖြစ်ခင်ကတော့ သိပ်စိတ်မညစ်ရဘူး၊ အမေနဲ့ဘုရားဖူး အလည်အပတ်တွေ သွားရတယ်။ မိသားစုထမင်းတူတူစားရတယ်။ ကိုဗစ်တွေအရမ်းဖြစ်တဲ့အချိန် အလုပ်မလုပ်ရတဲ့နေ့၊ ဈေးမရောင်းရတဲ့နေ့တွေ ဆိုရင်တော့ သမီးအရမ်းစိတ်ညစ်တယ်။ သမီးစိတ်အညစ်ဆုံးအချိန်တွေ ကတော့ ပိုက်ဆံတွေကို အကြွေးသွင်းဖို့ဖယ်ပြီး ချွေတာစားသောက်ရတဲ့အချိန်တွေရယ်၊ သူများ ပေးတဲ့ ထမင်းတွေစားရတော့ နည်းနည်းပဲ စားရတဲ့အချိန်တွေရယ်ပေါ့။ ဒါပေမယ့်လည်း ဘယ်သူ့ ကိုမှ မပြောဖြစ်ပါဘူး။ ကိုဗစ်ရောဂါတွေအရမ်းဖြစ်နေတဲ့ကာလမှာ လူတွေအားလုံးက ရောဂါ ကူးစက်မှာကြောက်ပြီး တစ်ယောက်နဲ့တစ်ယောက် မခေါ်မပြောရဲကြဘူး။ သမီးလည်း သူငယ်ချင်း တွေနဲ့ သိပ်မခေါ်မပြောဖြစ်ဘူးပေါ့။ တခါတလေ အရမ်းဝမ်းနည်းလာတဲ့အခါ တစ်ယောက်တည်း ငိုပစ်လိုက်တယ်။ ငိုပြီးအိပ်ပျော်သွားလို့ ပြန်နိုးလာတဲ့အခါ ဘာမှမဖြစ်တော့သလိုပဲ နည်းနည်း တော့ စိတ်သက်သာသွားတယ်လေ။

အခု သမီးက အထည်ချုပ်စက်ရုံလေးတစ်ခုမှာ အလုပ်လုပ်နေတာ (၄) လလောက်ရှိပြီ။ အိမ်ဘေးကအမကြီးက သူလုပ်နေတဲ့စက်ရုံမှာ သမီးကို အလုပ်သွင်းပေးတာလေ။။ သမီးအလုပ် က အထည်တွေကို ချည်မွှေးညှပ်ရတယ်။ (၁) နာရီကို အထည် (၅၀-၆၀)လောက် ပြီးအောင် လုပ်ပေးရတယ်။ တစ်ရက်ကို (၁၁) နာရီလောက် မတ်တပ်ရပ်ပြီးလုပ်ရတာဆိုတော့ ပင်ပန်းတယ်။ မနက် ၇နာရီကနေ ညနေ ၆နာရီထိ လုပ်ရတယ်။ အိုတီဆင်းရတဲ့နေ့ဆိုရင် ည (၈)နာရီအထိ

လုပ်ရတယ်။ စနေ၊ တနင်္ဂနွေ (၂)ရက်နားရတယ်။ သမီးက မှတ်ပုံတင်မရှိတော့ နေ့စားပဲလုပ်ရတယ်။ တစ်ရက်ကို(၅ထောင်) ပဲရတယ်။ အိုတီဆင်းတဲ့နေ့တွေဆိုရင်တော့ ၈ထောင် ၉ထောင် လောက်ရတယ်။ လစာက သမီးအလုပ်လုပ်တဲ့ရက်အပေါ် မှာမူတည်ပြီး တစ်လကို ၁သိန်း-၁သိန်းခွဲလောက်ရတယ်။ ကုန်စိမ်းရောင်းတာထက်စာရင် စက်ရုံမှာလုပ်ရတာကို သမီးပိုပျော်ပါတယ်။

အရင်တုန်းကတော့ ကိုဗစ်ကြီးပြီးသွားရင်၊ အခြေအနေတွေကောင်းသွားရင် ကျောင်းပြန်တက်မယ်၊ ဘွဲ့ရတဲ့အထိကျောင်းတက်ပြီး ဖက်ရှင်ဒီဇိုင်နာဖြစ်အောင်လုပ်ဖို့ စိတ်ကူးခဲ့တယ်။ အခုကျောင်းတွေပြန်ဖွင့်ပေမယ့် အိမ်မှာစီးပွားရေးအဆင်မပြေတော့ ကျောင်းပြန်မတက်နိုင်ဘူးလေ။ အလုပ်ပဲဆက်လုပ်ဖြစ်တော့တယ်။ သမီးက ကျောင်းဆက်တက်ဖို့ မဖြစ်နိုင်တော့ဘူးဆိုတော့ အထည်ချုပ်စက်ရုံမှာပဲလုပ်ပြီး ခေါင်းဆောင်ဖြစ်တဲ့အထိ အလုပ်ကြိုးစားမယ်လို့ စိတ်ကူးထားတယ်။

# ၁၅။ ဘဝကို ဒီထက်တိုးတက်အောင်ကြိုးစားမယ်

သမီးနာမည်က ကေခိုင်ပါ။ အသက်ကတော့ (၁၅)နှစ်ပါ။ သမီးတို့က မိသားစု (၃) ယောက်ပဲရှိပါတယ်။ အဖေရယ်၊ အမေရယ်၊ သမီးရယ်ပေါ့။ လွန်ခဲ့တဲ့(၄)နှစ်ကျော် သမီးအသက် ၁၀ နှစ် ၁၁ နှစ်အရွယ်လောက်တုန်းက သမီးတို့မိသားစုက ပဲခူးကနေလှိုင်သာယာကို ပြောင်းလာတာပါ။ အမေက လေးဘက်နာရောဂါရှိတော့ ရန်ကုန်မှာဆေးကုဖို့ လှိုင်သာယာက အဒေါ်တွေက ခေါ်လို့ ဒီကိုရောက်လာကြတာပါ။ အဖေနဲ့အမေက ဒီကိုအရင်ပြောင်းလာပြီး သမီးက (၄)တန်း စာမေးပွဲဖြေပြီးမှ လိုက်လာရင်းနဲ့ ရွာကိုမပြန်ဖြစ်တော့ပဲ ဒီမှာပဲနေဖြစ်သွားတာပါ။ သမီးတို့စပြောင်းလာတုန်းက အခြားရပ်ကွက်တွေမှာက အိမ်ငှားခဈေးကြီးတော့ ကျူးကျော်ရပ်ကွက်တစ်ခုမှာတစ်လ ၃သောင်းနဲ့ အိမ်ငှားနေကြတယ်။ ဒီကိုစရောက်တော့ အဖေက ဆိုင်ကယ်ကယ်ရီမောင်းတယ်။ အဖေကအသက်(၆၀)ကျော်ပြီဆိုတော့တစ်ခြားပင်ပန်းတဲ့အလုပ်တွေလည်းမလုပ်နိုင်တော့ဘူးလေ။ သူများဆိုင်ကယ်ကို ငှားပြီးဆွဲရတာဆိုတော့ ပိုင်ရှင်ကို ဆိုင်ကယ်ငှားခတစ်ရက် ၂၅၀၀ ပေးရတယ်။ ဆီဖိုးဖယ်လိုက်ရင်တော့ တနေ့ကိုအိမ်အတွက် ၃၀၀၀-၄၀၀၀ လောက်တော့ကျန်ပါတယ်။ ဒါက လည်းနေ့တိုင်း ပုံမှန်ရတာမျိုးမဟုတ်ဘူးပေါ့။ ဆိုင်ကယ်ပျက်လို့ ပြင်ရတဲ့ရက်တွေဆိုရင်တော့ ဒီလောက်မရဘူးပေါ့။ အမေကတော့ ငွေ ၂သောင်း လောက် အရင်းအနှီးလုပ်ပြီးဈေးထဲမှာ ကုန်စိမ်းရောင်းတယ်။ တစ်နေ့ကို ၁၅၀၀-၂၀၀၀ လောက်မြတ်တယ်။ ငွေအရင်းအနှီး နည်းနည်းနဲ့ လုပ်လို့ရတာဆိုလို့ ဒီအလုပ်ပဲရှိတာလေ။ အဲ့ဒီတုန်းက အဖေနဲ့အမေရှာလို့ရတဲ့ ဝင်ငွေနဲ့ သမီးတို့မိသားစု ၃ ယောက် ခြိုးခြံချွေတာပြီးနေလို့ရသေးတာပေါ့။

ကိုဗစ်ရောဂါတွေမဖြစ်သေးခင်တုန်းက သမီးက ၅တန်းအောင်ပြီးလို့ ၆တန်းတက်ရမှာပေါ့။ ကိုဗစ်ရောဂါတွေဖြစ်လို့ ကျောင်းတွေလည်းပိတ်သွားတော့ သမီးလည်းအမေ့ကို ဈေးကူရောင်းရင်းနဲ့ အလုပ်စလုပ်ဖြစ်တာပေါ့။ သမီးတို့က ပျံကျဈေးသည်ဆိုတော့ ဈေးရောင်းရင် မြေကြီး




ပေါ်မှာ ချခင်းပြီးရောင်းရတာ။ မြေကြီးကအေးတော့ အမေ့လေးဘက်နာရောဂါနဲ့က အဆင်မပြေဘူးလေ။ အမေက ကြာကြာထိုင်ရင် အဆစ်အမြစ်တွေကိုက်ပြီး နာလာတယ်။ ကိုဗစ်ပထမလှိုင်းလောက်ထိတော့ အမေက ဈေးရောင်းနိုင်သေးတယ်။ ဒုတိယလှိုင်းလောက်မှာ အမေက ခြေထောက်တွေအရမ်းနာပြီး အိပ်ရာထဲလဲသွားတာနဲ့ အလုပ်နားလိုက်ရတယ်။ ဒီကြားထဲ ကိုဗစ်တတိယလှိုင်းမှာ သမီးတို့ငှားနေတဲ့ ကျူးအိမ်တွေဖျက်ပေးလိုက်ရတော့ အဲ့ဒီနားမှာပဲ တစ်လကို ငါးသောင်းနဲ့ သစ်သားအဆောင်ခန်းလေး ငှားနေလိုက်ရတယ်။ အရင်အိမ်လခ သုံးသောင်းပေးနိုင်ဖို့တောင် လတိုင်းအလျင်မီအောင် မနည်းလည်ပတ်နေရတာလေ။ အခုက ငါးသောင်းဆိုတော့ စားဖို့ထက် လကုန်ရင် အိမ်လခပေးနိုင်ဖို့ပဲ အမြဲတွေးပူနေရတယ်။ ညဘက်တွေဆို အိပ်လို့မပျော်ဘူးပေါ့။ အိမ်လခပေးဖို့လိုရင် ၂၀% တိုးနဲ့ငွေချေးပြီး ဖြေရှင်းရတဲ့အခါတွေလည်း ရှိတာပေါ့။ အဆောင်လခတွေကလည်းဈေးကြီး အမေကလည်း ရောဂါပိုဆိုးလာလို့ ဈေးမရောင်းနိုင်တော့ အဖေ့တယောက်တည်းလုပ်စာနဲ့ စားသောက်ရတော့ တော်တော်လေးအဆင်မပြေဘူးခဲ့ဘူး။ ကိုဗစ်ကာလမှာ အလုပ်တွေကပိတ် လူတွေကအပြင်မထွက်ကြတော့ အဖေကလည်း ဆိုင်ကယ်ကယ်ရီဆွဲရတာ မကောင်းတော့ဘူး။ အရင်ကလို တစ်ရက်(၃၀၀၀-၄၀၀၀)မရတော့ဘူး။ (၂၀၀၀) လောက်ပဲရတော့တာဆိုတော့ အတတ်နိုင်ဆုံး ချွေတာစားသောက်ပြီးနေရတာပေါ့။ သမီးလည်း ဈေးထဲမှာ တခြားဆိုင်ကအန်တီတွေက တောက်တိုမယ်ရခေါ်ခိုင်းရင် လိုက်ပြီးကူလုပ်ပေးတယ်။ အဲ့ဒီကရတဲ့မုန့်ဖိုး (၅၀၀-၈၀၀) လောက်လေးနဲ့ မိသားစုစားသောက်ဖို့ဖြေရှင်းရတယ်။

ကိုဗစ်တတိယလှိုင်း နောက်ပိုင်းမှာတော့ ကိုဗစ်ရောဂါကာကွယ်တဲ့ ပစ္စည်းတွေနဲ့ စားသောက်ကုန်ခြောက်လေးတွေ လာလှူကြတော့ သမီးတို့လည်း ဆန်နဲ့ကုန်ခြောက်လေးနည်းနည်း ရလိုက်တယ်။ ငွေကြေးထောက်ပံ့တာက (၁)လတစ်ခါနဲ့ (၃)ခါလောက် ရလိုက်တယ်ဆိုတော့ အိမ်လခ(၃)လစာတော့ အဆင်ပြေသွားတယ်။ အမေလည်း အဲ့ဒီ(၃)လလောက်မှာ ဆေးဝယ်သောက်လို့ရသွားတာပေါ့။ အဲ့လိုမရခင်က အိမ်မှာက အပိုဝင်ငွေမရှိတော့ အမေရောဂါဖြစ်နေလည်း ဆေးခန်းမသွားနိုင်တော့သလို ဆေးလည်းပုံမှန်ဝယ်မသောက်နိုင်တော့ဘူးလေ။ ဝယ်သောက်ရင်လည်း အင်္ဂလိပ်ဆေးတွေကဈေးကြီးတော့ ဗမာဆေးလေးတွေပဲ ဝယ်သောက်ဖြစ်တယ်။

အမေအလုပ်မလုပ်နိုင်တော့ သမီးလည်း အိမ်မှာအပိုဝင်ငွေရအောင် ရတဲ့အလုပ်ကို ဘယ်လောက်ပဲရရဆိုပြီး ထွက်လုပ်တယ်။ ဒီလိုနဲ့ အိမ်နားကအန်တီက ပုလင်းဆေးတဲ့အလုပ်လုပ်တော့ သူ့ကိုကူလုပ်ပေးဖို့ခေါ်တာနဲ့ သူနဲ့အတူလိုက်သွားပြီး ပုလင်းဆေးတဲ့အလုပ်ကို လုပ်ဖြစ်သွားတယ်။ အဲ့ဒီအန်တီက သူရတဲ့လုပ်ခထဲက သမီးကို တစ်ရက်(၁၅၀၀-၂၀၀၀) လောက်ခွဲပေးပါတယ်။ တစ်ပတ်ကို ၅ရက် ၆ရက်လောက်တော့ လုပ်ရပါတယ်။ အလုပ်ချိန်ကတော့ မနက်(၈)နာရီလောက်ကသွားရင် နေ့လယ်(၂-၃)နာရီလောက်ဆို အိမ်ပြန်ရတယ်။ သမီးတို့အလုပ်ကတော့ ဆေးရမယ့် ဘီယာပုလင်းအိတ်တွေကို ကားပေါ်ကနေ(၃)ယောက် မပြီးချရတယ်။ တစ်အိတ်ကို ဘီယာပုလင်း (၄၀-၅၀)လောက်ပါတော့ လူသုံးယောက်လောက် ဝိုင်းမရတယ်။ သုံးယောက်ဆိုပေမယ့် အိတ်ကကြီးတော့လက်တွေနာတာပေါ့။ ပြီးရင် အဲ့ဒီပုလင်းတွေကို အနံ့ပျောက်အောင် ဖော့တံတွေနဲ့သေသေချာချာဆေးရတယ်။ တစ်နေကုန် ရေကိုင်ရ၊ အလေးအပင်တွေလည်း မ,ရတော့ အရမ်းပင်ပန်းပြီး ခဏခဏ နေမကောင်းဖြစ်တယ်။ နေမကောင်းဖြစ်ပြီး ကိုယ်လက်တွေ ကိုက်ခဲလာတဲ့အခါ အမေမသိအောင် ဆေးသောက်ပြီး မနက်ဆို အလုပ်ပြန်သွားရတာပေါ့။ အမေစိတ်မကောင်းဖြစ်မှာစိုးလို့ အလုပ်မှာပင်ပန်းတဲ့အကြောင်း အမေ့ကို တစ်ခါမှ မပြောပြဖြစ်ပါဘူး။

သမီးအဲ့ဒီအလုပ်မှာ (၄)လလောက်လုပ်ပြီး သမီးအဒေါ်တွေရဲ့ ကုန်ခြောက်ဆိုင်မှာ လုပ်ဖို့ခေါ်တာနဲ့ ဆက်မလုပ်ဖြစ်တော့ဘူး။ အဒေါ်ဆိုင်မှာ တစ်ရက်ကို ၂၀၀၀ နဲ့ တစ်လကျော်လောက်ဝင်လုပ်သေးတယ်။ ဆိုင်မှာဝိုင်းကူလုပ်တာက ပုလင်းဆေးတဲ့ အလုပ်လောက်တော့ အရမ်းမပင်ပန်းဘူးပေ့ါ။ မနက် (၈)နာရီလောက်ကနေ ညနေ(၄)နာရီလောက်ထိ ဆိုင်မှာကူလုပ်ပေးရတာပါ။ အဒေါ်ဆိုင်မှာလုပ်နေရင်းနဲ့ စက်ရုံအသစ်တစ်ခုက နေ့စားအလုပ်သမားတွေခေါ်တာနဲ့ကြုံတော့ အိမ်နားကအမတစ်ယောက်အကူအညီနဲ့ အလုပ်သွားလျှောက်လိုက်တာ အလုပ်ရသွားတယ်။ စက်ရုံကနေ့စားခေါ်တာဆိုတော့ အင်တာဗျူးဖြေစရာမလိုဘူးလေ။ ဒါပေမယ့် အသက်ပြည့်ကြောင်း မှတ်ပုံတင်ပြရမယ်ဆိုတော့ သမီးက အသက်မပြည့်သေးသလို မှတ်ပုံတင်လည်းမရှိသေးတော့ အသိ အမတစ်ယောက်ရဲ့ မှတ်ပုံတင်ကိုငှားပြီးဝင်လျှောက်ရတာပေ့ါ။ အလုပ်လျှောက်တဲ့နေ့မှာပဲ သမီးကိုသူတို့က အစမ်းခိုင်းကြည့်တော့ သဘောကျတာနဲ့ အဲ့ဒီနေ့ပဲ အလုပ်ရသွားတယ်။ တစ်နေ့ကို အလုပ်ချိန်က မနက်(၇)နာရီခွဲကနေ ညနေ(၆)နာရီခွဲအထိ ဆိုတော့ (၁၁)နာရီလောက်လုပ်ရတယ်။ စက်ရုံမှာ သမီးအလုပ်က ဂျာကင်အကျႌတွေထဲကို ဝါဖလွှန်တွေ ထည့်ပေးရတာလေ။ နေ့စားလုပ်အားခအနေနဲ့ တစ်နေ့ကို(၄ထောင်)ရတယ်။ အချိန်ပိုရှိတဲ့နေ့ဆို (၅ထောင်)ရတယ်။ တစ်နေကုန် မထိုင်ရဘဲ မတ်တပ်ရပ်ပြီး လုပ်ရတာဆိုတော့ ခြေထောက်တွေလည်းညောင်း၊ ခေါင်းတွေအုံပြီး ဇက်ကြောတွေလည်းတက်တော့ အရမ်းပင်ပမ်းတယ်။ အခုဆိုဒီစက်ရုံမှာလုပ်နေတာ (၆)လလောက်တော့ရှိပြီ။ သမီးက အလုပ်ကိုသေသေချာချာလုပ်ပေးတော့ အလုပ်ကလူကြီးတွေနဲ့ အဆင်ပြေပါတယ်။

အရင်တုန်းက သမီးက တက္ကသိုလ်မှာဆရာမဖြစ်ချင်ခဲ့တာ။ အဲ့ဒါကြောင့် ကျောင်းတက်တုန်းက စာအရမ်းကြိုးစားခဲ့တယ်။ အတန်းထဲမှာလည်း အမြဲတမ်း အဆင့်(၁)ရတယ်။ အခု ကိုဗစ်တွေပြီးလို့ ကျောင်းတွေပြန်ဖွင့်နေပြီဆိုပေမယ့် အမေကလည်း ကျန်းမာရေးမကောင်း၊ အဖေကလည်း အသက်ကြီးပြီဆိုတော့ အလုပ်သိပ်မလုပ်နိုင်တော့တဲ့အခြေအနေမှာ သမီးကျောင်းပြန်တက်ဖို့က မဖြစ်နိုင်တော့ပါဘူး။ ကျောင်းမတက်ရတော့ပေမယ့် စက်ချုပ်ပညာလေးတော့ သင်ချင်တယ်။ နောက်ပိုင်းစက်ချုပ်တတ်လာတဲ့အခါ ကိုယ်ပိုင်အပ်ချုပ်စက်လေးနဲ့ အိမ်မှာပဲစက်ချုပ်ပြီး မိဘတွေနဲ့အတူတူ ကိုယ်ပိုင်အိမ်လေးနဲ့ အေးအေးချမ်းချမ်းနေသွားချင်ပါတယ်။ ဒါပေမယ့် အပ်ချုပ်စက်ဝယ်ဖို့ကလည်း ပိုက်ဆံတွေတော်တော်စုရဦးမှာလေ။ နောက်ပိုင်း သမီး အသက်ပြည့်တဲ့ အချိန်ကျရင် နိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး ပိုက်ဆံလည်းစုချင်သေးတယ်။ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့လည်း အသက်ကြီးပြီး မကျန်းမာတဲ့ မိဘတွေကိုထားခဲ့ဖို့က စိတ်မချပြန်ဘူး။ အခုအချိန်မှာသမီးကအသက်လည်းမပြည့်သေးတော့ နိုင်ငံခြားသွားဖို့ကလည်း မဖြစ်နိုင်သေးပါဘူး။ လောလောဆယ်တော့ ဒီစက်ရုံမှာပဲ မိသားစုစားဝတ်နေရေး အဆင်ပြေအောင် ဆက်လုပ်ရအုံးမှာပေ့ါ။ အခုလောလောဆယ်တော့ ဒီလိုပဲ စိတ်ကူးထားပါတယ်။ ဒါပေမယ့် သမီးစိတ်ကူးထားတာတွေ ဖြစ်မလာဘူးဆိုလည်းရပါတယ်။ သမီးကတော့ အခွင့်အရေးတွေရရင်ရသလို သမီးဘဝကို ဒီထက်ပိုပြီးတိုးတက်အောင် ကြိုးစားသွားမယ်လို့ဆုံးဖြတ်ထားပါတယ်။




**တီဒီအိတ်ချ် မြန်မာရုံး**
အမှတ်-၁၁၃၊ သီရိမင်္ဂလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၅၆၀၉၂ / ၀၉ ၇၃၂၁၄၈၉၀
ဖက်စ် - ၀၁ ၆၅၆၀၉၂ (လိုင်းခွဲ-၁၄)
https://www.tdh.org/en/our-impact/asia